မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၄)
အမှတ် (၁၀၅)

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ အင်္ဂါနေ့။

စကားအရာအင်္ဂါ (၅) တန်

(၁) ပြောသင့်သောအချိန်၌ ပြောဆိုရခြင်း၊
(၂) အမှန်ကိုသာ ပြောဆိုရခြင်း၊
(၃) နူးညံ့ချိုသာစွာ ပြောဆိုရခြင်း၊
(၄) အကျိုးစီးပွားနှင့်စပ်သောစကားကို ပြောဆိုရခြင်း၊
(၅) မေတ္တာရှေ့ထား ပြောဆိုရခြင်း။

နိုင်ငံရေးဆွေးနွေးပွဲများသည် မိမိတို့၏ ဘုံရည်မှန်းချက်ဖြစ်သော ဒီမိုကရေစီထွန်းကားသည့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးကို တည်ဆောက်ရေးအတွက်ပင်ဖြစ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၂

နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ ကျင်းပသည်။

ယင်းဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးသန်းတင်၊ ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ်အဖွဲ့ (FDA)မှ ဦးခင်မောင်ဆွေ၊ ညီနောင်တိုင်းရင်းသားများပါတီဖက်ဒရေးရှင်း(NBF)မှ ဦးစိုင်းအိုက်ပေါင်း၊ ညီညွတ်သောတိုင်းရင်းသားများ မဟာမိတ်အဖွဲ့(UNA)မှ ဦးခွန်ထွန်းဦး၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားပါတီများမှ *စာမျက်နှာ ၈ ကော်လံ ၁* ❐

မိမိတို့အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကြိုးပမ်းဆောင်ရွက်နေခြင်းသည် နောင်တာဝန်ယူမည့် အစိုးရအဆက်ဆက်လက်ထက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုအဆင်ပြေပြေနှင့် ချောချောမွေ့မွေ့ဆက်လက်ဆောင်ရွက်နိုင်ရန် အခြေခံအုတ်မြစ်တစ်ခုချပေးနိုင်ရေးဟူသည့် သဘောရိုးနှင့် ဆောင်ရွက်နေခြင်းဖြစ်

ပြည်ပရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်နိုင်

သတင်း-ဝေယံဦး

ရန်ကုန် ဇန်နဝါရီ ၁၂

နိုင်ငံတကာနှင့်ရင်းနှီးပွင့်လင်းစွာဆက်ဆံလာမှု၊ အပြန်အလှန်ကုန်သွယ်မှုများ ဆောင်ရွက်လာနိုင်မှုကြောင့် မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာငါးဘီလီယံကျော် ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသည့် ကုမ္ပဏီများမှာ အာရှနိုင်ငံများမှ အများဆုံးရှိနေပြီး တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံတို့ အများဆုံးရှိနေသည်။ အမေရိကန်နိုင်ငံမှ ကုမ္ပဏီများမှာ တောင်ကိုရီးယားနှင့် စင်ကာပူနိုင်ငံများမှတစ်ဆင့်လုပ်ငန်းခွဲများအဖြစ် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေခြင်းဖြစ်သည်။ *စာမျက်နှာ ၁၀ ကော်လံ ၃* ❈

နိုင်ငံတကာ

နယ်စပ်ဖြတ်ကျော်မှုးယစ်ဂိုဏ်း တရုတ်ရဲများဖမ်းဆီး

စာမျက်နှာ ❖ ၄

ဆောင်းပါး

မဏ္ဍိုင်များအကြား ဆက်ဆံရေးနှင့် ပြိုင်ဘက်နိုင်ငံရေးစနစ်

စာမျက်နှာ ❖ ၆

အားကစား

မန်ယူအိမ်ကွင်း ၂၇ နှစ်အတွင်း ဆောက်သမ်တန်အနိုင်ယူ

စာမျက်နှာ ❖ ၁၃

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဝက်သက်နှင့် ဂျိုက်သိုးကာကွယ်ဆေး ကလေးအားလုံးထိုးနှံပေး

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းသက်တမ်းစေ့ နေထိုင်နိုင်ရေး ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေသကဲ့သို့ အခါအားလျော်စွာ ရောဂါများမဖြစ်ပွားအောင် ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများကိုလည်း နှစ်အလိုက်စီမံချက်များချမှတ်ကာ ဆောင်ရွက်လျက်ရှိပါသည်။ များမကြာမီက လူအားလုံးဆေးကျွေးဆင်ခြေထောက်ကာကွယ်ဆေး တိုက်ကျွေးခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ပြီးနောက် ယခုအခါ နိုင်ငံတစ်ဝန်းဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။

နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး နှစ်မျိုးစပ်ဆေးတစ်ချောင်းတည်း ထိုးခြင်းဖြင့် ကလေးများကို ထိုရောဂါနှစ်မျိုးစလုံးမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။ ဤအစီအစဉ်ကို ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ဆေးထိုးစုရပ်များတွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခင်က ဝက်သက်ရောဂါသို့မဟုတ် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးဖူးသည်ဖြစ်စေ၊ မထိုးဖူးသည်ဖြစ်စေ အသက်ကိုးလမှ ၁၅ နှစ်အတွင်း ကလေးအားလုံးကို ကာကွယ်ဆေးထိုးရန် လိုအပ်ပါသည်။

ဝက်သက်ရောဂါသည် ဝက်သက်ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပြီး အလွန်ကူးစက်မြန်သည့်ရောဂါဖြစ်ပါသည်။ အပြင်းဖျားခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ မျက်လုံးနီလျက် မျက်ဝတ်ထွက်ခြင်းနှင့် ခန္ဓာကိုယ်အနှံ့ အနီရောင်အပိမ့်များထွက်ခြင်း စသည့် လက္ခဏာများဖြစ်ပွားတတ်ပါသည်။ ပြင်းထန်စွာ ရောဂါခံစားရပါက မျက်စိကွယ်ခြင်း၊ ဦးနှောက်ရောင်ရမ်းခြင်း၊ ဝမ်းလျှောပြီး ပြင်းထန်စွာ အရည်ခန်းခြောက်ခြင်း၊ နားပြည်ယိုခြင်းနှင့် အဆုတ်ရောင်ခြင်း(နမိုးနီးယား)များကို ဖြစ်ပွားစေတတ်သောရောဂါတစ်မျိုးဖြစ်ပါသည်။ ဝက်သက်ရောဂါကာကွယ်ဆေးမထိုးဖူးသော၊ ထိုးပြီးသော်လည်း ခုခံအားမဖြစ်ပေါ်သော မည်သူမဆို ရောဂါကူးစက်ခံရနိုင်ပါသည်။

ဂျိုက်သိုးရောဂါသည် ဂျိုက်သိုးရောဂါဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ပျံ့နှံ့ပါသည်။ သာမန်ဖျားခြင်း၊ အနီရောင်အပိမ့်များထွက်ခြင်း၊ မျက်လုံးနီခြင်းနှင့် ချောင်းဆိုးခြင်းလက္ခဏာများဖြစ်လေ့ရှိပါသည်။ ဂျိုက်သိုးရောဂါကာကွယ်ဆေးမထိုးဖူးသော မည်သူမဆိုရောဂါကူးစက်ခံရနိုင်ပါသည်။ မိန်းကလေးများ ကိုယ်ဝန်ဆောင်ချိန်တွင် ဂျိုက်သိုးရောဂါကူးစက်ခံရပါက ကိုယ်ဝန်ပျက်ခြင်း၊ ကလေးသေဆုံးခြင်းနှင့် သန္ဓေသားတွင် မွေးရာပါဂျိုက်သိုးရောဂါ လက္ခဏာစုများဖြစ်ပွားတတ်ပါသည်။ မွေးရာပါဂျိုက်သိုးရောဂါလက္ခဏာစု ဆိုသည်မှာ နားမကြားခြင်း၊ ဆွံ့အခြင်း၊ မျက်စိမမြင်ခြင်း၊ ဦးခေါင်း သေးခြင်း၊ ဉာဏ်ရည်မမီခြင်း၊ ဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ဦးနှောက်နှင့် ဦးနှောက်အမြှေးရောင်ခြင်း၊ မွေးရာပါနှလုံးရောဂါ၊ အသည်းနှင့် ဗေလုံးကြီးခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။ သို့ပါ၍ ကလေးများအားလုံး ဝက်သက်နှင့်ဂျိုက်သိုးကာကွယ်ဆေးများ မဖြစ်မနေ ထိုးနှံပေးရန် မိဘများကအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

(၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၂

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

တူရကီသမ္မတနိုင်ငံ

တူရကီနိုင်ငံသမ္မတ မစ္စတာ ရီဆက်တေယစ်အာဒိုဂန်က အနာဂတ်ကာလတွင် နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်အကျိုးကို အခြေခံလျက် တူရကီနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် မိမိအနေဖြင့် စစ်မှန်သော ဆန္ဒရှိပါသည်။

မြန်မာပြည်သူပြည်သားများ ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု ဖော်ပြပါရှိသည်။

တူရကီသမ္မတနိုင်ငံ

အလားတူ တူရကီနိုင်ငံဝန်ကြီးချုပ် မစ္စတာ အာမက်ဒါဘူတိုဂလူးက တူရကီနှင့် မြန်မာနှစ်နိုင်ငံ အပြန်အလှန်အကျိုးအတွက် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဆန္ဒရှိပါကြောင်း သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

အိန္ဒိယသမ္မတနိုင်ငံ

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီက ပေးပို့သည့်သဝဏ်လွှာတွင် အဆွေတော်၏ ဦးဆောင်မှုအောက်တွင် နှစ်နိုင်ငံအကြားရှိ နယ်ပယ်စုံဆက်ဆံရေးတို့၌ ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုတိုးတက်ကျယ်ပြန့်လာပါသည်။

နှစ်နိုင်ငံဆက်ဆံရေးအပေါ်ထားရှိသော အဆွေတော်၏ သဘောထားအမြင်တို့က မိမိတို့နှစ်နိုင်ငံအကြားရှိ မိတ်ဖက်ပေါင်းစည်းမှု အလားအလာ အပေါ်ထားရှိသည့် မိမိ၏ယုံကြည်ချက်ကို အားသစ်လောင်းပေးနိုင်ခဲ့ပါသည်။ အိန္ဒိယ-မြန်မာ မိတ်ဖက်ဆက်ဆံရေးကို အရှိန်အဟုန်သစ်ဖြင့် မြှင့်တင်နိုင်ရေးအတွက် အဆွေတော်နှင့် အတူတကွ ဆောင်ရွက်သွားနိုင်ရန် မိမိအနေဖြင့် မျှော်မှန်းထားပါသည်။

မိမိတို့အနေဖြင့် ၂၀၁၅ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ အိန္ဒိယနိုင်ငံ ခရီးစဉ်ကိုလည်း ကြိုဆိုလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

(၆၃)နှစ်မြောက် ကယားပြည်နယ်နေ့ ပြခန်းများဖွင့်

လွိုင်ကော် ဇန်နဝါရီ ၁၂

(၆၃)နှစ်မြောက် ကယားပြည်နယ်နေ့ ပြခန်းများဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်က လွိုင်ကော်မြို့ ကန္တရဝတီပွဲတော်ကွင်း၌ ကျင်းပသည်။ ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်လွှတ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစောဟူးဟူးနှင့် လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းတို့က (၆၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဇန်နဝါရီ ၁၂ ရက်တွင် လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဘတ်စကက်ဘော အားကစားရုံ၌ ဘတ်စကက်ဘောအားကစားနည်းကို လည်းကောင်း၊ ပြည်နယ်မီးသတ်ဦးစီးဌာန မှူးရုံးတွင် စစ်တုရင်ပြိုင်ပွဲကို လည်းကောင်း၊ ကန္တရဝတီ အားကစားကွင်း၌ ဘော်လီဘော ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပလျက်ရှိကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

အဆိုပါ ပြခန်းများတွင် (၆၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဗဟိုပြခန်းအပါအဝင် ပြခန်းပေါင်း ၂၀ ကျော်ကို တိုင်းရင်းသားပြည်သူများ အလွယ်တကူဝင်ရောက်ကြည့်ရှု လေ့လာနိုင်ရန်ခင်းကျင်းပြသထားကြောင်း သိရသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးသည် လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက်ရှိ ပြည်နယ်အားကစားရုံ၌ ကျင်းပသည့် (၆၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် တိုက်ကွမ်ဒိုပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ကယားပြည်နယ် လက်ရွေးစင် တိုက်ကွမ်ဒိုအားကစားသမားများက တိုက်ကွမ်ဒိုအားကစားနည်းကိုသရုပ်ပြကာ ပြိုင်ပွဲများကို ဆက်လက်ကျင်းပကြသည်။

PUN HLAING HOSPITAL
မြန်မာနိုင်ငံနှင့်အီတလီနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု
LIKE US ON facebook Pun Hlaing Hospital

သည်းခြေအိတ်နှင့် သည်းခြေကျောက်များကို ခွဲစိတ်ကုသခြင်း
အူကျွံပေါက်ကို ဖာထေးခြင်းဖြင့် အူကျွံနာကို ခွဲစိတ်ပြုပြင်ခြင်း
အစာအိမ်နှင့် အူလမ်းကြောင်းကင်ဆာများကို ခွဲစိတ်ကုသခြင်း
လိပ်ခေါင်းရောဂါ ခွဲစိတ်ကုသခြင်း

ဇန်နဝါရီလ (၁၆) ရက်မှ (၂၈) ရက်နေ့အထိ

ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : marketing-phih@spa-mm.com

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ ပြုလုပ်ခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးမေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့ သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်းပြည်ပသတင်းထောက် ၇၀ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

၁၂-၁-၂၀၁၅

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

မိုးလေဝသနှင့်
ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

ရလဒ်ကောင်းများဖြင့် နိုင်ငံရေးဆွေးနွေးပွဲဆီသို့

တွေ့ဆုံမေးမြန်း-ကျော်သူဝင်း
ကလျာမိုးမြင့်(မြန်မာ့အလင်း)
ဓာတ်ပုံ-သက်ထက်

နေပြည်တော် ဇန်နဝါရီ ၁၂

နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ် ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ပြုလုပ်ခဲ့သည်။

ဦးခွန်သန်းမြင့်(ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ကရင်ပြည်နယ်)

ဦးစောအောင်ကျော်သိန်း(ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ မွန်ပြည်နယ်)

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားကိုယ်စားလှယ် ခေါင်းဆောင်အချို့နှင့် ဆွေးနွေးပွဲအပြီးတွင် မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

ဦးခွန်သန်းမြင့်(ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ကရင်ပြည်နယ်)

နိုင်ငံတော်သမ္မတနှင့်တွေ့ဆုံပွဲကို တိုင်းရင်းသားခေါင်းဆောင်ကိုယ်စားလှယ် ၄၈ ဦးတက်ရောက်ပါတယ်။ ဒီလို တိုင်းရင်းသားခေါင်းဆောင်တွေနဲ့တွေ့ဆုံတာဟာ အလွန်ကောင်းတဲ့လုပ်ရပ်ပါ။ အဆင့်တိုင်းမှာ ညင်သာစွာပြောင်းလဲဖို့လိုပါတယ်။ အခုအချိန်မှာ မြန်မာနိုင်ငံရဲ့ပြောင်းလဲမှုကို ကမ္ဘာက ချီးကျူးနေရပါတယ်။ အပစ်အခတ်ရပ်စဲရေးနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေလည်း အတော် ခရီးရောက်နေပါပြီ။ သမ္မတကြီးရဲ့ ရည်မှန်းချက်က ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးနိုင်မယ်လို့ ယုံကြည်ပါတယ်။

ပင်လုံစာချုပ်လို သမိုင်းဝင်နေ့မှာ ဒုတိယအကြိမ် အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးနိုင်အောင် ဆွေးနွေးခဲ့ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာလည်း လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ဖို့အပြင် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးဖို့လည်း အရေးကြီးပါတယ်။ တရားဥပဒေစိုးမိုးမှု/ တည်ငြိမ်မှုမရှိရင် ဘက်လိုက်မှုရှိနိုင်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားခေါင်းဆောင်တွေ၊ ပါတီတွေ၊ ပြည်သူတွေအားလုံးမှာ တာဝန်ရှိပါတယ်။ ဒီနေ့အားလုံးရဲ့ ဆွေးနွေးတင်ပြမှုတွေအပေါ်မှာ သဘောတူညီမှုတွေရှိသလို မတူညီတာတွေလည်း ရှိပါတယ်။

ဦးစောအောင်ကျော်သိန်း(ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ မွန်ပြည်နယ်)

ဒီတွေ့ဆုံပွဲမှာ အချက်သုံးချက်နဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဖြစ်ထွန်းစေရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ ဆွေးနွေးပွဲ၊ လွတ်လပ်ပြီး တရားမျှတသော ၂၀၁၅ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး၊ ညင်သာသော အသွင်ကူးပြောင်းမှု နိုင်ငံရေးလုပ်ငန်းစဉ်များ ပေါ်ပေါက်ရေးနဲ့ ကြားကာလတည်ငြိမ်မှုရှိရေး အပါအဝင် နိုင်ငံရေးကိစ္စများ ဆွေးနွေးဖို့နဲ့ လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေး စတဲ့အရေးကြီးတဲ့ကိစ္စတွေကို စနစ်တကျ ဆောင်ရွက်နိုင်ဖို့လိုတယ်။ အခြေခံဥပဒေနဲ့ မဆန့်ကျင်တဲ့ တိုင်းရင်းသားတို့၏ အခွင့်အရေးများ တောင်းဆိုမှုလမ်းကြောင်းပေါ် ရောက်ရှိအောင် ပြုလုပ်ပေးဖို့လိုအပ်ပါတယ်။ ငြိမ်းချမ်း ရေးကိုအခြေခံတဲ့ နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ဖို့လိုအပ်ပါတယ်။ တိုင်းရင်းသားများ တောင်းဆိုထားတဲ့ ဖက်ဒရယ်ပြည်ထောင်စုနဲ့ တရားမျှတမှုရှိတဲ့ နိုင်ငံရေးအရ တောင်းဆိုမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လုပ်နိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းခြင်းဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲအတွက် မဲစာရင်းပြင်ဆင်ရာမှာ ပြည်သူအားလုံး မဲပေးနိုင်ရေးအတွက် ပြည့်စုံမှန်ကန်စွာ ကောက်ယူနိုင်ဖို့ လိုပါတယ်။ အားနည်းချက်အားသာချက် စတာတွေကို ပူးပေါင်းပါဝင်တဲ့စနစ်နဲ့ မဲစာရင်းများကောက်ယူရန်လိုပါတယ်။

ဦးမန်းသန်းရွှေ(ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး)

ကျွန်တော်တို့ တိုင်းပြည်ဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်လို့ လယ်ယာလုပ်ငန်းလုပ်ကိုင်သူအများစု ပါဝင်ပါတယ်။ တောင်သူလယ်သမားတွေ လယ်ယာပြဿနာ ရင်ဆိုင်နေရပါတယ်။ ငွေကြေးရှင်တွေနဲ့ တာဝန်ရှိသူတချို့ကြောင့် လယ်ယာမြေတွေဆုံးရှုံးရပါတယ်။ လယ်ယာမြေဥပဒေဆွေးနွေးရာတွင် ဘာကြောင့်သိမ်းဆည်းခံရသလဲ၊ လယ်ပေါင်ယာပေါင်နဲ့ ကျန်းမာရေးကိစ္စဖြေရှင်းရတဲ့အတွက် တာဝန်မကျေစပါးမသွင်းနိုင်လို့ မြေသိမ်းခံရပါတယ်၊ နောက်ပြီး ချေးငွေက အတိုးအဆမတန်တက်လာပြီး မဆပ်နိုင်လို့ လယ်ဆုံး၊ ယာဆုံးနဲ့ လယ်ယာလက်မဲ့ဖြစ်ခြင်း စတဲ့အကြောင်းတရားကိုသိရှိမှ ဖြေရှင်းနိုင်မှာဖြစ်တယ်။ အုပ်ချုပ်မှုစနစ်မှာ ဗဟိုချုပ်ကိုင်မှု များနေတဲ့အတွက် ဖြေလျှော့သင့်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အဲဒီပြဿနာကိုဖြေရှင်းရာမှာ တော်တော်နဲ့ အဖြေမထွက်နိုင်၊ စည်းလုံးညီညွတ်ရေးနဲ့ပတ်သက်ပြီး ယုံကြည်မှုတည်ဆောက်ရာမှာ တိုင်းရင်းသားလူမျိုးများ ရသင့်တဲ့အခွင့်အရေးတွေ ရအောင် လုပ်ပေးသင့်ပါတယ်။ ယနေ့ ဘယ်ပါတီက လုပ်ဆောင်မှုကောင်းတယ်၊ ဆိုးတယ်ဆိုတာကို မဆုံးဖြတ်နိုင်ပါဘူး။ ဒီနေ့ ဆွေးနွေးပွဲသည် ကောင်းမွန်ပြီး အားရကျေနပ်မှု အများကြီးရှိပါတယ်။ နောင် ဆွေးနွေးပွဲတွေမှာလည်း တိုင်းရင်းသားရေးရာဝန်ကြီးတွေကို ဖိတ်ခေါ်စေလိုပါတယ်။ အဲဒီလို ဆွေးနွေးပွဲ တက်ရောက်နိုင်မှ အမြင်ချင်းဖလှယ်၊ ဆွေးနွေးတိုင်ပင်ကာ အမှားနည်းပြီး အမှန်ကို ရောက်စေမှာဖြစ်ပါတယ်။

ဦးမန်းသန်းရွှေ (ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး)

ဦးဇော်အေးမောင်(ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး)

ဦးဇော်အေးမောင် (ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး)

ကျွန်တော့်အနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးတို့နဲ့ပတ်သက်ပြီး reform လုပ်ဖို့ အပြုသဘောနဲ့ ဆွေးနွေးခဲ့ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်လို့ မကြာခင်မှာ political dialogue တစ်ခု အမြန်ဆုံးစတင်နိုင်ဖို့ အကြံပြုခဲ့ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်တစ်ပြည်နယ်လုံးမဲပေးနိုင်ဖို့ ဥပဒေပြင်ဆင်မှုပြုလုပ်ပေးဖို့လည်း တိုက်တွန်းပြောကြားခဲ့ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲဖြစ်ဖို့ White Card တွေ မဲပေးခွင့်ပြုထားတာနဲ့ပတ်သက်ပြီး ဥပဒေကို ပြန်လည်ပြင်ဆင်ဖို့လိုတယ်။ ကမ္ဘာပေါ်မှာ လူ့အခွင့်အရေး ရပိုင်ခွင့်အမြင့်ဆုံး စံသတ်မှတ်ထားတဲ့ အမေရိကန်နိုင်ငံမှာတောင်မှ White Card ထက်မြင့်တဲ့ Green Card ရှိတယ်။ Green Card ဆိုတာ တရားဝင်အလုပ်လုပ်နိုင်ခွင့်၊ အခွန်ဆောင်ခွင့်၊ တရားဝင်နေထိုင်ခွင့်နဲ့ မြေ၊ အိမ်ရာဝယ်ခွင့်ရှိတယ်။ နိုင်ငံကနေထွက်သွားပြီး ပြန်လာရင် ဗီဇာယူစရာမလိုဘူး။ နိုင်ငံသားအဆင့်လောက်ရှိတယ်။ အဲဒီလို အခွင့်အရေးရှိသူတွေတောင် မဲပေးခွင့်မရှိဘူး။ White Card ၁၉၈၂ နိုင်ငံသားဥပဒေအရစိစစ်ပြီး နိုင်ငံသားဖြစ်သင့်သူကိုပေးလိုက်ဖို့လိုတယ်။

လူဦးရေများပြားတဲ့ နိုင်ငံတွေကြားမှာ ကျွန်တော်တို့ နိုင်ငံရှိတယ်။ ဒါကြောင့် တခြားနိုင်ငံတွေက ဝင်ချင်သလိုဝင် ထွက်ချင်သလို ထွက်ကြမယ်၊ နိုင်ငံမှာ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေး အာဏာ မပါဝင်ဘဲ လူတိုင်းကို မဲပေးမယ်ဆိုရင် နိုင်ငံရဲ့ identity ပျောက်မှာ စိုးရိမ်ရပါတယ်။ ဒါကြောင့် ပြန်လည်သုံးသပ်ပြင်ဆင်ဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို လုပ်ပိုင်ခွင့်ပေးဖို့၊ infrastructure တွေ တည်ဆောက်ပေးဖို့ တင်ပြခဲ့တယ်။

ပြည်ထောင်စု အစိုးရကချမှတ်တဲ့မူဝါဒကို အမှန်တကယ်အကောင်အထည်ဖော်ရတာဟာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး စိန်ခေါ်မှုတွေရှိလာတယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာ ကျွန်တော်တို့ ရခိုင်ပြည်နယ် မကျန်ခဲ့စေချင်ပါဘူး။ ၂၀၁၄ မှာ တည်ငြိမ်နေတဲ့ လူမျိုးရေးပဋိပက္ခကို နိုင်ငံတကာအဖွဲ့အစည်းတွေက ပြန်ဆွနေကြတယ်။ ဘယ်အခွင့်အရေးပေးရမယ်၊ ဘယ်သူ့ကို နိုင်ငံသားပေးရမယ် စသဖြင့်ပေါ့။ ရခိုင်ပြည်နယ် မတည်မငြိမ်ဖြစ်ခဲ့ရင် ရခိုင်ပြည်နယ်သားတွေ မဲမပေးရဘဲ ကျန်ခဲ့မှာကို မလိုလားပါဘူး။ ဒါကြောင့် ဒီကိစ္စကို ရခိုင်ပြည်သူတွေနဲ့ အစိုးရတို့ ပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းခဲ့ပါတယ်။

နိုင်ငံတကာသတင်း

အိန္ဒိယ-အမေရိကန်ဆက်ဆံရေး ပိုမိုခိုင်မာလာစေရန် ဂျွန်ကယ်ရီတိုက်တွန်း

နယူးဒေလီ ဇန်နဝါရီ ၁၂

ယခုလအတွင်း အမေရိကန်သမ္မတ၏ အိန္ဒိယခရီးစဉ်မတိုင်မီ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ အစည်းအဝေး၌ အမေရိကန်-အိန္ဒိယကုန်သွယ်မှု ဆက်ဆံရေးပိုမိုအားကောင်းလာစေရေးအတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက တိုက်တွန်းခဲ့သည်။ စီးပွားရေးအရ ဆက်ဆံရေး ပိုမိုကောင်းမွန်လာခြင်းသည် အိန္ဒိယနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု မြင့်တင်ရေးနှင့် ရာသီဥတုပြောင်းလဲမှုများ ကိုင်တွယ်ဖြေရှင်းရေးတို့တွင် များစွာအထောက်အကူပြုမည်ဟု မစ္စတာကယ်ရီကပြောခဲ့သည်။

နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများသည် ယခုအခါတွင် ကန်ဒေါ်လာ ၃၀ ဘီလီယံနီးပါးရှိလာပြီဖြစ်သည်။

ဇန်နဝါရီ ၂၆ ရက်နေ့တွင် ကျင်းပမည့် အိန္ဒိယနိုင်ငံ သမ္မတနိုင်ငံနေ့အထိမ်းအမှတ် အခမ်းအနားတွင် သမ္မတအိုဘားမား အထူးဧည့်သည်အဖြစ် တက်ရောက်မည်ဖြစ်သည်။ တနင်္ဂနွေနေ့က အိန္ဒိယနိုင်ငံ အနောက်ပိုင်း၌ကျင်းပသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစည်းအဝေးတွင် မစ္စတာကယ်ရီက အိန္ဒိယဝန်ကြီးချုပ်အား ထက်မြက်ပြီးအမြော်အမြင်ရှိသော ဝန်ကြီးချုပ်ဟူ၍ ချီးကျူးပြောကြားခဲ့သည်။

ယင်းအစည်းအဝေးတွင် အိန္ဒိယဝန်ကြီးချုပ်သည် ကြိုးနီစနစ်ကို ဖြတ်တောက်ပြီး ကောင်းမွန်သော မူဝါဒများချမှတ်ကာ တိကျသော အခွန်သတ်မှတ်၍ အိန္ဒိယနိုင်ငံကို စီးပွားရေးပြုလုပ်ရန် အလွယ်ကူဆုံးနှင့် အကောင်းမွန်ဆုံးနေရာဖြစ်အောင် ပြုလုပ်မည်ဟုကတိပြုခဲ့သည်။ထို့အပြင် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အမြန်ဆုံးပြီးစီးအောင် ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

တာလီဘန်တိုက်ခိုက်မှုကြောင့် ပိတ်ထားခဲ့ရသည့် စာသင်ကျောင်းများပြန်လည်ဖွင့်

ပက်ရှ်ဝါ ဇန်နဝါရီ ၁၂

ပြီးခဲ့သည့်လက ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ လူပေါင်း ၁၄၀ ကျော် သေဆုံးမှုကြောင့် ပိတ်ထားခဲ့ရသော စာသင်ကျောင်းများတွင် ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများပထမဆုံး ပြန်လည်တက်ရောက်ကြပြီ ဖြစ်သည်။

၎င်းတို့သည် တာလီဘန်များ၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူများအတွက် အောက်မေ့ဖွယ်အခမ်းအနားတစ်ခု ပြုလုပ်မည်ဖြစ်သည်။

ဒီဇင်ဘာ ၁၆ ရက်က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုကြောင့် ပိတ်ထားခဲ့ရသည့် နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုသည် ၂၀၁၄ ခုနှစ် ဇွန်လကစတင်ခဲ့သည့် မြောက်ဝါဇီရစ္စတန်နှင့် ခိုင်ဘာဒေသအနီး၌ ပါကစ္စတန်အစိုးရ၏ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့မှုကို လက်တုံ့ပြန်ခဲ့ခြင်းဖြစ်ကြောင်း တာလီဘန်တို့က ပြောခဲ့သည်။

စာသင်ကျောင်းများ တိုက်ခိုက်ခံရမှုကို ကမ္ဘာတစ်ဝန်းလုံးက အပြစ်တင်ရှုတ်ချခဲ့သလို အာဖဂန်နစ္စတန်တွင်ရှိနေသော တာလီဘန်များကလည်း ဝေဖန်ခဲ့ကြသည်။

ယင်း တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်ပိုင်း နိုင်ငံတစ်ဝန်းရှိစာသင်ကျောင်းများ၌ လုံခြုံရေးတိုးမြှင့်ချထားခဲ့သည်။

ပုံးများသို့ဝှက်ထားသည့် အင်္ကျီများကိုဝတ်ဆင်ထားသည့် တာလီဘန် ခုနစ်ဦးသည် စာသင်ခန်းများအတွင်း ဝင်ရောက်ကာ အသေခံဗုံးခွဲတိုက် ခိုက်ခဲ့ရာ ၁၄၁ ဦးသေဆုံးခဲ့ပြီး ၁၂၀ ကျော်ဒဏ်ရာရရှိခဲ့သည်။ သေဆုံး သူများအနက် ၁၃၂ ဦးမှာ ကလေး ငယ်များ ဖြစ်ကြသည်။

ပက်ရှ်ဝါမြို့ တပ်စခန်းအနီးရှိ အဆိုပါစာသင်ကျောင်းတွင် တက်ရောက်နေကြသည့် ကျောင်းသားအများစုမှာ ပါကစ္စတန်တပ်ဖွဲ့ဝင်များ၏ သားသမီးများဖြစ်ကြသည်။

ယခုနှစ်အတွင်း၌ ပက်ရှ်ဝါမြို့သည် အဆိုးရွားဆုံး အကြမ်းဖက်မှုများနှင့် ရင်ဆိုင်နေရသည်။ **(ဘီဘီစီ)**

ရောဂါပိုးရှိသော ဝက်သားရောင်းချသူများ တရုတ်ရဲဖမ်းဆီး

ပေကျင်း ဇန်နဝါရီ ၁၂

ရောဂါပိုးရှိ ဝက်သားများကိုရောင်းချသည်ဟု သံသယရှိသူ လူ ၁၁၀ ကျော်ကို တရုတ်နိုင်ငံရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ပြီး ၎င်းတို့သည် ၂၀၀၈ ခုနှစ်က မွေးမြူရေးသမားများထံမှ ရောဂါကြောင့် သေဆုံးခဲ့သည့်ဝက်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရောင်းချခဲ့သည့်သူများ ဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့က ပြောခဲ့သည်။ ၎င်းတို့သည် မသန့်ရှင်းသောအသားများကို ပြည်နယ် ၁၁ ခုရှိ ဈေးကွက်များသို့ ရောင်းချခဲ့သည်။

အဆိုပါဖြစ်ရပ်သည် တရုတ်နိုင်ငံ၏ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းမှုအဆင့်အတန်းပေါ်တွင် ပြည်သူများ၏ ယုံကြည်မှုကို ပျက်ပြားစေသည်။ **(ဆင်ဟွာ)**

နယ်စပ်ဖြတ်ကျော်မူးယစ်ဂိုဏ်း တရုတ်ရဲများဖမ်းဆီး

ကွမ်ကျိုး ဇန်နဝါရီ ၁၂

အင်ဒိုနီးရှားနိုင်ငံသို့ မူးယစ်ဆေးဝါးမှောင်ခိုကူးသူဟု သံသယဖြစ်ဖွယ်လူ ၁၆ ဦးကို မက်သမ်ဖီတာမင်း ၁၇၂ ကီလိုဂရမ်နှင့်အတူ ဖမ်းဆီးရမိကြောင်း တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံစီရင်စုရှိ ရဲကပြောသည်။

အဓိကသံသယရှိသူနှစ်ဦးဖြစ်သူ ဟူနှင့်ချီယင်အပါအဝင် အခြားရှစ်ဦးကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ရဲများက ဖမ်းဆီးခဲ့ကြောင်း ကွမ်ကျိုးပြည်သူ့လုံခြုံရေးဗျူရိုမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ဇန်နဝါရီ ၅ ရက်တွင် ကွမ်ဒုံး၊ ဟောင်ကောင်နှင့် အင်ဒိုနီးရှားအာဏာပိုင်များပူးပေါင်း၍ အင်ဒိုနီးရှားနိုင်ငံတွင် မူးယစ်မှောင်ခိုကူးသူများဟု သံသယရှိသူကိုးဦးနှင့် မက်သမ်ဖီတာမင်း ၈၆၂ ကီလိုဂရမ် ဖမ်းဆီးရမိခဲ့သည်။ **(ဆင်ဟွာ)**

ပါရီကအလိုရှိနေသော အမျိုးသမီးတစ်ဦး ဆီးရီးယားနိုင်ငံထဲဝင်ရောက်

အန်ကာရာ ဇန်နဝါရီ ၁၂

မကြာသေးမီက ဖြစ်ပွားခဲ့သည့် ပါရီမြို့ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်နွှယ်မှုရှိသည်ဟု သံသယရှိသည့် အမျိုးသမီးတစ်ဦးသည် ဇန်နဝါရီ ၈ ရက်က ဆီးရီးယားနိုင်ငံထဲသို့ ဝင်ရောက်ခဲ့ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး မက်ဗ်လုဒ်ကာဗူဆိုဂလုဒ်က ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားသည်။

ပါရီမြို့ရှိ ကုန်ပဒေသာတိုက်တစ်ခုတွင် ဇန်နဝါရီ ၉ ရက်က ဓားစာခံလေးဦးအား သတ်ဖြတ်ခဲ့သူ အာမီဒီကိုလီဘာလီ၏ အမျိုးသမီးဖြစ်သူ ဟာယက်ဗောင်မီဒင်းသည် ဆီးရီးယားနိုင်ငံထဲသို့ မဝင်ရောက်ခင် ဇန်နဝါရီ ၂ ရက်က မက်ဒရစ်မြို့မှ တူရကီနိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်းဖြင့် နိုင်ငံခြားရေးဝန်ကြီး၏ အဆိုကို နိုင်ငံပိုင်သတင်းအေဂျင်စီဖြစ်သည့် အနာဒိုလူက သတင်းဖော်ပြသည်။

၎င်းသည် တူရကီနိုင်ငံသို့ ရောက်ရှိချိန်က အစ္စတန်ဘူလ်မြို့ ဟိုတယ်တစ်ခုတွင် တည်းခိုခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးက ထပ်မံပြောကြားသည်။

ပါရီမြို့ရှိ အကြမ်းဖက်တိုက်ခိုက်မှုမှာ သေနတ်သမားများက မဂ္ဂဇင်းတိုက်တစ်ခုကို စီးနင်းတိုက်ခိုက်ပြီး လူ ၁၂ ဦး သေဆုံးခဲ့ပြီးနောက် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များက ကိုလီဘာလီဖမ်းဆီးထားသည့် ဓားစာခံ ၁၅ ဦးကို ကယ်တင်နိုင်ခဲ့သည်။ **(ဆင်ဟွာ)**

ဂါဇာကမ်းမြောင်စစ်မဲ့ဇုန်တစ်လျှောက် အီဂျစ်က နေအိမ် ၂၀၀၀ ကျော်ဖြိုချ

ဂါဇာ ဇန်နဝါရီ ၁၂

ဂါဇာကမ်းမြောင်ဒေသတစ်လျှောက် စစ်မဲ့ဇုန်ချဲ့ထွင်ရန်အလို့ငှာ ဆိုင်းနိုင်းကျွန်းဆွယ် ရှိနေအိမ်အလုံး ၂၀၀၀ ကို အီဂျစ်စစ်တပ်က စတင်ဖျက်ဆီးလျက်ရှိသည်။ အီဂျစ်တပ်ဖွဲ့ဝင်များက နယ်စပ်မှ မီတာ ၅၀၀ အတွင်းရှိ အဆောက်အအုံများကို ဖျက်ဆီးလိမ့်မည်ဖြစ်ကြောင်း အီဂျစ်မီဒီယာများက တနင်္ဂနွေနေ့သတင်းတွင် ဖော်ပြသည်။

အဆိုပါ နေအိမ်များဖြိုဖျက်မှုသည် သေနတ်သမားများက အောက်တိုဘာလအတွင်း ၎င်းဒေသရှိ စစ်ဆေးရေးဂိတ်တစ်ခုကို တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်များ များစွာသေဆုံးခဲ့ပြီးနောက် ဒုတိယအကြိမ်မြောက် ဆောင်ရွက်ခြင်းဖြစ်သည်။

ပထမအဆင့်အနေဖြင့် အဆိုပါစစ်မဲ့ဇုန်အတွင်း နေအိမ်အလုံး ၈၀၀ ဖြိုချဖျက်ဆီးခဲ့သည်။ ဂါဇာကမ်းမြောင်ဘက်မှ လူများဝင်ရောက်လာမှုကို တားဆီးသည့်အနေဖြင့် ယင်းကဲ့သို့ဖျက်ဆီးခြင်းဖြစ်သည်ဟု ဆိုသည်။

အီဂျစ်နိုင်ငံ၏ ပထမဆုံး ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ခဲ့သော သမ္မတမိုဟာမက်မော်စီ ရာထူးမှ ဖယ်ရှားခံရပြီးနောက် အီဂျစ်စစ်တပ်က ဂါဇာကမ်းမြောင်ဒေသသို့ ဝင်ရောက်နိုင်သည့် ဥမင်လိုဏ်ခေါင်းများကို လေ့လာစောင့်ကြည့်မှုပို၍ လုပ်ဆောင်ခဲ့သည်။

လက်ရှိအီဂျစ်အစိုးရအနေဖြင့် ယနေ့အထိ လိုဏ်ခေါင်း ၁၆၀၀ ကို ဖြိုချခဲ့ပြီးဖြစ်သည်။

(ပရက်စ်တီဗွီ)

ပန်းမောက်မြို့နယ် စီးမှော်ကျေးရွာ၌ တရားမဝင်ရွှေတူးဖော်နေသော မြေတူးဘက်ဟိုးကားဖမ်းဆီးရမိ

ကသာ ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် စီးမှော်ကျေးရွာအုပ်စုတွင် တရားမဝင်ရွှေမျှောမြေတူး ဘက်ဟိုးကားကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဗန်းမောက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်း၏ ညွှန်ကြားချက်အရ သတ္တုတွင်းစီမံကိန်းတာဝန်ခံ ဦးဇော်ဝမ်း ဦးဆောင်၍ ဗန်းမောက်မြို့မရဲစခန်းမှူး၊ မြို့နယ်ရဲစခန်း၊ သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ထွေ/အုပ်ရုံးနှင့် စီးမှော်ကျေးရွာအုပ်စုတို့မှ တာဝန်ရှိသူများနှင့်အတူ စီးမှော်ရွာလယ်ဦးရွာသွားလမ်းခွဲမြောက်ဘက်(စီးမှော်ရွာနှင့် အလယ်ရွာ)ကြားအရောက်တွင် တရားမဝင် ရွှေတူးဖော်နေသော မြေစာပုံများကို သွားရောက်စစ်ဆေးခဲ့သည်။

ယင်းသို့ စစ်ဆေးရာ ဗန်းမောက်မြို့နယ် လယ်ဦးကျေးရွာနေ ဦးညိုလေး (၄၂/၁၅) နှစ်အား တရားမဝင် ရွှေတူးဖော်နေသူနှင့် တရုတ်နိုင်ငံလုပ် CHAN CHAING အမျိုးအစား (၂၅)ကောင်မှုံ့ခြင်းတွဲလျက် ရေခရပါတစ်စုံ၊ walin အမျိုးအစား (၂၅) ကောင် အင်ဂျင်နှင့်တွဲလျက် ပိုက်တစ်ချောင်း၊ ပိုက်ပျော့အဝါရောင် တစ်ခွေ တပ်ဆင်လျက် တွေ့ရှိ၍ မေးမြန်းရာ ဦးညိုလေး လုပ်ကိုင်နေကြောင်း ပြောပြချက်အရ ဗန်းမောက်မြို့မရဲစခန်းက အမှုဖွင့်၍ ဒုရဲအုပ် ကျော်မင်းထွန်းက စစ်ဆေးဆောင်ရွက်နေစဉ် ဖမ်းဆီးရေးအဖွဲ့သည် ဗန်းမောက်မြို့နယ် အောင်သာကုန်းရွာနေ ကိုဖြိုးကြွယ် (၂၀/၁၅) နှစ်ထံတွင် တရားမဝင် JIANGDOD အင်ဂျင်အမျိုးအစား ၂၅ ကောင် အင်ဂျင်ဟောင်းတစ်လုံး၊ အဝါရောင် ပိုက်ပျော့ ငါးခွေ၊ ခြောက်လက်မ အပြာရောင်ကော်ပိုက် ၁၈ ပေခန့်တစ်လုံး၊ HICACHI အင်ဂျင်အမျိုးအစား လိမ္မော်ရောင် ဘက်ဟိုးကားတစ်စီးကိုတွေ့ရှိသဖြင့် ဗန်းမောက်မြို့မရဲစခန်းတွင် အမှုဖွင့်၍ ဒုရဲအုပ်ကျော်မင်းထွန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲကို

ပြည်တွင်းသတင်း

ငမင်သစ်တောနှင့် ပလွေးသစ်တောကြိုးဝိုင်းများအတွင်းမှ ပိုင်ရှင်မဲ့သစ်များ သိမ်းဆည်း

တောင်တွင်းကြီး ဇန်နဝါရီ ၁၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဘီဝမ်းကုမ္ပဏီ (သစ်တောဧက ၁၀၀၀)တွင် အခြေပြုလျက်ရှိသော မကွေးရဲအကူတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး ချန်ထွန်းအောင်နှင့် သစ်တောဦးစီးဌာန ပူးပေါင်းအဖွဲ့သည် တောင်တွင်းကြီးမြို့နယ် ငမင်သစ်တောကြိုးဝိုင်းနှင့် နေပြည်တော်ကောင်စီ ဥတ္တရသီရိမြို့နယ် ပလွေးသစ်တောကြိုးဝိုင်းအတွင်း တရားမဝင်သစ်များ ရှာဖွေဖော်ထုတ်စုံစမ်းခဲ့ရာ ကာလတန်ဖိုး ငွေကျပ် ၂၃၈၃၄၇၀ ရှိ ပိုင်ရှင်မဲ့သစ်များကို ဇန်နဝါရီ ၁၀ ရက် နံနက် ၇ နာရီခွဲမှ ညနေ ၄ နာရီအတွင်း ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသော ငမင် သစ်တောကြိုးဝိုင်းအတွင်းမှ အခြားသားတိုင် လေးလုံး (၀ ဒသမ ၂၃၈)တန်၊ တန်ဖိုးငွေကျပ် ၅၉၅၀၀ ကို တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနသို့လည်းကောင်း၊ နေပြည်တော်ကောင်စီ ဥတ္တရသီရိမြို့နယ် ပလွေးသစ်တောကြိုးဝိုင်းအတွင်းမှ ကျွန်းခွဲသား ၄၃ ချောင်း (၀ ဒသမ ၆၈၄၂)တန် တန်ဖိုးငွေကျပ် ၆၈၄၂၀၀၊ ကျွန်းတိုင် တစ်လုံး (၀ ဒသမ ၁၆၈၆ တန်) တန်ဖိုး ငွေကျပ် ၁၁၈၀၂၀၊ သင်းဝံသစ်မာတစ်ချောင်း (၀ ဒသမ ၀၄၂ တန်) တန်ဖိုးငွေကျပ် ၂၁၀၀၀၊ အခြားခွဲသား အချောင်း ၂၀ (၄ ဒသမ ၃၀၇၄ တန်) တန်ဖိုးငွေကျပ် ၁၀၇၆၈၅၀၊ အခြားသားတိုင်အလုံး ၂၀ (၂ ဒသမ ၈၂၆ တန်) တန်ဖိုးငွေကျပ် ၄၂၃၉၀၀ တို့ကို ဥတ္တရသီရိခရိုင် သစ်တောဦးစီးဌာနတောအုပ် ဦးစိုင်းကျော်ဇောထံသို့လည်းကောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့မှ အပ်နှံခဲ့သည်။

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နယ်မြေအတွင်းရှိ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့များအနေဖြင့် သစ်တောဦးစီးဌာနတာဝန်ရှိအဖွဲ့များနှင့် ပူးပေါင်းကာ သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်ထုတ်လုပ်မှုများ မရှိစေရေးအတွက် သက်ဆိုင်ရာနယ်မြေ ဒေသခံပြည်သူများအကူအညီဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ကျေးရွာနေပြည်သူများအား မှုခင်းပညာပေးခြင်း၊ သစ်တောဥပဒေနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇေယျာတု(မကွေး)

ဖုန်းဆိုင်အတွင်း ဟန်းဆက်များ၊ ဆက်စပ်ပစ္စည်းများနှင့် ငွေများ စုစုပေါင်းတန်ဖိုး သိန်း ၁၅၀ ကျော် ခိုးယူခံရမှုမှ ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၁၂

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးကျော်ဇင်ဝင်းသည် ဇန်နဝါရီ ၃ ရက် ည ၈ နာရီခန့်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၄)ရပ်ကွက် ပင်လုံလမ်းတွင် ဖွင့်လှစ်ထားသော ၎င်းပိုင် ဖုန်းအရောင်းဆိုင်အား သော့ပိတ်၍ နေအိမ်သို့ ပြန်လာခဲ့ပြီး ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီခန့်တွင် ဆိုင်အားသွားရောက်ဖွင့်လှစ်ရာ အတွင်း၌ ပစ္စည်းများ ပြန့်ကျဲနေပြီး ဟန်းဆက်မျိုးစုံ ၄၈ လုံး၊ ဖုန်းငွေဖြည့်ကတ်မျိုးစုံ၊ ဆင်းကတ် ၃၀၊ ဖုန်းအပိုပစ္စည်းများနှင့်ငွေကျပ် ၉၈၉၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၄၆၁၅၀၀ ခန့်မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် ခိုးယူသွားသူအား စုံစမ်းအရေးယူပေးရန် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့မရဲစခန်း၌ အမှုဖွင့် တိုင်တန်းခဲ့သည်။

အဆိုပါအမှုဖြစ်စဉ်အား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ အုပ်ချုပ်မှုတပ်ခွဲ၊ မှုခင်းအကူဌာနမှ တပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ၃၁ ရပ်ကွက်နေ ခိုးမှုပြစ်ချက်ဟောင်းရှိသူ ပေါက်စီ (ခ) ချစ်ဝင်းအောင် (၁၈ နှစ်)မှာ ယင်းအမှုကို ကျူးလွန်ထားကြောင်း မသင်္ကာဖွယ် စုံစမ်းရရှိသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ၎င်းကို ဇန်နဝါရီ ၉ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် (၃၂) ရပ်ကွက် ကျောင်းလမ်းပေါ်၌ အမှုမှ ပျောက်ဆုံးသွားသည့် ဆင်းကတ်များပါ လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား အမှုနှင့်ပတ်သက်၍ စစ်ဆေးခဲ့ရာ ၎င်းသည် ဇန်နဝါရီ ၃ ရက် ည ၁၂ နာရီခန့်က အခင်းဖြစ် ဖုန်းဆိုင်သို့ သွားရောက်ခဲ့ပြီး ပြတင်းပေါက် ဆလိုက်မှန်တံခါးကို တွန်းဖွင့်ကာ အတွင်းမှ ကာရံထားသည့် ဖော်မီကာပြားအား ဝက်အူလှည့်၊ ဓားတို့ဖြင့် အပေါက်ဖောက်၍ ဝင်ရောက်ခဲ့ကြောင်း၊ ဟန်းဆက်များ၊ ဖုန်းဆင်းကတ်များ၊ ငွေဖြည့်ကတ်များ၊ မန်မိုရီကတ်နှင့် ငွေကျပ် ၉၈ သိန်းကျော်ကို ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ၎င်းထံမှ အမှုမှပျောက်ဆုံးသွားသော ပစ္စည်းများအနက် ဟန်းဆက် ၄၃ လုံး၊ ငွေဖြည့်ကတ် ၂၀၅ ကတ်၊ ဆင်းကတ် ၁၄ ကတ်၊ မန်မိုရီကတ် ၅၉ ကတ်၊ ဆင်းကတ် ၂ ကတ်ထည့်ထားသည့် လက်ကိုင်ဖုန်းတစ်လုံး၊ ဆင်းကတ်တစ်ကတ်ထည့်ထားသော လက်ကိုင်ဖုန်း တစ်လုံးနှင့် ငွေကျပ် ၅၇၈၈၅၀၀ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၁၅၆၀၀၀၀ ခန့် ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး ၎င်းကို ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

သူကြီးပတုတ်ကျေးရွာရှိ တံတားအုတ်ခုံကို ယာဉ်တိုက်မိသဖြင့် တစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

သုံးခွ ဇန်နဝါရီ ၁၂

သုံးခွမြို့နယ်အတွင်း ဇန်နဝါရီ ၁၁ ရက် ည ၉ နာရီက ခရမ်း-သုံးခွ ကားလမ်းအတိုင်း ခရမ်းမြို့နယ်ဘက်မှ သုံးခွမြို့နယ်ဘက်သို့ သာကေတမြို့နယ်နေ ယာဉ်မောင်း ကိုသန်းနွယ်ဦး (၄၂နှစ်) မောင်းနှင်လာသော DD--- တိုယိုတာပရိုဘောက်စ် အငှားယာဉ်သည် သူကြီးပတုတ်ကျေးရွာ မိုင်တိုင်အမှတ် (၄၁/၆) နှင့် (၄၁/၇) ကြားအရောက် အမှတ် (၁/၄၂) တံတားအုတ်ခုံကို အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါသူများအနက် မြောက်ဥက္ကလာပမြို့နယ်နေ ဦးတင်မြင့် (၆၀ နှစ်) မှာ ဒဏ်ရာရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ကျန်ယာဉ်မောင်းပါ အမျိုးသားငါးဦးနှင့် အမျိုးသမီးတစ်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီး၌ အတွင်းလူနာ (မစိုးရိမ်ရ)များအဖြစ် ကုသရသောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ကိုသန်းနွယ်ဦးကို သုံးခွမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်လှမောင်

မိုးကုတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၊ ဘိန်းစိမ်း ၁၇၀ ဂရမ် ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၂

ဇန်နဝါရီ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု (၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့ လယ်ဦးရပ်ကွက် အုန်းပင်ရေထွက်အကွက်(၁)နမ့်ကော်လမ်းနေ မအဆာမေ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်း ခုတင်အောက်ရှိ ပလတ်စတစ်ဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀ နှင့် ဘိန်းစိမ်း ၁၇၀ ဂရမ် သိမ်းဆည်းရမိသဖြင့် မအဆာမေ (၃၇ နှစ်) ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

မအဆာမေအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေး
ရောင်းဝယ်ဖောက်ကားမှု
မှန်သမျှ
တိုက်ဖျက်ကြ

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)စီးယာဉ်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

SIM CARD
ဝယ်ယူမည့်ဈေးနှုန်းများ
49** - 150000
73** - 80000
50** - 160000
47** - 180000
ဖုန်း-၀၉-၇၃၀၂၆၀၀၀၊ ၀၉-၅၀၉၂၆၆၆

လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ငွေးရတနာ ကျောက်မျက်ရောင်းဝယ်ရေးမှ သူငယ်ချင်း ဒေါ်ငွေးငွေးမြင့်၏ ချစ်မေမေ **ဒေါ်ဆိုက်တီ** အား (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)ဖြင့် **သုဓမ္မသီဂိ** ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းမြောက်မိပါကြောင်းနှင့် ကျန်းမာချမ်းသာစွာဖြင့် အမျိုးဘာသာ၊ သာသနာ့အကျိုးများကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

BDS မှ သူငယ်ချင်းများ

ဥပဒေရေးရာ

ပြည်သူများအနေဖြင့် ဥပဒေရေးရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ဆောင်းပါးများကို အခါအားလျော်စွာ ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ဥပဒေရေးရာ စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

မဏ္ဍိုင်များအကြား ဆက်ဆံရေးနှင့် ဗြိတိန်နိုင်ငံရေးစနစ်

ဒေါက်တာ သီတာတင်

> **ပါလီမန်စနစ် စတင်ခဲ့သော ၁၃ ရာစုနှစ်မှစ၍ ကျင့်သုံးခဲ့သည့် စည်းမျဉ်းများနှင့် ဓလေ့ထုံးတမ်းများသည် လွှတ်တော်ပါလီမန် မည်သို့လုပ်ဆောင်ရမည်ကို ဖော်ပြပါရှိပြီး၊ ယနေ့တိုင် ကျင့်သုံးဆဲဖြစ်**

ဒီမိုကရေစီစနစ်နှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာခွဲဝေကျင့်သုံးရာတွင် အဆိုပါ မဏ္ဍိုင်များအကြား ဆက်ဆံရေးနှင့်ပတ်သက်၍ လေ့လာရာတွင် ပါလီမန်စနစ် (Parliamentary System) ကျင့်သုံးသော ဗြိတိန်နိုင်ငံ၏ နိုင်ငံရေးစနစ်ကို ဆက်လက်၍ တင်ပြဆွေးနွေးလိုပါသည်။

နိုင်ငံရေးစနစ်ပုံစံ

အင်္ဂလန်၊ ဝေလ၊ စကော့တလန်နှင့် မြောက်ပိုင်းအိုင်ယာလန်နယ်များပါဝင်သည့် ဗြိတိန်နိုင်ငံသည် တစ်ပြည်ထောင်စနစ် (Unitary State System) ကို ကျင့်သုံးသော နိုင်ငံဖြစ်သည်။ အင်္ဂလန်နယ်မှ တစ်ပါး ကျန်သုံးနယ်တွင် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး အခွင့်အာဏာများကို Acts of Parliament အရ အပ်နှင်းထားပြီး မူဘောင်နှင့်ကိုက်ညီမှုမရှိပါက ဗြိတိန်ပါလီမန်က အဆိုပါအခွင့်အာဏာများကို ရုပ်သိမ်းကြောင်း လေ့လာတွေ့ရှိရပါသည်။

ဗြိတိန်နိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိသော စည်းမျဉ်းခံဘုရင်စနစ်ရှိ Westminster System ဟုခေါ်သည့်စနစ်သည် ဗြိတိသျှပါလီမန်စနစ် (Parliamentary System) မှ ဆင်းသက်လာခြင်းဖြစ်သည်။ ဝန်ကြီးချုပ်ကြီးမှူးသော အုပ်ချုပ်ရေးခေတ်သစ်ပုံစံစနစ်သဘောတရားကို ၁၈ ရာစုနှစ်မှစ၍ ကျင့်သုံးခဲ့ပြီး ဝန်ကြီးများက အောက်လွှတ်တော်ကို တာဝန်ခံခြင်းမှုကို ၁၉ ရာစုနှစ်အထိ ကျင့်သုံးနိုင်ခြင်းမရှိသေးဘဲ ၂၀ ရာစုအစောပိုင်းကာလတွင်သာ စတင်ကျင့်သုံးခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဗြိတိန်နိုင်ငံ၏ ပါလီမန်စနစ်သည် လွှတ်တော်နှစ်ရပ်ရှိသော (Bicameral System) စနစ်ဖြစ်သည်။ အဆိုပါ ပါလီမန်စနစ်တွင် အုပ်ချုပ်ရေးမဏ္ဍိုင်၏ ဒီမိုကရေစီနည်းကျ တရားဝင်ဖြစ်တည်မှု (Democratic Legitimacy)သည် ဥပဒေပြုမဏ္ဍိုင်မှ ဆင်းသက်လာသဖြင့် ဥပဒေပြုမဏ္ဍိုင်ကို တာဝန်ခံရသည်။ ထို့ကြောင့် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုမဏ္ဍိုင်တို့သည် အပြန်အလှန် ဆက်စပ်မှုရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ဗြိတိသျှပါလီမန်စနစ်တွင် နိုင်ငံ၏ အကြီးအကဲမှာ လက်ရှိတွင် ဘုရင်မကြီးဖြစ်ပြီး အစိုးရအဖွဲ့အကြီးအကဲမှာ ဝန်ကြီးချုပ်ဖြစ်ပါသည်။

ပါလီမန်ဆိုင်ရာအချုပ်အခြာအာဏာ (Parliamentary Sovereignty)

ပါလီမန်ဆိုင်ရာ အချုပ်အခြာအာဏာ (Parliamentary Sovereignty)သည် ဗြိတိန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတစ်ခုဖြစ်ပါသည်။ ပါလီမန်ဆိုင်ရာ အချုပ်အခြာအာဏာ (Parliamentary Sovereignty) ဆိုသည်မှာ လွှတ်တော်ပါလီမန်သည် ဥပဒေပြုရာတွင် အမြင့်ဆုံးအဖွဲ့အစည်းတစ်ခုဖြစ်သည်ဟု ဆိုခြင်းဖြစ်ပါသည်။ ပါလီမန်စနစ် စတင်ခဲ့သော ၁၃ ရာစုနှစ်မှစ၍ ကျင့်သုံးခဲ့သည့် စည်းမျဉ်းများနှင့် ဓလေ့ထုံးတမ်းများသည် လွှတ်တော်ပါလီမန် မည်သို့လုပ်ဆောင်ရမည်ကို ဖော်ပြပါရှိပြီး၊ ယနေ့တိုင် ကျင့်သုံးဆဲဖြစ်သည်။ တချို့ကို ရေးသားထား၍ ၎င်းတို့ကိုတည်မြဲအမိန့်များ (Standing Orders) ဟုခေါ်သည်။ အခြားသော စည်းမျဉ်းများကို လွှတ်တော်မှ ပြဋ္ဌာန်းပါသည်။ လွှတ်တော်ပါလီမန်မှ ဆောင်ရွက်ရမည့် လုပ်ဆောင်ချက်အတော်များများကို စည်းမျဉ်းများဖြင့် သတ်မှတ်ခြင်းမဟုတ်ဘဲ ရာစုနှစ်များစွာကတည်းက ကျင့်သုံးလာသော ဓလေ့ထုံးတမ်းများနှင့် ကျင့်ထုံးများပင်ဖြစ်ပါသည်။ လက်ရှိတွင် ပါလီမန်ဆိုင်ရာနှင့် အများပြည်သူဆိုင်ရာ ဥပဒေကြမ်းအတွက် တည်မြဲအမိန့် (Standing Orders) ၁၅၀ ခန့်ရှိပြီး ပုဂ္ဂလိကဆိုင်ရာကိစ္စများအတွက် တည်မြဲအမိန့် ၂၅၀ ခန့်ရှိပါသည်။ အကြောင်းမှာ ဗြိတိန်နိုင်ငံသည် ရေးသားထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (Written Constitution စာအုပ်တစ်အုပ်တည်းကိုသာ ကိုးကားအသုံးပြုနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ) မရှိသောကြောင့် ဖြစ်ပါသည်။

အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုမဏ္ဍိုင်တို့ အပြန်အလှန်ဆက်စပ်မှု

သီအိုရီအရဝန်ကြီးချုပ်ကို ခန့်ထားရာတွင် အဆုံးအဖြတ်ပေးရန် လွှတ်တော် (ဥပဒေပြုမဏ္ဍိုင်)ကို တင်ပြရန်မလိုဘဲ နိုင်ငံ၏အကြီးအကဲဖြစ်သူ ဘုရင်မကြီးက ခန့်အပ်သည်ဟုဆိုသော်လည်းလက်တွေ့တွင်မူ လွှတ်တော်တွင်းရှိ အကြီးမားဆုံးသော ပါတီ၏ခေါင်းဆောင်များသာလျှင် ဝန်ကြီးချုပ်များဖြစ်လာကြပါသည်။ နိုင်ငံ၏အကြီးအကဲဖြစ်သူ ဘုရင်မကြီးက ဝန်ကြီးချုပ်ကို ခန့်အပ်သည်ဟုဆိုခြင်းမှာ ဆောင်ရွက်မှုပုံစံ စနစ်တကျရှိစေရန်နှင့် တော်ဝင်ဘုရင်၏ အထူးအခွင့်အရေးကို ဖော်ပြခြင်းမျှသာဖြစ်ပါသည်။ အစိုးရအဖွဲ့ကို မည်သူကဖွဲ့ပါရန်နှင့် ပတ်သက်၍ လွှတ်တော်ကမဲဖြင့် ဆောင်ရွက်ပေးရန်မလိုသော်လည်း၊ အစိုးရအဖွဲ့ကို အယုံအကြည်မရှိ အဆိုတင်သွင်းနိုင်ခွင့်ရှိပါသည်။ နိုင်ငံ၏အကြီးအကဲဖြစ်သူ ဘုရင်မကြီးအနေဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ဆုံးဖြတ်ပေးနိုင်သည့် ဩဇာမရှိဘဲ လွှတ်တော်၏ယုံကြည်မှုကို ရရှိနိုင်သော ဝန်ကြီးချုပ်လောင်းလျာတစ်ဦးကို ရွေးချယ်ရန်ဟုသာ Convention က သတ်မှတ်ထားကြောင်း တွေ့ရပါသည်။

ဥပဒေပြုမဏ္ဍိုင်

ဗြိတိန်နိုင်ငံ၏ ဥပဒေပြုမဏ္ဍိုင်သည် လွှတ်တော်နှစ်ရပ်ရှိ (Bicameral Legislature)သော ပုံစံဖြစ်ပြီး၊ အထက်လွှတ်တော် (the House of Lords)၊ အောက်လွှတ်တော် (the House of Commons)နှင့် ဘုရင်မ (The Crown) တို့ရှိကြပါသည်။ အောက်လွှတ်တော် (the House of Commons)တွင် ကိုယ်စားလှယ် ၆၅၀ ရှိပြီး၊ ၎င်းတို့ကို ပြည်သူများက ရွေးကောက်တင်မြှောက်ကြပါသည်။ အထက်လွှတ်တော် (the House of Lords) တွင် The Church of England မှ ခရစ်ယာန်ဘုန်းတော်ကြီး ၂၆ ဦး၊ သားစဉ်မြေးဆက်ခံလာသော မျိုးမတ်မျိုးနွယ် ၉၂ ဦး (the House of Lords Act,1999 အရ ၎င်းတို့ကို ယာယီကာလအတွင်း ထားရှိပါသည်။)နှင့် ရာသက်ပန်မှူးမတ်မျိုးနွယ်များ (တစ်သက်တာကာလ)ပါဝင်ပြီး ကိုယ်စားလှယ်ပေါင်း ၇၉၂ ဦး(၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်နေ့အထိ စာရင်းအရ) ဖြစ်ပါသည်။ အောက်လွှတ်တော်၏ ကိုယ်စားလှယ်ဦးရေကို ပုံသေသတ်မှတ်ထားသော်လည်း အထက်လွှတ်တော်၏ ကိုယ်စားလှယ်ဦးရေကို ပုံသေသတ်မှတ်ထားခြင်းမရှိပေ၊ The Church of England မှ ခရစ်ယာန်ဘုန်းတော်ကြီး ၂၆ ဦး၏ အမည်စာရင်းသွင်းခြင်း၊ သားစဉ်မြေးဆက်ခံနိုင်သော မှူးမတ်မျိုးနွယ်နှင့် ရာသက်ပန်မှူးမတ်မျိုးနွယ်များအဖြစ် ပေးအပ်ခြင်းကို ဘုရင်မမှ ဝန်ကြီးချုပ်၏အကြံပြုချက်ဖြင့် ဆောင်ရွက်ပါသည်။ အဆိုပါ လွှတ်တော်တို့၏ လုပ်ငန်းများမှာ တူညီကြပြီး အစိုးရ၏ ဆောင်ရွက်ချက်များကို စိစစ်ခြင်းနှင့် လတ်တလောဖြစ်ပျက်နေသော ကိစ္စရပ်များကို အချေအတင်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြပါသည်။ ယေဘုယျအားဖြင့် လွှတ်တော်တစ်ရပ်မှ ဆုံးဖြတ်ချက်များကို အခြားလွှတ်တော်မှ အတည်ပြုပေးပါသည်။ ဤသို့ဖြင့် လွှတ်တော်နှစ်ရပ်တို့သည် အချင်းချင်း ဟန်ချက်ညီညီ အပြန်အလှန် ထိန်းကျောင်းကြပါသည်။

လွှတ်တော်နှစ်ရပ်အကြောင်း အနည်းငယ်ရှင်းလိုပါသည်။ အောက်လွှတ်တော် (the House of Commons) ကို ပြည်သူအများက ရွေးကောက်တင်မြှောက်ကြခြင်းဖြစ်ပြီး အထက်တွင် တင်ပြထားသည့်အတိုင်း အောက်လွှတ်တော် (the House of Commons) တွင် အများဆုံးအရေအတွက်ပါဝင်သည့်ပါတီသည် အစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ပါသည်။ အဆိုပါလွှတ်တော် (the House of Commons) သည် ဝန်ကြီးချုပ်ကဲ့သို့သော အစိုးရဝန်ကြီးများနှင့် အဓိကကျသော နိုင်ငံရေးပါတီများ အလုပ်လုပ်ရာနေရာများအနက် တစ်ခုဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ဥပဒေမူကြမ်းများကို ဆုံးဖြတ်ချက်ချမှတ်ပေးရန် တာဝန်သည် အောက်လွှတ်တော်တွင်သာ အပ်နှင်းထားပါသည်။ ယင်းကိစ္စများနှင့်ပတ်သက်၍ အထက်လွှတ်တော် (the House of Lords) သည် စဉ်းစားပေးရန်သာ ဆောင်ရွက်ရကာ ၎င်းကိစ္စများကို ပိတ်ဆို့ခြင်းနှင့် ပြင်ဆင်ခြင်းများ မလုပ်ဆောင်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဟန့်တားလိုပါက တစ်လမျှသာ ဟန့်တားနိုင်ပါသည်။ ထို့အပြင် နိုင်ငံရေးနှင့် ရှုပ်ထွေးသော ကိစ္စရပ်များနှင့် ပတ်သက်သော ဥပဒေမူကြမ်းများကို အောက်လွှတ်တော်တွင်သာ စတင်လုပ်ဆောင်ရပါသည်။

အထက်လွှတ်တော် (the House of Lords) သည် အောက်လွှတ်တော်နှင့် သက်ဆိုင်ခြင်းမရှိဘဲ လွတ်လပ်သည့် လွှတ်တော်တစ်ခုဖြစ်ပြီး အောက်လွှတ်တော်၏ လုပ်ငန်းများကို ပြီးမြောက်စေရန် ဆောင်ရွက်ပေးပါသည်။

ဥပဒေကြမ်းများကို အတည်မပြုခြင်းနှင့် ကြန့်ကြာစေခြင်းနှင့်ပတ်သက်၍ လေ့လာရာတွင် လွှတ်တော်တစ်ရပ်ရပ်သည် ဥပဒေကြမ်းကို အတည်မပြုရန် မဲပေးဆုံးဖြတ်ပါက ယေဘုယျအားဖြင့် အဆိုပါ ဥပဒေကြမ်းသည် ဥပဒေတစ်ခုဖြစ်မလာပေ။ သို့သော် ခြွင်းချက်များရှိပါသည်။ ထိုခြွင်းချက်များအရ ၎င်းဥပဒေကြမ်းကို အောက်လွှတ်တော်က နှစ်နှစ်ဆက်တိုက်တင်သွင်းအတည်ပြုနိုင်ပါက အထက်လွှတ်တော်၏ သဘောတူညီမှုရရှိရန်မလိုဘဲ ဥပဒေတစ်ခုဖြစ်လာပါသည်။ လွှတ်တော်တွင် ဥပဒေကြမ်းများတင်သွင်းရာတွင် တင်သွင်းသူ၏ အနေအထားပေါ်မူတည်ကာ ဥပဒေကြမ်းအမည်များ ကွဲပြားပါသည်။ ဥပမာ- ဝန်ကြီးတစ်ဦးက တင်သွင်းသော ဥပဒေကြမ်းကို " Government Bill" ဟုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ တင်သွင်းသော ဥပဒေကြမ်းကို " Private Member's Bill " ဟုလည်းကောင်း၊ အများပြည်သူနှင့်သက်ဆိုင်သော ဥပဒေကြမ်းကို " Public Bill" ဟုလည်းကောင်း စသည်ဖြင့် အခေါ်အဝေါ်ကွဲပြားပါသည်။ " Government Bill" ကို ပယ်ချခြင်းမှာ အလွန်ပင်ဖြစ်တောင့်ဖြစ်ခဲ ကိစ္စတစ်ရပ်ပင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အစိုးရ၏ဆောင်ရွက်ချက်များကို ထိန်းကျောင်းခြင်း

လွှတ်တော်နှစ်ရပ်လုံးသည် အစိုးရ၏ ဆောင်ရွက်ချက်များကို ဆန်းစစ်ခြင်းနှင့် အကျိုးအကြောင်းမေးမြန်းခြင်းများပြုလုပ်ကြသော်လည်း လုပ်ဆောင်ပုံအဆင့်များ မတူညီကြပေ။ အဓိကကျသော နည်းလမ်းများမှာ အစိုးရဝန်ကြီးများအား မေးခွန်းများ မေးမြန်းခြင်း၊ စကားအချေအတင်ဆွေးနွေးခြင်းနှင့် ကော်မတီများမှတစ်ဆင့် စုံစမ်းခြင်းတို့ဖြစ်သည်။ အစိုးရအနေဖြင့် မူဝါဒများနှင့် ဆုံးဖြတ်ချက်များမှန်ကန်မှုရှိကြောင်းကို အများပြည်သူများသိရှိစေရန် ရှင်းလင်းပြောကြားရပါသည်။

အုပ်ချုပ်ရေးမဏ္ဍိုင်

အထက်တွင်ဖော်ပြထားသည့်အတိုင်း အောက်လွှတ်တော်တွင် အမတ်အများစု နေရာရရှိထားသည့် နိုင်ငံရေးပါတီသည် အစိုးရသစ်ဖွဲ့စည်းခွင့်ရရှိပြီး ထိုပါတီ၏ ခေါင်းဆောင်သည်လည်း ဝန်ကြီးချုပ်ဖြစ်လာပါသည်။ အကယ်၍မည်သည့်ပါတီကမျှ အောက်လွှတ်တော်တွင် အမတ်အများစုနေရာရရှိမထားပါက အကြီးဆုံးပါတီက လူနည်းစုအစိုးရကိုဖွဲ့စည်းခြင်း(သို့) ပါတီနှစ်ခု(သို့) နှစ်ခုထက်ပိုသော ညွန့်ပေါင်းအစိုးရကိုဖွဲ့စည်းပါသည်။ ဝန်ကြီးချုပ်သည် ဝန်ကြီးများကိုလွှတ်တော်နှစ်ရပ်မှ ရွေးချယ်ခန့်အပ်သည်။

တရားစီရင်ရေးမဏ္ဍိုင်

The Constitutional Reform Act 2005 အရ တရားရုံးချုပ်ကို အင်္ဂလန်နှင့် ဝေလနယ်များ၊ စကော့တလန်နယ်နှင့် မြောက်ပိုင်းအိုင်ယာလန်နယ်များတွင် ဒေသဆိုင်ရာ တရားစီရင်ရေးမဏ္ဍိုင်စနစ်ကို ဖွဲ့စည်းခဲ့ပြီး ၂၀၀၉ ခုနှစ် အောက်တိုဘာလမှစ၍ စတင်ကျင့်သုံးလာခဲ့ပါသည်။ ရှေးယခင်က တရားစီရင်ရေးနှင့် ပတ်သက်၍ အထက်လွှတ်တော် (The House of Lords) က ဆောင်ရွက်ခဲ့သည်။ The Constitutional Reform Act 2005 အရ ရွေးချယ်တင်မြှောက်ရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ဝန်ကြီးချုပ်က အမည်များကို အကြံပြုတင်သွင်းပေးပြီး ဘုရင်မကြီးက တရားရုံးချုပ်၏ တရားသူကြီးများကို ခန့်အပ်ပါသည်။ တရားရုံးချုပ်၏ အဓိကကဏ္ဍမှာ အင်္ဂလန်နှင့် ဝေလနယ်များ၊ စကော့တလန်နယ်နှင့် မြောက်ပိုင်းအိုင်ယာလန်နယ်များရှိ တရားရုံးများ၏ အယူခံလျှောက်ထားမှုများကို ကြားနာစစ်ဆေးပါသည်။ ထို့အပြင် ခွဲဝေအာဏာနှင့်ပတ်သက်သည့် ပြဿနာများ (devolution issues) ကိုလည်း စစ်ဆေးဆုံးဖြတ်ပါသည်။ ပါလီမန်ဆိုင်ရာ အချုပ်အခြာအာဏာ (Parliamentary Sovereignty) ကို ကျင့်သုံးသဖြင့် တရားရုံးချုပ်သည် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ဆောင်ချက်များကို ပြန်လည်စိစစ်ခြင်းများ ဆောင်ရွက်ရာတွင် အခြားနိုင်ငံများ(ဥပမာ-အမေရိကန်နိုင်ငံ)ကဲ့သို့ ကျင့်သုံးဆောင်ရွက်နိုင်ခြင်းမရှိဘဲ အကန့်အသတ်ဖြင့် ဆောင်ရွက်ရကြောင်း လေ့လာတွေ့ရှိရပါသည်။ လွှတ်တော်မှတင်သွင်းထားသည့် ဥပဒေများ (Primary Legislation) ကို တရားရုံးချုပ်မှ ပယ်ဖျက်ပိုင်ခွင့်မရှိပါ။ သို့သော် အုပ်ချုပ်ရေးအာဏာပိုင်ဘက်မှ လွှတ်တော်၏ခွင့်ပြုချက်ဖြင့် တင်သွင်းသော ဥပဒေများ (Secondary Legislation)ကို တရားရုံးချုပ်မှ ပယ်ဖျက်ပိုင်ခွင့်ရှိပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း

ဗြိတိန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ စာအုပ်တစ်အုပ်တည်းကို ကိုးကား၍မရဘဲ၊ ခေတ်အဆက်ဆက်က လွှတ်တော်မှ ပြဋ္ဌာန်းထားသည့် အရေးပါသော လွှတ်တော်ကြီးထုတ်ဥပဒေများ (Statutes)၊ ဥပဒေများနှင့် စည်းမျဉ်းများအစရှိသည်တို့ စုပေါင်းထားခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ဗြိတိန်နိုင်ငံကို ရေးသားထားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ (Written Constitution) မရှိသောနိုင်ငံဟု ဆိုကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် ပါလီမန်လွှတ်တော်နှစ်ရပ်တွင် ထောက်ခံမဲတစ်မဲအသာ (Simple Majourity)ရရုံမျှဖြင့် ပြင်ဆင်နိုင်သောကြောင့် ဗြိတိန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြင်ဆင်ရန် လွယ်ကူသောဖွဲ့စည်းပုံအခြေခံဥပဒေ အမျိုးအစားတစ်ခုဖြစ်ပါသည်။

ပါလီမန်အုပ်ချုပ်ရေး (Parliamentary Executive) နှင့် သမ္မတအုပ်ချုပ်ရေး (Presidential Executive) ကို နှိုင်းယှဉ်လေ့လာခြင်း

ပါလီမန်အုပ်ချုပ်ရေး (Parliamentary Executive)သည် အထက်တွင် တင်ပြထားသည့်အတိုင်း ပါလီမန်လွှတ်တော်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်ဟု နိုင်ငံတော်အာဏာကို ခွဲဝေကျင့်သုံးပါသည်။ သို့သော် ပါလီမန်ဆိုင်ရာ အချုပ်အခြာအာဏာ (Parliamentary Sovereignty)ကို ကျင့်သုံးသောကြောင့် လွှတ်တော်ပါလီမန်သည် ဥပဒေပြုရာတွင် အမြင့်ဆုံးအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ လွှတ်တော်ပါလီမန်မှ တင်သွင်းထားသည့် ဥပဒေများ (Primary Legislation)ကို တရားရုံးချုပ်မှ ပယ်ဖျက်ပိုင်ခွင့်မရှိခြင်း၊ ဥပဒေများသည် the European Convention on Human Rights နှင့် ကိုက်ညီမှုမရှိပါက ကိုက်ညီမှုမရှိကြောင်းသာ ကြေညာနိုင်ပြီး၊ ယင်းသို့ကြေညာခြင်းဖြင့် အဆိုပါဥပဒေမှာ ပယ်ဖျက်ခြင်းမရှိဘဲ ပယ်ဖျက်ခြင်းကို လွှတ်တော်ပါလီမန်ကသာ ဆောင်ရွက်နိုင်သည်ကို တွေ့ရပါသည်။

စာမျက်နှာ ၁၁ သို့

ပြည်တွင်းသတင်း

နှစ်နိုင်ငံတည်ငြိမ်အေးချမ်းမှုအတွက် ပူးပေါင်းဆောင်ရွက်ရေး ခိုင်မာမှုအပေါ်မူတည်

နေပြည်တော် ဇန်နဝါရီ ၁၂

မြန်မာ-ထိုင်း နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ခင်မင်ရင်းနှီးသော အိမ်နီးချင်းမိတ်ဆွေဖြစ်၍ ဆက်ဆံရေးကို အလေးထားပါကြောင်း၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးအပေါ်မှာလည်း မူတည်ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်းနိုင်ငံအဖြစ် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုတို့တွင် အထောက်အကူပြုမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတပ်မတော်အနေဖြင့်လည်း ထိုင်းတပ်မတော်၏ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီပေးရန် အသင့်ရှိပါကြောင်း၊ နှစ်နိုင်ငံတည်ငြိမ်အေးချမ်းမှုအတွက် ပူးပေါင်းဆောင်ရွက်ရေး ခိုင်မာမှုအပေါ် မူတည်ပါကြောင်း၊ အလားတူ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတားဆီးရေး၊ အကြမ်းဖက်မှု ကာကွယ်ရေးကိစ္စရပ်များတွင်လည်း မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများသည် များစွာအထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ သက်ဆိုင်ရာ နယ်ပယ်အလိုက်လည်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်စေလိုကြောင်း၊ ယခုခရီးစဉ် ဆွေးနွေးမှုရလဒ်များသည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးပိုမိုမြှင့်တင်နိုင်ရန် အခြေခံကောင်းများ ရရှိသည်ဟု ယုံကြည်ပါကြောင်းဖြင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ထိုင်းဘုရင့် ရေတပ်ဦးစီးချုပ် Admiral Kraisorn Chansuvanich နှင့် ထိုင်းဘုရင့် လေတပ်ဦးစီးချုပ် Air Chief Marshal Treetod Sonjance တို့အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Admiral Kraisorn Chansuvanich နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Treetod Sonjance တို့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Pisanu Suvanajata၊ ထိုင်းနိုင်ငံမှ တပ်မတော်အရာရှိကြီးများနှင့် ထိုင်းနိုင်ငံ ရေတပ်စစ်သံမှူးနှင့် လေတပ်စစ်သံမှူးတို့ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် နှစ်နိုင်ငံတပ်မတော် အဆင့်အသီးသီးတွင် အပြန်အလှန် ချစ်ကြည်ရေးခရီးစေလွှတ်ရေး၊ လေ့ကျင့်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတားဆီးရေး၊ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးနှင့် တရားမဝင် ငါးဖမ်းလှေကိစ္စရပ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြသည်။

(မြဝတီ)

သန့်ရှင်းရေရရှိရေး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၂

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်တို့သည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ပခုက္ကူမြို့ ပခန်းကြီးမြို့ဟောင်းသို့ ရောက်ရှိကြပြီး စည်သူရှင်သရက္ခန် ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပခန်းကြီးမြို့ဟောင်းရှိ ရှေးဟောင်း ကျောင်းတော်ကြီးအား ရှေးမူမပျက် ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ရေစကြိုမြို့နယ် ဆင်ချောင်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း အတွက် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ဆင်ချောင်းကျေးရွာအုပ်စု ပုံသကူကျောင်းတိုက် ဓမ္မာရုံ၌ လူငယ်များနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ဆင်ချောင်းကျေးရွာ၊ ကုန်းတလင်းကျေးရွာ၊ ချောင်းဖျားကျေးရွာ၊ ရွာသစ်ကျေးရွာနှင့် စည်သာကျေးရွာတို့အတွက် ဆေးဝါးပစ္စည်းနှင့် စာအုပ်စာစောင်များကို ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် ရေစကြိုမြို့ မြို့မရပ်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းမှ ကလေးငယ်များအတွက် သင်ကြားရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့ပြီး ကိုင်းရွာ၊ မြေစွန်းရွာ၊ ဟသ်ာကျွန်းရွာ၊ သပြေပင်ရွာ၊ မဲကုန်းရွာ၊ ကျောက်ခတ်ကျွန်းရွာ၊ ကျောက်လှည်းဘီးရွာနှင့် ယာကြီးကုန်းကျေးရွာများသို့ ဆိုလာမီး ၄၁၆ စုံကို ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

ထို့နောက် ဒေါ်ဦး ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် ချင်းတွင်းမြစ်အရှေ့ဘက် ရေယှားကျေးရွာဒေသခံပြည်သူများနှင့် တွေ့ဆုံကာ သန့်ရှင်းရေရရှိရေး၊ မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားပြီး ကျေးရွာအတွက် အိမ်သုံးဆေးပစ္စည်းနှင့် စာအုပ်စာစောင်များ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်၏ ပံ့ပိုးမှု၊ ကျေးရွာလူထုမှ ထည့်ဝင်မှုဖြင့် ဆောက်လုပ်ထားသည့် ရေယှားကျေးရွာနှင့် ပေါက်တောကျေးရွာ ချင်းဆက် အလျား ၉၆ ပေရှိ သံကူကွန်ကရစ်တံတားကို ကြည့်ရှုပြီး ရှေးဟောင်းသမိုင်းဝင် ရွှေပွင့်လင်းဘုရားကြီးကို ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေစကြိုမြို့နယ် ဘောင်ဘဲတန်းအုပ်စု ကံပေါက်ကျေးရွာရှိ အိမ်ထောင်စု ၂၈၀၊ လူဦးရေ ၁၄၀၀ ခန့်ကို ရေပေးဝေနေသည့် မြင်ထဲကန်ကို တစ်နှစ်ပတ်လုံး ရေရရှိရေးအတွက် နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် ရေပိုလွှဲတည်ဆောက်မှုနှင့် တာပေါင်တမံထပ်မံမြှင့်တင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

❀ ကျော့ဖုံးမှ

ကစားသမားတွေ ခေါ်ထားသည်။ အာရှချန်ပီယံလိဂ် ခြေစစ်ပွဲကို မကြာမီ ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။ ကစားသမားအသစ်များ အသင်းနှင့် အံမဝင်သေးခြင်းဖြစ်သော်လည်း ယုံကြည်မှုပြန်လည်ရရှိရန် မဖြစ်မနေ နိုင်ပွဲရှာရတော့မည်ဖြစ်သည်။ အမှတ်ပေးချန်ပီယံဆုကို ကာကွယ်ရန်နှင့် အာရှချန်ပီယံလိဂ် ပြိုင်ပွဲတွင် ရလဒ်ကောင်းရရန် ရတနာပုံအနေဖြင့် မကြာမီ ပုံစံကောင်းပြသရန် လိုနေပြီဖြစ်သည်။

နိုင်ငံခြားသားလေးဦးအပါအဝင် ပြည်တွင်းကစားသမားအချို့ ခေါ်ယူထားသည့် ကမ္ဘောဇအသင်းကလည်း နောက်ကလိုက်ကစားပြီး သရေတစ်မှတ်သာရထားသည်။ ပထမပွဲဖြစ်သောကြောင့် ရှေ့ပွဲများကို ဆက်ကြည့်ရမည်ဖြစ်သည်။ ဟန်ဆန် တစ်ကျော့ပြန်ကိုင်တွယ်နေသည့် ဇေယျာရွှေမြေအသင်းသည်လည်း ထူးခြားသည့် စွမ်းဆောင်မှုမျိုးမပြနိုင်။

စောင့်ကြည့်ရမည့်နှစ်သင်း

ပွဲစဉ်(၁)တွင် အနိုင်ရသည့် နှစ်သင်းသာရှိသည်။ ရန်ကုန်နှင့် ဧရာဝတီတို့ဖြစ်သည်။ ရန်ကုန်အသင်းက ယခုရာသီတွင် ပြည်တွင်းနည်းပြဖြင့်သာ ယှဉ်ပြိုင်မည်ဟုဆိုခဲ့သည်။ ပြိုင်ပွဲနီးမှ ဆားဘီးယားနည်းပြ ဂျီဆစ်ကို ရုတ်တရက်ခန့်လိုက်သည်။ ဆားဘီးယားနည်းပြများက မြန်မာအသင်းများနှင့် ကံမထပ်သောကြောင့် ဂျီဆစ်ကို စိတ်ဝင်တစား စောင့်ကြည့်မိသည်။

ဂျီဆစ်၏ အဖွင့်ပွဲကမူ လှပသည်။ တန်းတက် ရခိုင်အသင်းကို ဂိုးဒါဇင်ဝက် သွင်းပြလိုက်သည်။ ချန်ပီယံဆုကို ပြန်လည်ရယူနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ အမှတ်ပေးချန်ပီယံ ရတနာပုံကိုအနိုင်ယူပြီး ချာရတီဖလားရခဲ့သည်။ ဧရာဝတီကလည်း အဝေးကွင်းတွင် နိုင်ပွဲရခဲ့သည်။ နေပြည်တော်အသင်းက ယခင်လောက် မာကျောမှုမရှိသော်လည်း အဝေးကွင်းတွင် အနိုင်ရခြင်းက ဧရာဝတီကို ယုံကြည်မှုရှိစေခဲ့သည်။ နည်းပြ မာဂျန်၏ တစ်ကျော့ပြန်ခရီးကလှပနေဆဲပင်။

တောင်သမန်တံတား(ဦးပိန်)အား မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြုပြင်ရန်စီစဉ်နေ

အမရပူရ ဇန်နဝါရီ ၁၂

အမရပူရမြို့နယ် တောင်သမန်အင်းရှိ ရှေးဟောင်းဦးပိန်တံတားကြီးကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြုပြင်နိုင်ရေးအတွက် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်မှုစာရင်းကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)သို့ တောင်းခံထားကြောင်း သိရသည်။

“လောလောဆယ် အနေနဲ့ အခန်းလိုက်ပြုပြင်ရမယ့် တိုင်အရေအတွက်နဲ့ လိုအပ်ချက်တွေ တွက်ချက်ဖို့ ဌာနနှစ်ခုပူးပေါင်းပြီး ကွင်းဆင်း ဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ကျွန်တော်တို့ ရှေးဟောင်းသုတေသနဌာနတို့ ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်ပြီးရင် ခန့်မှန်းကုန်ကျစရိတ်ကို တွက်ချက်ပြီး တင်ပြပေးသွားမှာဖြစ်ပါတယ်”ဟု ရှေးဟောင်းသုတေသနဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မန္တလေးမြို့ရှိ ကမ္ဘာကျော် ဦးပိန်တံတားကြီးကို ၂၀၁၄ ခုနှစ် ဧပြီလအတွင်း ပထမဦးစားပေးအဆင့်အနေဖြင့် အခန်းပေါင်း ၂၁ ခန်းကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် ငွေကျပ်သိန်း ၁၃၀ ကျော် အကုန်အကျခံပြုပြင်ခဲ့ပြီး ဦးပိန်တံတား ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးဆောင်အဖွဲ့ကလည်း တံတားကြီးကို ငွေကျပ် ၃၂ သိန်းကျော် အကုန်အကျခံကာ ပြုပြင်ထိန်းသိမ်းမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ပြည်တွင်းသတင်း

❒ ရှေ့ဖုံးမှ

ခေါင်းဆောင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ စုစုပေါင်း ၄၈ ဦး တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယနေ့ တွေ့ဆုံမှုသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၃၀ ရက်ကပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့ကြသူများအားလုံးက ထပ်မံတွေ့ဆုံဆွေးနွေးကြရန် သဘောတူညီခဲ့သည့်အတိုင်းပြုလုပ်သည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း။

ပထမအကြိမ် ဆွေးနွေးပွဲအပြီးတွင် လိုလားချက်မျိုးစုံ၊ မတူညီသည့် ရှုထောင့်မျိုးစုံမှ အဆိုပြုချက်များထွက်ပေါ်ခဲ့ပါကြောင်း၊ ထိုအဆိုပြုချက်အားလုံးကိုထည့်သွင်းစဉ်းစားပြီး ပြည်သူများအားလုံးအကျိုးရှိအောင် အကောင်အထည်ဖော်နိုင်ရန်အတွက် ယနေ့တက်ရောက်လာသည့်ပုဂ္ဂိုလ်များအားလုံးပါဝင်အောင် မိမိအနေဖြင့် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဆွေးနွေးရာတွင် တိုင်းရင်းသားအများစု၏ သဘောထားများလည်းပါဝင်နိုင်ရန် လိုအပ်သည်ဟုမိမိအနေဖြင့် ယုံကြည်သည့်အတွက် ယခုကဲ့သို့ လူမျိုးစုခေါင်းဆောင်များအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူမျိုးစုကိုယ်စားလှယ်များဖြစ်သည့် တိုင်းရင်းသားရေးရာဝန်ကြီးများကိုလည်း ဖိတ်ကြားရခြင်းဖြစ်ပါကြောင်း။

ယခုကဲ့သို့ တွေ့ဆုံမှုသည် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အတွက် ယနေ့ မိမိတို့၏ ဆွေးနွေးမှုများမှ ပူးပေါင်းဆောင်ရွက်နိုင်မည့် လက်တွေ့အကောင်အထည် စတင်ဖော်နိုင်မည့် ကိစ္စတချို့ကိုရှာဖွေနိုင်ကြမည်ဟုယုံကြည်ပါကြောင်း၊ လာမည့် ဆွေးနွေးပွဲများတွင် အသေးစိတ်ဆွေးနွေးရမည့် အကြောင်းအရာများနှင့် ဦးစားပေး လုပ်ဆောင်ရမည့် ကိစ္စများကိုရှာဖွေသွားကြရမည်ဖြစ်ပါကြောင်း။

ဆွေးနွေးပွဲများ ပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဖိတ်ကြားစာထဲတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်သည့် ခေါင်းစဉ်သုံးခုပင်ဖြစ်ပါကြောင်း၊ ထိုခေါင်းစဉ်သုံးခုသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အောင်မြင်ရန် အဓိက အခြေခံများဖြစ်သည့်အတွက် ဝိုင်းဝန်းဆွေးနွေးကြရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ ထိုလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများစွာရှိသည်ကို အားလုံးသိရှိကြပြီးဖြစ်ပါကြောင်း။

ထိုစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရန်အတွက် ရေတို၊ ရေရှည်ဖြေရှင်းရမည့် ကိစ္စရပ်များစွာရှိပြီးအစိုးရ၏ အခန်းကဏ္ဍ၊ အမျိုးသားရေးအင်အားစုများ၏ အခန်းကဏ္ဍအားလုံး လက်တွဲရင်ဆိုင်ကျော်လွှားမှသာ အောင်မြင်မှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း။

မိမိတို့အားလုံးတွင် နိုင်ငံရေးအရအမြင်မတူသည်များ ရှိကြသော်လည်း မိမိတို့နိုင်ငံကို ဒီမိုကရေစီအခြေခိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်ပေါ်ထွန်းလာရေးဟူသည့် ဆန္ဒမှာအားလုံးတွင် တူညီမှုရှိကြပါကြောင်း၊ မိမိတို့အချင်းချင်းလက်တွဲဆောင်ရွက်ကြမည်ဆိုလျှင် အောင်မြင်မှုများ မလွဲမသွေရရှိမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ အောင်မြင်မှုများသည်လည်း သက်ဆိုင်ရာ နိုင်ငံရေးအင်အားစုများဖြစ်သည့် လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟုအစဉ်ခံယူထားပါကြောင်း၊ ထို့ကြောင့် တူညီသည့် ရည်မှန်းချက်များနှင့် လက်တွဲလုပ်ဆောင်နိုင်မည့် ကိစ္စများကို ယခုဆွေးနွေးပွဲများတွင် ဖော်ထုတ်သွားကြရန်လည်း တိုက်တွန်းအပ်ပါကြောင်း။

ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်သည် ရှုထောင့်၊ အမြင်၊ တိုင်းတာသည့် စံနှုန်းအမျိုးမျိုးရှိနိုင်သော်လည်းတိုးတက်ဖြစ်ထွန်းမှုများရှိနေပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်ကို မကြာခင်အချိန်အနည်းငယ်အတွင်းတွင် လက်မှတ်ရေးထိုးနိုင်ရန် အားလုံးက ဝိုင်းဝန်းကြိုးပမ်းလျက်ရှိပါကြောင်း၊ NCA ကိုသဘောတူလက်မှတ်ရေးထိုးနိုင်ရေးသည် အဓိကကျသည့် နိုင်ငံရေးဆွေးနွေးပွဲများ အဆင့်ကိုတက်လှမ်းနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ထိုနိုင်ငံရေးဆွေးနွေးပွဲများသည် မိမိတို့၏ ဘုံရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီထွန်းကားသည့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးကို တည်ဆောက်ရေးအတွက်ပင်ဖြစ်ပါကြောင်း၊ ထိုကိစ္စသည် လက်နက်ကိုင် နိုင်ငံရေးအင်အားစုများအနေဖြင့် အနာဂတ်ကာလတွင် ထိုနိုင်ငံရေးဖြစ်စဉ်အတွင်း တိုက်ရိုက်ပါဝင်ပတ်သက်လာရန် အခြေအနေကောင်းဖန်တီးလာခြင်းဟုလည်း ဆိုရမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကြိုးပမ်းဆောင်ရွက်နေခြင်းသည် နောင်တာဝန်ယူမည့် အစိုးရအဆက်ဆက်လက်ထက်တွင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဆင်ပြေပြေနှင့် ချောမွေ့စွာ ဆက်လက်ဆောင်ရွက်နိုင်ရန် အခြေခံအုတ်မြစ်တစ်ခု ချပေးနိုင်ရေးဟူသည့် သဘောရိုးနှင့် ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ မိမိ၏ သဘောထားကို အနည်းငယ်ရှင်းပြလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်သည် အချိန်အခါအလိုက် ပြင်ဆင်ရေးသားရမည်ဟူသည့် မိမိ၏ ရပ်တည်ချက်ကို အစဉ်အမြဲ ဆုပ်ကိုင်ထားပါကြောင်း၊ တိုင်းရင်းသားများ အစဉ်တစိုက် တောင်းဆိုလာခဲ့သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် အခြားလိုအပ်သည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကိစ္စများကို ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ထိုသို့ လုပ်ဆောင်သည့်အခါတွင် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံသည့် နိုင်ငံရေးဆွေးနွေးပွဲများမှ တစ်ဆင့် ပေါ်ထွက်လာသည့် ရလဒ်များကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး နည်းလမ်းများနှင့်အညီ ပြင်ဆင်လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း။

လုပ်ထုံးလုပ်နည်းများကို ကျော်လွှန်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန် ဆောင်ရွက်ခြင်းသည် တရားဥပဒေစိုးမိုးရေးကို ကျော်လွှန်လုပ်ဆောင်သကဲ့သို့ ဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း ပြင်ဆင်၊ ဖြည့်စွက်ရေးသားကြရမည်ဖြစ်ပါကြောင်း၊ ဖက်ဒရယ်စနစ်၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ အာဏာခွဲဝေရေး၊ သယံဇာတခွဲဝေရေး စသည့် ကိစ္စများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်ရာတွင် နိုင်ငံများစွာတွင် ကျင့်သုံးနေသည့် Principle of Progressive Realization ကို ထည့်သွင်းစဉ်းစားလုပ်ဆောင်ရမည် ဖြစ်ပါကြောင်း။

၂၀၁၅ အထွေထွေရွေးကောက်ပွဲများသည် မိမိတို့နိုင်ငံ၏ သမိုင်းတစ်လျှောက်တွင် ထူးခြားမှုရှိမည့် ရွေးကောက်ပွဲပင် ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် အဓိကကျသည့် နိုင်ငံရေးအင်အားစုအားလုံး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်၍ ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်သည့် လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ဖြစ်ပေါ်ရေးအတွက် နိုင်ငံရေးအင်အားစုများအနေဖြင့် အမျိုးသားရေး တာဝန်အဖြစ် ရှုမြင်၍ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ၂၀၁၅ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ပြီး မြင်သာသည့် အသွင်ကူးပြောင်းရေး ဖြစ်ရန်အတွက် အဓိကကျသည့် ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုကို မိမိတို့အားလုံး လက်တွဲ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

၂၀၁၅ အထွေထွေရွေးကောက်ပွဲများအောင်မြင်စွာကျင်းပနိုင်မည်ဆိုလျှင် ပြည်သူများ၏ ဆန္ဒအမှန်ကိုဖော်ထုတ်ပြီး လွတ်လပ်စွာရွေးချယ်ခွင့်ရှိခြင်း၊ မြင်သာသည့် အသွင်ကူးပြောင်းမှုများမှ ပေါ်ပေါက်လာမည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများမှတစ်ဆင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုကိုအာမခံနိုင်ခြင်း၊ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဖက်ဒရယ်စနစ်အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးအတွက် အဓိကကျသောနိုင်ငံရေးဆွေးနွေးပွဲများကျင်းပနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါကြောင်း။

ကြားကာလတွင် ဖြေရှင်းဆောင်ရွက်ရမည့် မြေယာပြဿနာများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များတွင် စိန်ခေါ်မှုများ ရှိနေပါကြောင်း၊ တစ်ဆက်တည်းမှာပင် ပညာရေး ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်၍ ဆောင်ရွက်စရာများစွာရှိနေပါကြောင်း၊ အမျိုးသားပညာရေးဥပဒေသည် ရာနှုန်းပြည့် ပြီးပြည့်စုံသည့် ဥပဒေတစ်ရပ် မဟုတ်သေးသည်ကို လက်ခံပါကြောင်း၊ စံနှုန်းပြည့်မီသည့် ပညာရေးဥပဒေဖြစ်ရန်အတွက် ကျယ်ပြန့်သည့် ပါဝင်မှုများ၊ ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား၊ ဆရာ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားယဉ်ကျေးမှုများ အားလုံးလွှမ်းခြုံသည့် ကျယ်ပြန့်သောဆွေးနွေးမှုများနှင့် ပညာရေးစနစ်ကို ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းကြရမည်လည်း ဖြစ်ပါကြောင်း၊ နိုင်ငံရေးဖြစ်စဉ်များကြောင့် ပွင့်လင်းလာသည့် အခြေအနေများပေါ်တွင်အခြေခံပြီး ပြည်သူများ၏ လိုလားချက်များကို လက်တွေ့ကျသည့် ရလဒ်များအဖြစ် ပြောင်းလဲနိုင်ရန်အတွက် နိုင်ငံရေးအင်အားစုများက ဝိုင်းဝန်းထိန်းသိမ်း၍ ကြားကာလနိုင်ငံရေးတည်ငြိမ်မှုကို ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း။

မိမိပြောကြားခဲ့သည်များနှင့် ဆက်စပ်၍ လွှမ်းခြုံစဉ်းစားလျှင် ၂၀၁၅ ရွေးကောက်ပွဲများသည် တိုင်းပြည်အတွက် သမိုင်းဝင်အဖြစ်သာမကဘဲ တိုင်းပြည်၏ အနာဂတ် ကံကြမ္မာနှင့်လည်း ဆက်စပ်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ခိုင်မာသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ဆောင်ကြဉ်းပေးမည်ဖြစ်၍ ပေါ်ပေါက်နေသည့် စိန်ခေါ်မှုများကို နိုင်ငံရေးအင်အားစုများအနေဖြင့် လက်တွဲကြိုးပမ်းကျော်ဖြတ်နိုင်လျှင် တိုင်းပြည်အတွက် အကျိုးကျေးဇူးများစွာ ဖြစ်ပေါ်လာနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဖြစ်ထွန်းစေရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရေးနှင့် လွတ်လပ်၍ တရားမျှတသော ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ပြီး ညင်သာသောအသွင်ကူးပြောင်းမှု၊ နိုင်ငံရေးလုပ်ငန်းစဉ်များ ပေါ်ပေါက်ရေးနှင့် ကျန်ရှိနေသေးသည့် ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုရှိရေးတို့အပါအဝင် နိုင်ငံရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဆွေးနွေးပွဲနှင့် ပတ်သက်၍ ထုတ်ပြန်ချက်တစ်ရပ်ကို စုပေါင်း ဆွေးနွေးဆုံးဖြတ်ပြီးထုတ်ပြန်ခဲ့ကြကြောင်းသိရှိရသည်။

(ထုတ်ပြန်ချက်ကို သီးခြားဖော်ပြထားပါသည်။)

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်လာသော တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသော ညီညွတ်သော တိုင်းရင်းသားများ မဟာမိတ်အဖွဲ့ (UNA) မှ ဦးခွန်ထွန်းဦးအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဇန်နဝါရီ ၁၂ ရက် နိုင်ငံရေးဆွေးနွေးပွဲ တက်ရောက်သူများ

စဉ်	အမည်	အဖွဲ့အစည်း/တာဝန်
၁ ။	ဦးသိန်းစိန်	နိုင်ငံတော်သမ္မတ
၂ ။	ဒေါက်တာစိုင်းမောက်ခမ်း	ဒုတိယသမ္မတ
၃ ။	ဦးညဏ်ထွန်း	ဒုတိယသမ္မတ
၄ ။	သူရဦးရွှေမန်း	ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ
၅ ။	ဦးခင်အောင်မြင့်	အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ
၆ ။	ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်	တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
၇ ။	ဦးတင်အေး	ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ
၈ ။	ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း	ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
၉ ။	ဦးဌေးဦး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
၁၀ ။	ဒေါ်အောင်ဆန်းစုကြည်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
၁၁ ။	ဦးသန်းတင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
၁၂ ။	ဦးခင်မောင်ဆွေ	ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ်အဖွဲ့ (FDA)
၁၃ ။	ဦးစိုင်းအိုက်ပေါင်း	ညီနောင်တိုင်းရင်းသားများ ပါတီဖက်ဒရေးရှင်း(NBF)
၁၄ ။	ဦးခွန်ထွန်းဦး	ညီညွတ်သောတိုင်းရင်းသားများမဟာမိတ်အဖွဲ့(UNA)
၁၅ ။	ဒေါက်တာမနာမ်တူးဂျာ	ကချင်ပြည်နယ်ဒီမိုကရေစီပါတီ
၁၆ ။	ဦးဖိုးရယ်	လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ
၁၇ ။	ဦးစောထွန်းအောင်မြင့်	ကရင်ပြည်သူ့ပါတီ
၁၈ ။	ဦးဇိုဇမ်း	ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ
၁၉ ။	ဒေါက်တာမင်းနွယ်စိုး	မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
၂၀ ။	ဦးအေးသာအောင်	ရခိုင်အမျိုးသားပါတီ
၂၁ ။	ဦးခင်မောင်ဆွေ	ဗမာတိုင်းရင်းသားရေးရာဝန်ကြီး(ကချင်ပြည်နယ်)
၂၂ ။	ဒေါ်ခင်ပြုံးရည်	ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး(ကချင်ပြည်နယ်)
၂၃ ။	ဦးအားဆီ	လီဆူးတိုင်းရင်းသားရေးရာဝန်ကြီး(ကချင်ပြည်နယ်)
၂၄ ။	ဦးဂွမ်ရိန်ဒီး	ရဝမ်တိုင်းရင်းသားရေးရာဝန်ကြီး (ကချင်ပြည်နယ်)
၂၅ ။	ဦးစိန်ဦး	ဗမာတိုင်းရင်းသားရေးရာဝန်ကြီး (ကယားပြည်နယ်)
၂၆ ။	ဦးခင်ကြူး	ဗမာတိုင်းရင်းသားရေးရာဝန်ကြီး (ကရင်ပြည်နယ်)
၂၇ ။	ဦးနိုင်ချစ်ဦး	မွန်တိုင်းရင်းသားရေးရာဝန်ကြီး (ကရင်ပြည်နယ်)
၂၈ ။	ဦးခွန်သန်းမြင့်	ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး (ကရင်ပြည်နယ်)
၂၉ ။	ဦးစန်းရွှေ	ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး (စစ်ကိုင်းတိုင်းဒေသကြီး)
၃၀ ။	ဦးနိုထန်ကပ်	ချင်းတိုင်းရင်းသားရေးရာဝန်ကြီး (စစ်ကိုင်းတိုင်းဒေသကြီး)
၃၁ ။	ဦးစောဟာဘီး	ကရင်တိုင်းရင်းသားရေးရာဝန်ကြီး (တနင်္သာရီတိုင်းဒေသကြီး)
၃၂ ။	ဦးစောဂျူဘလီစံလှ	ကရင်တိုင်းရင်းသားရေးရာဝန်ကြီး (ပဲခူးတိုင်းဒေသကြီး)
၃၃ ။	ဦးဆလိုင်းလှထွန်း	ချင်းတိုင်းရင်းသားရေးရာဝန်ကြီး (မကွေးတိုင်းဒေသကြီး)
၃၄ ။	ဦးစိုင်းမောင်လှ	ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး (မန္တလေးတိုင်းဒေသကြီး)
၃၅ ။	ဦးသက်ဝင်း	ဗမာတိုင်းရင်းသားရေးရာဝန်ကြီး (မွန်ပြည်နယ်)
၃၆ ။	ဦးခွန်ဖေမြ	ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး (မွန်ပြည်နယ်)
၃၇ ။	ဦးစောအောင်ကျော်သိန်း	ကရင်တိုင်းရင်းသားရေးရာဝန်ကြီး (မွန်ပြည်နယ်)
၃၈ ။	ဦးကိုကိုနိုင်	ချင်းတိုင်းရင်းသားရေးရာဝန်ကြီး (ရခိုင်ပြည်နယ်)
၃၉ ။	ဦးဇော်အေးမောင်	ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး (ရန်ကုန်တိုင်းဒေသကြီး)
၄၀ ။	ဦးနိုင်ဝင်း	ဗမာတိုင်းရင်းသားရေးရာဝန်ကြီး (ရှမ်းပြည်နယ်)
၄၁ ။	ဦးဝင်းမြင့်	အင်းတိုင်းရင်းသားရေးရာဝန်ကြီး (ရှမ်းပြည်နယ်)
၄၂ ။	ဦးပီတာသောင်းစိန်	ကော်(အခါ)တိုင်းရင်းသားရေးရာဝန်ကြီး (ရှမ်းပြည်နယ်)
၄၃ ။	ဦးရှာမွေလရှဲန်	လားဟူတိုင်းရင်းသားရေးရာဝန်ကြီး (ရှမ်းပြည်နယ်)
၄၄ ။	ဦးဒူဝါဇုတ်ဒေါင်	ကချင်(ဂျိန်းဖော)တိုင်းရင်းသားရေးရာဝန်ကြီး (ရှမ်းပြည်နယ်)
၄၅ ။	ဦးလောရင်	ကယန်း(ပဒေါင်)တိုင်းရင်းသားရေးရာဝန်ကြီး (ရှမ်းပြည်နယ်)
၄၆ ။	ဦးဝုန်ဆန်(ခ)ယောဝိ	လီဆူးတိုင်းရင်းသားရေးရာဝန်ကြီး (ရှမ်းပြည်နယ်)
၄၇ ။	ဦးဘကြူး	ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး (ဧရာဝတီတိုင်းဒေသကြီး)
၄၈ ။	ဦးမန်းသန်းရွှေ	ကရင်တိုင်းရင်းသားရေးရာဝန်ကြီး (ဧရာဝတီတိုင်းဒေသကြီး)

❍ ကျောဖုံးမှ

ဖြစ်နေလို့ ကျွန်တော်တို့လုပ်နေတဲ့အချိန် ပြည်နယ်ဝန်ကြီးချုပ် လာရောက်ကြည့်ရှုပြီး အခုလိုနှစ်စဉ်မြို့တွင်း ရေလျှံမှုမဖြစ်အောင် ဒီမြို့လယ်ချောင်းနဲ့ ကုလားတန်မြစ်ဝကို Channel အကြီးစားကြီးလုပ်ဖို့နဲ့ ကွန်ကရစ်ခင်း ကြမ်းပြင်ကြီး လုပ်ဖို့ ကျွန်တော်တို့ ကုမ္ပဏီကို တာဝန်ပေးခဲ့ပါတယ်။ အဲဒါကြောင့် ဒီလုပ်ငန်းကို ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ တာဝန်ယူလုပ်ဆောင်ဖြစ်တာပါ” ဟု တာဝန်ယူတည်ဆောက်နေသည့် ဆုထူးစံဆောက်လုပ်ရေးကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးဆန်းဝင်းက ပြောကြားသည်။

အဆိုပါလုပ်ငန်းကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စစ်တွေမြို့အဝင် ကုလားတန်မြစ်ဝ ပြုပြင်တည်ဆောက်ရန်အတွက် ငွေကျပ်သန်းပေါင်း ၁၄၀နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဘတ်ဂျက်မှ မြို့လယ်ချောင်း အုတ်ရိုးစီ ကွန်ကရစ်ခင်းရန်အတွက် ငွေကျပ် ၈၀၅ သန်းဖြင့် အကုန်အကျခံတည်ဆောက်ခြင်းဖြစ်ကြောင်းသိရသည်။ လုပ်ငန်းများကို လုပ်သား ၂၅၀ ကျော်ဖြင့် စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိပြီး ယခုလာမည့် မတ်လအတွင်း အပြီးတည်ဆောက်ရန် လျာထားလုပ်ဆောင်လျက်ရှိသည်။ ဘီလူးမတံတားမှ ကုလားတန်မြစ်ဝအထိ အရှည်ပေ ၁၁၅၀ ရှည်ပြီး ဘိုးပိုင်ရိုက်၊ ကွန်ကရစ်ခင်းခြင်းနှင့် အမြင့် ၁၂ ပေ အထိမြင့်သည့် ကျောက်ကြီးစီနံရံလုပ်ငန်းများကို မိုးဦးမကျမီအချိန်အတွင်း ဆုထူးစံဆောက်လုပ်ရေးကုမ္ပဏီအနေဖြင့် အချိန်မြှင့် လုပ်ဆောင်နေပြီဖြစ်သည်။ အဆိုပါလုပ်ငန်းများကို ပညာရှင်များဖြင့် လုပ်ငန်းမစတင်မီဆာဗေးလုပ်ငန်းများကို နှစ်လကြာပြုလုပ်ခဲ့ကြောင်း သိရသည်။

“ကျွန်မတို့ စစ်တွေမြို့က ဒီမြို့လယ်ချောင်းအပြင် အခြားရေထွက်ပေါက် ချောင်းနှစ်ခုလည်းရှိပါသေးတယ်။ ဒါပေမယ့် ဒီမြို့လယ်ချောင်းကတော့ အဓိကနှစ်စဉ် ရေကြီးရေလျှံမှု အများဆုံးဖြစ်တာပါ။ တံတားကလည်း စုစုပေါင်း ကိုးစင်းရှိတော့ ဒီတံတားတွေ ပိတ်ဆို့နေမှုကြောင့်လည်းပါပါတယ်။ မိုးတွင်းကာလဆိုရင် အခက်အခဲကတော့ မျိုးစုံပါပဲ။ တချို့ဆို ဒီမြို့လယ်ချောင်းက လျှံတဲ့ရေနဲ့အတူ မြွေတက်တာတွေ အမြဲတွေ့ရတယ်။ ပြည်နယ်အစိုးရအဖွဲ့ကဦးစီးပြီး အခုလိုရေစီးရေလာကောင်းအောင် လုပ်လိုက်တာ ကောင်းပါတယ်။ ဒါအရင်ကတည်းက လုပ်သင့်တာပါ။ အခုလိုလုပ်လိုက်ခြင်းကြောင့် မြို့အနေနဲ့လည်း ဒီနှစ်မိုးတွင်းမှာ ရေကြီးရေလျှံမှု နည်းသွားပြီး မြို့သန့်ရှင်းသာယာမှုကို အထောက်အကူပြုမှာ အမှန်ပါပဲ” ဟု စစ်တွေမြို့ အိုးတန်းရပ်ကွက်မှ မအေးအေးမူက ပြောသည်။

စစ်တွေမြို့တွင် အဆိုပါမြို့လယ်ချောင်း ဝန်းကျင်ရှိရပ်ကွက်များမှာ မိုးတွင်းကာလ၌ နှစ်စဉ်ရေကြီးရေလျှံမှုများဖြစ်ပေါ်လေ့ ရှိခြင်းကြောင့် အဆိုပါချောင်းဘေးရပ်ကွက်နေပြည်သူများမှာ မိုးတွင်းကာလ၌ နှစ်စဉ်အခက်အခဲမျိုးစုံကို ကြုံတွေ့ခံစားရလျက်ရှိကြောင်း အဆိုပါ ရပ်ကွက်နေပြည်သူများထံမှ သိရသည်။

(မြန်မာ့အလင်း)

ခန္တီးမြို့နယ်တွင် ရော်ဘာစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ခန္တီး ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ခန္တီးခရိုင် ခန္တီးမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မင်းထက်ဦးကုမ္ပဏီတို့ပူးပေါင်း၍ ဒေသတွင်း လူမှုအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရေး ရည်ရွယ်၍ ရော်ဘာပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးနည်းစနစ် ပညာပေးခြင်း၊ ရော်ဘာအစေးထုတ် နည်းပညာများကို နယ်မြေကွင်းဆင်း ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။

ယခုအခါ ကင်းတော်ကျေးရွာအုပ်စု မင်းထက်ဦးကုမ္ပဏီရော်ဘာခြံတွင် စိုက်ပျိုးထားရှိသော ရော်ဘာစိုက်ဧက ၆၄ ဧကအတွင်းရှိ ရော်ဘာပင် ၂၀၀၀ မှာ အစေးထုတ်ယူနိုင်ပြီဖြစ်သည်။

အဆိုပါ ကုမ္ပဏီပိုင်စိုက်ခင်းမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း ရော်ဘာ စေး ၇၂၂ ပေါင် ထုတ်ယူနိုင်ပြီဖြစ်ပြီး တစ်ရက်လျှင် ပျမ်းမျှ ၃၈ ပေါင်ခန့် ရရှိနေပြီဖြစ်သည်။

ခန္တီးခရိုင်အတွင်း ရော်ဘာစိုက်ပျိုးထားရှိမှုမှာ ဖောင်ဆိုင်အုပ်စုတွင် ၃၁ ဧက၊ အောင်မြေအုပ်စုတွင် ၁၄၁ ဧက၊ အရှေ့ကောက်ထောင့်ရွာတွင် သုံးဧက၊ ကင်းတော်အုပ်စုတွင် ၆၆ ဧက စုစုပေါင်း ၂၄၁ ဧက စိုက်ပျိုးထားရှိကြောင်း သိရှိရသည်။ ဒေသတွင်း ရော်ဘာစိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းလျက်ရှိလာ၍ ဒေသခံများအနေဖြင့် စိုက်ပျိုးရန်ဆန္ဒရှိကြောင်း သတင်းရရှိသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ဖလော်ရီဒါရောက် မြန်မာအလှမယ်အတွက် ဆုသေးများ မဲပေးစနစ်စတင်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၂

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီကမ်းခြေတွင် ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် (၆၃) ကြိမ်မြောက် Miss Universe ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်မည့် အလှမယ် သျှားထွဋ်အိန္ဒြာမှာ နိုင်ငံတကာကိုယ်စားပြု အလှမယ်များနှင့်အတူ ပြိုင်ပွဲအတွက် လေ့ကျင့်ခြင်း၊ လေ့လာရေးခရီးစဉ်များ လည်ပတ်ခြင်း၊ ပရဟိတလုပ်ငန်းများအား အတူပူးတွဲလုပ်ဆောင်ခြင်း အပါအဝင် လေ့ကျင့်မှုများ၊ နိုင်ငံတကာကိုယ်စားပြု အလှမယ်တစ်ဦး၏ လုပ်ငန်းဆောင်တာများကို ဆက်တိုက် လုပ်ကိုင်နေရပြီဖြစ်ကာ Miss Universe ပြိုင်ပွဲကြီးအား အကြိတ်အနယ် ဝင်ရောက်ယှဉ်ပြိုင်ရန် အသင့်ရှိနေပြီဖြစ်ကြောင်း Miss Myanmar Universe Organization မှ သတင်းထုတ်ပြန်ထားသည်။

အလှမယ် သျှားထွဋ်အိန္ဒြာမှာ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ဒီဇင်ဘာ ၂၉ ရက်က အမေရိကန်နိုင်ငံသို့ ထွက်ခွာသွားခဲ့ပြီး သူနှင့်အတူ Miss Myanmar Universe Organization မှ တာဝန်ရှိသူများလည်း လိုက်ပါသွားခဲ့ကြသည်။

“ပြိုင်ပွဲဝင်တွေ အားလုံးနဲ့ အဆင်ပြေပါတယ်။ အစီအစဉ်တွေကလည်း အလွန်များပါတယ်။ နေ့စဉ်လေ့ကျင့်ရေး၊ လေ့လာရေးတွေ ပူးပေါင်းလုပ်ဆောင်ရတယ်။ သျှားထွဋ်အိန္ဒြာက အားလုံးနဲ့ အဆင်ပြေစွာနေထိုင်တတ်တဲ့ ကလေးတစ်ယောက်မို့ အခက်အခဲကြီးကြီးမားမားတော့မရှိပါဘူး။ နိုင်ငံတကာအတွေ့အကြုံအားနည်းတဲ့ အပိုင်းတွေတော့ရှိတာပေ့ါ။ ဘယ်လိုပဲဖြစ်ဖြစ် အောင်မြင်အောင် ကျော်ဖြတ်နိုင်မယ်လို့ ယုံကြည်တယ်”ဟု Miss Myanmar Universe Organization မှ တာဝန်ရှိသူက organization ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ပြောကြားသည်။

နောက်ဆုံးဆန်ခါတင် ၁၆ ဦးအတွင်း ပါဝင်နိုင်ရေးအတွက် People's Choice အဖြစ် မဲပေးရွေးချယ်ခွင့် ရှိမည်ဖြစ်သော်လည်း လက်ရှိတွင် Miss Universe Organization ၏ တရားဝင် Official Voting မဖွင့်သေးကြောင်း သိရသည်။

သို့သော် Pageantry & Beauty Queens Organization ၏ http://391856.tbits.me/ တွင် ဖေ့စ်ဘွတ်ခ်တစ်ခုလျှင်တစ်နေ့ ၁၉ ကြိမ် မဲပေးနိုင်ကြောင်းသိရသည်။ ထို့အပြင် Missosology People's Choice Award အတွက် ဖေ့စ်ဘွတ်ခ် သုံးစွဲသူများ တစ်နေ့ငါးကြိမ်နှုန်းဖြင့် http://344115.tbits.me/ သို့ ဝင်ရောက်မဲပေးနိုင်ပြီဖြစ်သည်။

လက်ရှိမဲပေးမှုအရ Pageantry and Beauty Queen link အတွင်း မြန်မာအလှမယ်မှာ မဲအရေအတွက် အများဆုံးဖြင့် ဦးဆောင်နေပြီး Missosology People's Choice Award ၌ တတိယမဲအများဆုံးအဖြစ်ရပ်တည်နေကြောင်းသိရသည်။

သျှားထွဋ်အိန္ဒြာအား အမေရိကန်၊ ဖလော်ရီဒါရောက် မြန်မာမိသားစုများက ကြိုဆိုခဲ့ကြပြီး ၁၉၅၉ ခုနှစ်တွင် မြန်မာကိုယ်စားပြု အလှမယ်အဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့သူ ဒေါ်သန်းသန်းအေးကလည်း မြန်မာအလှမယ်အား လေဆိပ်သို့ ရောက်ရှိစဉ်လာရောက်ကြိုဆိုခဲ့သည်။

သျှားထွဋ်အိန္ဒြာအား National Costume ပြိုင်ပွဲအတွက် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ဒေသအဖြစ် သတ်မှတ်ခံရသော ပျူမြို့များအနက်မှ ဗိဿနိုးမြို့ကို အုပ်ချုပ်သည့် ပန်ထွာဘုရင်မ၏ ဝတ်စုံဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ပန်းချီဆရာကြီး မောင်ကျော်ညွှန့်၏ ပန်ထွာပန်းချီကားမှ မှီငြမ်းကာ ဝတ်စုံ မကိုဋ်နှင့် ခါးစည်းတွင် သဘာဝမိုးကုတ်တွင်းထွက် ကျောက်မျက်များဖြင့် မန္တလေးက ကြေးပညာရှင်များက ပြုလုပ်ပေးထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

သတင်း - ခင်ရတနာ
ဓာတ်ပုံ - Miss Myanmar Universe Organization

Miss Universe ပြိုင်ပွဲဝင် မြန်မာအလှမယ် (ယာအစွန်)နှင့် နိုင်ငံတကာ အလှမယ်များကိုတွေ့ရစဉ်။

ပြည်တွင်းသတင်း

အားကစားဆေးဘက်ဆိုင်ရာ ကျွမ်းကျင်(အကြော) သင်တန်းဖွင့်ပွဲနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

အားကစားဝန်ကြီးဌာန အားကစားဆေးဘက်ဆိုင်ရာ ကျွမ်းကျင်(အကြော) သင်တန်း(၁/၂၀၁၅) ဖွင့်ပွဲကို ယနေ့ နံနက် ၈နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Multipurpose ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့ကာလ၌ အားကစားလောကတွင် သမားရိုးကျလေ့ကျင့်မှုများကို ဆေးဘက်ဆိုင်ရာ ပံ့ပိုးမှုများနှင့် ပေါင်းစပ်လေ့ကျင့်ပါက ရက်ပေါင်းများစွာလေ့ကျင့်မှ ရနိုင်မည့်ရလဒ်များကို ကာလတိုအတွင်းရရှိနိုင်မည်ဖြစ်ကြောင်း၊ ဆေးဘက်ဆိုင်ရာ ပံ့ပိုးမှုကြောင့် လေ့ကျင့်မှုကြောင့် ကုန်ဆုံးသွားသောကယ်လိုရီများ အမြန်ဆုံး ပြန်လည်ရရှိစေရန် အစာအာဟာရများ စနစ်တကျ ပြန်လည်ကျွေးမွေးခြင်း၊ အားကစားသမားများ၏ ကြွက်သားများ အကြောဆိုင်ရာ ကျစ်လျစ်သန်မာမှုများ၊ အမြန်ဆုံးရရှိစေရန် ခေတ်မီကြံ့ခိုင်ရေးစက်များအသုံးပြု၍ လေ့ကျင့်ပေးခြင်း၊ အားကစားသမားများ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုမြင့်မားစေဖို့ အားကစားစိတ်ပညာဆိုင်ရာဆန်းစစ်ခြင်း၊ ပညာပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ လေ့ကျင့်မှုကြောင့်ဖြစ်စေ၊ ပြိုင်ပွဲ၌ဖြစ်စေ၊ ထိခိုက်ဒဏ်ရာရရှိပါက ဒဏ်ရာကို ခေတ်မီအကြောဘက်ဆိုင်ရာ စက်ကိရိယာများဖြင့်ကုသ၍ အမြန်ဆုံး ပြန်လည်သက်သာကောင်းမွန်လာစေရေးနှင့် အကြောဘက်ဆိုင်ရာ၊ လေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်းစသည့် အားကစားသမားများအတွက် ဆေးဘက်ဆိုင်ရာပံ့ပိုးမှုများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချလိုက်သော သင်ခန်းစာများဖြင့် မြန်မာ့အားကစား တိုးတက်မြင့်မားရေးကို အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၉နာရီခွဲက နေပြည်တော် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၃၁) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် တတိယအကြိမ်မြောက် ပြည်ထောင်စုအစိုးရအဖွဲ့ ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် ယခုပြိုင်ပွဲသည် ပြည်ထောင်စုအစိုးရက ဦးစီးကျင်းပသည့် ဒုတိယအကြိမ်မြောက် ပြိုင်ပွဲဖြစ်ကြောင်း၊ ပြိုင်ပွဲကို ဇန်နဝါရီ ၂၄ ရက်နှင့်၂၅ ရက်များတွင် နေပြည်တော် မြို့တော်ဂေါက်ကွင်းနှင့် နေပြည်တော်(ရေပြာ) တပ်မတော်ဂေါက်ကွင်းများ၌ ကျင်းပမည်ဖြစ်ပြီး ဝန်ကြီးဌာနအသင်းအားလုံးပါဝင်ကာ ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကို ဧည့်သည်တော်ပြိုင်ပွဲ၊ အကျော့မဲ့ပြိုင်ပွဲ၊ တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဆပ်ကော်မတီ(၁၃)ရပ် ဖွဲ့စည်း၍ ကျင်းပသွားမည်ဖြစ်ကြောင်း ယခုအစည်းအဝေးတွင် ဆပ်ကော်မတီအသီးသီး၌ ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ လိုအပ်ချက်များ ညှိနှိုင်းဆွေးနွေးအတည်ပြုရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပြိုင်ပွဲကျင်းပမည့်ပုံစံများ စည်းမျဉ်းဥပဒေသများ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုများ၊ အစည်းအဝေး၌ အတည်ပြုရယူမည့်ဆုံးဖြတ်ချက်များကို ပရိုဂျက်တာနှင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသောဆပ်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များက ဆပ်ကော်မတီအသီးသီးအလိုက် လှုံ့ဆော်ရမည့် ကြိုတင်ပြင်ဆင်မှုများ၊ လိုအပ်ချက်များကိုဆွေးနွေးတင်ပြကြရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် အစည်းအဝေး တက်ရောက်လာကြသူများ ပြန်လည်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

အသက်(၁၀၀)နှင့်အထက် အဘိုး/အဘွားများအား ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ငွေပေးအပ်

တောင်ကြီး ဇန်နဝါရီ ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဂုဏ်ပြုခံအသက် (၁၀၀) နှင့်အထက် သက်ကြီး အဘိုး၊ အဘွားများအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေ ပေးအပ်ခြင်းနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ထပ်ဆင့်ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ငွေပေးအပ်ခြင်းကို ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီခွဲက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဘိုး၊ အဘွားများအား ဂုဏ်ပြုနှုတ်ခွန်းဆက် စကားပြောကြားပြီး အဘိုး၊ အဘွားများအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ငွေကျပ်နှစ်သိန်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထပ်ဆင့် ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ငွေကျပ် တစ်သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်မှ အဘိုး ဦးလုံစန်းတ၊ တောင်ကြီးမြို့နယ်မှ အဘွား ဒေါ်မန်းမာယာ၊ ညောင်ရွှေမြို့နယ်မှ အဘွား ဒေါ်ငြိမ်တို့အားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သည့် အဘိုး၊ အဘွားများ၏ကိုယ်စားများအားလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ)

နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ငွေပေးအပ် ဂုဏ်ပြုခံ အသက် (၁၀၀) နှစ်နှင့်အထက် အဘိုး၊ အဘွားများမှာ တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်တို့မှ စုစုပေါင်း အဘိုး၊ အဘွား ၁၆ ဦးတို့ဖြစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ညောင်ရွှေမြို့ ဟိုတယ်ဇုန်သို့ သွားရောက်ပြီး ဟိုတယ်ဇုန်အတွင်း လမ်းများ ဖောက်လုပ်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမည့် လျှပ်စစ်ဓာတ်အားခွဲရုံနှင့် မော်တော်စက်လှေဆိပ်ပြုလုပ်မည့်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြောင်း သိရသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မင်းကျန်စစ်ကုမ္ပဏီတို့က ဆောက်လုပ်လျက်ရှိသော အေးသာယာ ပြည်သူ့ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိပြီး ပြည်သူ့ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ နေပြည်တော်တွင် ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၂

စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (Fourth GMS Environment Ministers' Meeting - EMM 4 and related meetings) ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်မှ ၂၉ ရက်အထိ နေပြည်တော်၌ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးများသို့ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် မဟာမဲခေါင်ဒေသခွဲပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဗဟိုဌာန၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ဖင်လန်နိုင်ငံအစိုးရ၊ ဆွီဒင်နိုင်ငံအစိုးရ၊ နော်ဒစ်ဖွံ့ဖြိုးမှုရန်ပုံငွေ၊ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအေဂျင်စီများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် လူငယ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်သည်။ **သန်းဦး(လေးမျက်နှာ)**

နိုင်ငံဘက်စုံ တည်ဆောက်ဖို့ မှန်မှန်ကန်ကန် အခွန်ပေးစို့

❊ ရှေ့ဖုံးမှ

မြန်မာနိုင်ငံသို့ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှု အခြေအနေကိုကြည့်လျှင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁၃ ဘီလီယံခန့်သာ လာရောက်ရင်းနှီးမြှုပ်နှံခဲ့ခြင်းဖြစ်သည်။ သို့သော် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန် ဒေါ်လာ ၄ ဒသမ ၁၀၇ ဘီလီယံအထိ ရှိလာခဲ့ပြီး ယခု ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်ကာလကုန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်အထိ ရောက်ရှိလာမည်ဟု မျှော်မှန်းထားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်မှုမှာ စွမ်းအင်ကဏ္ဍဖြစ်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၃၀ ရာခိုင်နှုန်းကျော်ရှိကြောင်းသိရသည်။ ဒုတိယအများဆုံးရင်းနှီးမြှုပ်နှံမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံမှု အများဆုံး ပြုလုပ်လျက်ရှိသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံကရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆက်သွယ်ရေးလုပ်ငန်း၊ စွမ်းအင်နှင့်ဓာတ်သတ္တုတို့အပြင် စက်မှုလုပ်ငန်းကဏ္ဍများတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်ခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အတည်ပြုခဲ့ပြီးနောက် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ရန် စိတ်ဝင်စားသူများခဲ့ပြီး ရင်းနှီးမြှုပ်နှံခွင့်ရရှိရန် လျှောက်ထားသူများပြားလျက်ရှိနေသည်။ **(မြန်မာ့အလင်း)**

ရသေ့တောင်မြို့နယ်အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးဖိတ်ကြားခြင်း

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်အသင်း၏ သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို၁၈-၁-၂၀၁၅ရက် နံနက် ၉:၀၀ နာရီတွင် တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းအလိုတော်ပြည့်ကျောင်းတိုက်၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် ရန်ကုန်ရောက် ရသေ့တောင်မြို့နယ်သူမြို့နယ်သားများမှ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၂၀၁၅ ခုနှစ်တွင် ဓမ္မာစရိယအောင်မြင်ကြသည့် သံဃာတော်များနှင့် တစ်နိုင်ငံလုံးအဆင့် စာမေးပွဲများတွင် (ပ၊ ဒု၊တ)ဖြင့် အောင်မြင်သည့်သံဃာတော်များအနေဖြင့် ၁၆-၁-၂၀၁၅ရက်ကို နောက်ဆုံးထားပြီး သာကေတမြို့နယ် မင်္ဂလာသီရိကျောင်းတိုက် ဆရာတော်ထံတွင် စာရင်းပေးနိုင်ပါသည်။

(ဖုန်း-၀၉-၄၅၀၀၁၀၈၄၀)

အသက်(၇၅)နှစ်အထက် သက်ကြီးများနှင့် ဂုဏ်ထူး(၃)ဘာသာနှင့်အထက် ကျောင်းသားကျောင်းသူများစာရင်းကို ၁၅-၁-၂၀၁၅ရက် နောက်ဆုံးထား၍ အမှတ်စာရင်းမိတ္တူနှင့်တကွ ပေးပို့ကြပါရန်နှင့် လှူဒါန်းလိုသူများအောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဦးစံလှမောင်	ဥက္ကဋ္ဌ	ဖုန်း-၀၉-၄၄၈၅၃၇၈၃၄
၂။ ဦးရဲမြင့်	ဒု-ဥက္ကဋ္ဌ	ဖုန်း-၀၉-၈၆၁၄၇၁၇
၃။ ဦးကျော်အေးမောင်	(အတွင်းရေးမှူး)	ဖုန်း-၀၉-၄၂၅၀၁၈၄၇၇
၄။ ဒေါ်ဒေစီသန်း	(တွဲဖက်အတွင်းရေးမှူး)	ဖုန်း-၀၉-၅၀၆၂၈၉၆

ကံညံ့ရင် ကူဖြည့်ရမည့်အရာ
ကံတက်ရင်ဖယ်နုတ်ရမည့်အရာ
ဦးကျော်ဇေယျ
စာအုပ်ထွက်ပါပြီ။ ဖုန်း ၀၉၇၃၀၄၅၈၃၅

အရာရှိဖြစ်သူများရေးပြလျှင်သတင်းစာ ဆုံမည်မဟုတ်
ဓါရှင်ဆရာကြီး
SH မြင့်သူထက် YU
JO
စွမ်းအင်၊ စည်ပင်၊ လူမှုဝန်ထမ်း အလုပ်သမား၊ အား ကာ၊ ကျွန်းပျူဘာ အမြန်သင်တန်း
တရားသူကြီး ကျောင်းအုပ်
ဒု-အကောက်ခွန်မှူး၊ အမျိုးသမီးစိုလ်လောင်း ဗဟိုဘဏ်
ပို့ဆောင်ရေး၊ စာရင်းစစ်၊ အမျိုးသားစီမံကိန်း
Centre

ပျောက်ဆုံးကြောင်း

မဇာခြည်လွင် ၁၂/စခန(နိုင်)၀၅၀၀၅၆၏ ပတ်စ်ပို့စာအုပ် အမှတ်မမှတ်မိသည် ၁-၁၀-၂၀၁၄ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၆၆၆၂၂၁**

စာမျက်နှာ ၆ မှ

အဆိုပါ နိုင်ငံရေးစနစ်တွင် ပါလီမန်၏အနေအထားမှာ လုပ်ပိုင်ခွင့်များစွာရှိနေသည့် သဘောမျိုး တွေ့ရှိရပါသည်။ သမ္မတအုပ်ချုပ်ရေး (Presedential Executive)တွင်ရှိ တရားရုံးချုပ်သည် ဥပဒေပြုရေး မဏ္ဍိုင်၏ လုပ်ဆောင်မှုများသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ကိုက်ညီမှုရှိမရှိ အကဲဖြတ်ခြင်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီခြင်းမရှိသော ဥပဒေများ ပယ်ဖျက်ခြင်းစသည်တို့ကို ဆောင်ရွက်သဖြင့် သမ္မတအုပ်ချုပ်ရေးတွင်ရှိ တရားရုံးချုပ်သည် ပါလီမန်အုပ်ချုပ်ရေးတွင်ရှိ တရားရုံးချုပ်ထက် ပို၍အခွင့်အာဏာအပ်နှင်းထားကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ပါလီမန်အုပ်ချုပ်ရေး (Presedential Executive)တွင် လွှတ်တော်ပါလီမန်နှင့် အုပ်ချုပ်ရေး မဏ္ဍိုင်တို့မှာ သမ္မတအုပ်ချုပ်ရေး (Presedential Executive)မှာကဲ့သို့ သီးခြားစီမဟုတ်ဘဲ ဝန်ကြီး၊ ဒုတိယဝန်ကြီးများသည် လွှတ်တော်ပါလီမန်အမတ်များ ဖြစ်ကြပြီး အမတ်နေရာကိုစွန့်ပေးစရာမလိုဘဲ အုပ်ချုပ်ရေးတွင် တာဝန်ထမ်းဆောင်နိုင်ကြပါသည်။ ပါလီမန်အုပ်ချုပ်ရေးတွင် ရွေးကောက်ပွဲ၌ တစ်ပါတီတည်းက ထောက်ခံမဲ ၅၀ရာခိုင်နှုန်းကျော်ရရှိပါက အာဏာရပါတီဖြစ်လာပြီး နိုင်ငံကိုစီမံအုပ်ချုပ်ရပါသည်။ သို့ဖြစ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်ပြီး အယုံအကြည်မရှိ အဆိုတင်သွင်းခံရခြင်းအခြေအနေ အလားအလာနည်းပါးသဖြင့် နိုင်ငံရေးတည်ငြိမ်မှုကို ဖြစ်ထွန်းစေပါသည်။ သို့ရာတွင် ပါလီမန်နှင့် အုပ်ချုပ်ရေးပိုင်းတို့တွင် အဆိုပါအာဏာရပါတီမှ အမတ်များတွင်သာ လုပ်ပိုင်ခွင့်များစွာရှိနေပြီး ၎င်းတို့ လုပ်ဆောင်ချင်သည်များကို ပါလီမန်တွင် ကန့်ကွက်မှုမရှိ အလွယ်တကူ ဆောင်ရွက်နိုင်သဖြင့် Parliamentary Dictatorship ခေါ် ပါလီမန်အာဏာပိုင်စိုးမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ လုပ်မှားကိုင်မှားများ ရှိပါကလည်း ဆန့်ကျင်ထောက်ပြသူနည်းပါးသဖြင့် အမှားများလည်း ဖြစ်ပေါ်နိုင်ပါသည်။ သို့သော် ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၅၀ ရာခိုင်နှုန်းကျော်မရရှိပါက အစိုးရဖွဲ့စည်းရန် အခြားပါတီငယ်များနှင့် မဟာမိတ်ဖွဲ့ပြီး ညွန့်ပေါင်းအစိုးရဖွဲ့စည်းရသဖြင့် ယင်းအခြေအနေမျိုးတွင် နိုင်ငံရေးအာဏာရရှိရန် ပါတီငယ်များ၏ အခန်းကဏ္ဍမှာ အရေးပါ(Key Role)ကြောင်း လေ့လာတွေ့ရှိရပါသည်။

သမ္မတအုပ်ချုပ်ရေး (Presedential Executive) တွင် ကွန်ဂရက်လွှတ်တော်နှင့် အုပ်ချုပ်ရေးကို သီးခြားထားရှိပြီး အုပ်ချုပ်ရေးမဏ္ဍိုင်မှသူများမှာ ကွန်ဂရက်လွှတ်တော်မှ အမတ်တစ်ဦးဖြစ်စရာမလိုဘဲ အမတ်တစ်ဦးမှ အုပ်ချုပ်ရေးပိုင်းတွင် ရာထူးရရှိပါကလည်း အမတ်ရာထူးမှ နုတ်ထွက်ရမည်ဖြစ်ပါသည်။ ကွန်ဂရက်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်အကြား အာဏာကို ခွဲဝေကျင့်သုံးသောကြောင့် ဆုံးဖြတ်ချက်ချမှတ်ရန် အဆင့်ဆင့်ဖြတ်သန်းရပြီး အလွယ်တကူလုပ်ဆောင်ရခြင်းမျိုးမဟုတ်ပေ။ ထို့ကြောင့် အားသာချက်အနေဖြင့် အမှားနည်းပြီး တစ်ဦးတစ်ယောက်တည်းက အာဏာရှင်ဆန်ဆန် ကျင့်သုံးခြင်းမျိုးကို ရှောင်လွှဲနိုင်စေပါသည်။ အားနည်းချက်အနေဖြင့် အချိန်ကုန်ခြင်း၊ ကုန်ကျမှုများခြင်းနှင့် အရေးတကြီးဆုံးဖြတ်ရန်ကိစ္စများအတွက် အခက်အခဲတွေ့နိုင်ခြင်းများ ဖြစ်ပါသည်။

ထို့ပြင် ကွန်ဂရက်နှင့်အုပ်ချုပ်ရေးမဏ္ဍိုင်တို့သည် သီးခြားစီရှိသဖြင့် အဆိုပါမဏ္ဍိုင်များအကြား အငြင်းပွားခြင်း (အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ အငြင်းပွားခြင်း)များ ဖြစ်လာပါက တိကျစွာအဆုံးအဖြတ်ပေးနိုင်သည့် အစီအမံများ ထားရှိရန်အထူးလိုအပ်ပါသည်။ သို့မှသာ ပြဿနာနည်းပါးပြီး၊ မဏ္ဍိုင်များအကြား ဟန်ချက်ညီစွာဖြင့် ထိန်းကျောင်းနိုင်မည်ဖြစ်ကာ နိုင်ငံရေးတည်ငြိမ်မှုကို ဖြစ်ထွန်းစေမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ပါလီမန်အုပ်ချုပ်ရေး (Parliamentary Executive) သည် မဏ္ဍိုင်သုံးရပ်အကြား ဟန်ချက်ညီသော အပြန်အလှန်ထိန်းကျောင်းမှု ပုံစံထက် အပြန်အလှန်ဆက်စပ်မှုပုံစံကို တွေ့ရှိရကြောင်း လေ့လာတင်ပြအပ်ပါသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ယာဉ်ဝင်တိုက်သည့် ဓာတ်တိုင်များ ပြန်လည်စိုက်ထူ

ရန်ကုန် ဇန်နဝါရီ ၁၂

ဇန်နဝါရီ ၈ ရက် ည ၁၁ နာရီက ရန်ကုန်မြို့တွင်းမှ ဘုရင့်နောင်လမ်းမကြီးအတိုင်း မောင်းနှင်လာသော ၁၀ ဘီး နှစ်ဆန်းအမျိုးအစား ကုန်သေတ္တာတင်ယာဉ်အမှတ် ၃ခ/-----သည် ရွာမကျောင်းလမ်းဆုံအလွန်ရှိ လျှပ်စစ်ဓာတ်တိုင်ကို ဝင်တိုက်မိရာ ဓာတ်တိုင်တစ်တိုင်အခြေမှ ပိုင်းပြတ်ကျိုးပဲ့သွားပြီး ဓာတ်တိုင်များ၏ အပေါ်ကြိုးလိုင်းများပါ ပျက်စီးမှုရှိခဲ့ကြောင်း၊ အဆိုပါယာဉ်ကို ဇန်နဝါရီ ၉ ရက်မွန်းလွဲ ၁ နာရီက ကရိန်းဆွဲကားဖြင့် ဖယ်ရှားသွားကြောင်း၊ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် ယင်းဓာတ်တိုင်နှင့် ဓာတ်အားလိုင်း အသစ်စိုက်ထူခြင်း ပြုပြင်ခြင်းများကို တစ်နေကုန် ဆောင်ရွက်နေကြောင်း အဆိုပါနေရာအနီး နေထိုင်သူများက ဆိုသည်။

အဆိုပါဓာတ်တိုင်ကို ဝင်တိုက်မိ၍ ဓာတ်တိုင်အနီးရှိ တိုက်ခန်းများ ယာဉ်တိုက်မှုအန္တရာယ်မှ ကင်းဝေးသော်လည်း ယင်းလမ်းဆုံအနီး မကြာခဏ ဖြစ်ပွားလေ့ရှိသော ယာဉ်တိုက်မှုများအတွက် ကြိုတင်ကာကွယ် စီမံပြုလုပ်ပေးစေလိုကြောင်း၊ အဆိုပါနေရာဝန်းကျင်တွင် ယာဉ်တိုက်မှုဖြစ်တိုင်း ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ယာဉ်ပိတ်ဆို့မှု ကြာမြင့်စွာဖြစ်လေ့ရှိရာ လမ်းအသုံးပြုသွားလာသူများ အချိန်ကြန့်ကြာမှုများ ကြုံတွေ့ရသည်ဟု လိုင်းကားစီးခရီးသည် တစ်ဦးဖြစ်သူ ကြည့်မြင်တိုင်မြို့နယ်နေ ဦးအငယ်လေးက ဆိုသည်။

ခင်ဆိုင်

ကံမမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

ကံမ ဇန်နဝါရီ ၁၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် စပယ်ခြံကျေးရွာအနီး ကံမ-ပြကြီးကားလမ်း မိုင်တိုင်အမှတ် ၃/၃ နှင့် ၃/၄ အကြားတွင် ဇန်နဝါရီ ၁၂ရက် နံနက် ၉ နာရီက ယာဉ်မောင်း မင်းမင်းစိုး(၃၆ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် 6E/---ကင်တာ ခြောက်ဘီးယာဉ်သည် အရှိန်မထိန်းနိုင်သဖြင့် လမ်း၏ ညာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ အဆိုပါယာဉ်တိမ်းမှောက်မှုတွင် ယာဉ်မောင်း မင်းမင်းစိုးသည် အရက်သေစာ သောက်စားထားပြီး ၎င်းနှင့်အတူ ကားရှေ့ခန်းမှ လိုက်ပါလာသူနှစ်ဦးတို့မှာလည်း ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ကြသဖြင့် ကံမမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရပြီး အသက်အန္တရာယ် စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

ကိုကိုကျော်(ကံမ)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကြက်သွန်နီ၊ ကြက်သွန်ဖြူ အာလူးအိတ်အလေးချိန်နှင့်လုပ်အားခ ပြောင်းလဲသတ်မှတ်

ရန်ကုန် ဇန်နဝါရီ ၁၂

ဘုရင့်နောင်ကုန်စည်ပွဲရုံအတွင်း ကြက်သွန်နီ၊ ကြက်သွန်ဖြူ အာလူး အိတ်များအလေးချိန်၊ လုပ်အားခနှုန်း ထားများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပွဲရုံပိုင်ရှင်များ၏ သဘောတူညီချက် အရ ဇန်နဝါရီ ၉ ရက် နေ့စွဲပါ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန် ဖြူနှင့် စားဖိုဆောင်သုံး သီးနှံစိုက်ပျိုး ထုတ်လုပ်ရောင်းချသူများ အသင်း မှ အကြောင်းကြားစာတစ်စောင်ကို ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ကြက် သွန်၊ အာလူးပွဲရုံများသို့ ဇန်နဝါရီ ၁၀ ရက်က ဝေငှခဲ့ကြောင်း ရေတမာ လမ်းရှိ ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦး က ပြောသည်။

အဆိုပါစာတွင် ကြက်သွန်နီ၊ ကြက်သွန်ဖြူအိတ်ခွံ အရွယ်အစား မှာ(၂၀×၃၀) လက်မအရွယ်ဖြစ်ပြီး အလေးချိန် ၂၅ ပိဿာ၊ ပွဲရုံချ အလုပ် သမားခတစ်အိတ်ငွေကျပ် ၄၀၊ ချိန်တင်လုပ်အားခငွေကျပ် ၅၀၊ လှည်းဆွဲခ ၁၀၀ ကျပ်နှုန်း၊ အာလူး အိတ်မှာ (၂၀×၃၄) လက်မဖြစ်ပြီး လေးချိန် ၃၀ ပိဿာပွဲရုံချ အလုပ် သမားခ ၅၀ ကျပ်၊ချိန်တင် ၆၀ ကျပ်၊ လှည်းဆွဲ ၁၂၅ ကျပ်ဖြစ်ကြောင်း၊ ယခင်အသုံးပြုခဲ့သော အိတ်ခွံဆိုက် ကြီး လက်ကျန်များကို ဖေဖော်ဝါရီ ၁၂ ရက်နောက်ဆုံးထား၍ အပြီး အပြတ်ရှင်းရန် သတ်မှတ်ထား ကြောင်း ပါရှိသည်ဟုသိရသည်။

၂၀၁၄ ခုနှစ် ဧပြီ ၂၈ ရက်နေ့စွဲ ဖြင့် ဘုရင့်နောင်ပွဲရုံနယ်မြေရှိ ကုန် မျိုးစုံ ကုန်ခြောက်(လက်လီ)ပွဲရုံများ၏ ကုန်တင်ကုန်ချနှုန်းများ ပြင်ဆင်သတ် မှတ်သည့် စာတစ်စောင်ကို ဘုရင့် နောင်ကုန်စည်ဒိုင်မှ ထုတ်ပြန်ခဲ့ရာ ၂၀၁၄ မေ ၂ ရက်မှစ၍ ကြက်သွန်နီ တစ်အိတ် ကားချခ ငွေကျပ် ၆၀၊ ချိန် တင် ၇၅ ကျပ်၊ အာလူးတစ်အိတ် ကားချခ ၇၅ ကျပ်၊ ချိန်တင် ၁၀၀ ကျပ်ဟု ပါရှိကြောင်း၊ ယင်းကာလ တွင် အိတ်ခွံကြီးများဖြင့် ကြက်သွန်နီ တစ် အိတ်လျှင်ပျမ်းမျှ ၃၅ ပိဿာမှ ၄၀ အတွင်း၊ အာလူးတစ်အိတ်လျှင် ပိဿာ ၄၀ မှ ၅၀ အတွင်းထည့်သွင်း ခဲ့ကြောင်း၊ တစ်အိတ် လျှင်အလေးချိန် ပိဿာ ၃၀ ထက်ပိုသဖြင့် ကုန်ပစ္စည်း များနိုင်နင်းစွာ ထမ်းနိုင်သည့် လုပ် သားနည်းလာ၍ ပြင်ဆင်သတ် မှတ်ရခြင်း ဖြစ်သည်ဟု ပွဲရုံလုပ်ငန်း ပိုင်ရှင်များက ပြောသည်။

ခင်ဆိုင်

တရုတ်ထွက် ဂေါ်ဖီနှင်းဆီပန်းတစ်မျိုး ပဲခူးဈေးကွက်သို့ ဝင်ရောက်လာ

ပဲခူး ဇန်နဝါရီ ၁၂

ပဲခူးမြို့ ဘုရားပန်းနှင့် အိမ်အလှ ဆင်ပန်းဈေးကွက်အတွင်းသို့ တရုတ် နိုင်ငံမှထွက်သည့် ဂေါ်ဖီနှင်းဆီပန်း တစ်မျိုး လွန်ခဲ့သည့်တစ်လခန့်မှ

စတင်ကာ ဝင်ရောက်ခဲ့ကြောင်း ပဲခူး မြို့ရှိ ဘုရားပန်းနှင့် အလှဆင်ပန်း လက်လီလက်ကား ရောင်းချသူများ ထံမှသိရသည်။

ယင်းဂေါ်ဖီနှင်းဆီပန်းမှာ သာ မန်နှင်းဆီပန်းများထက် အရွယ်အစား ပိုမိုကြီးမားကာ ဂေါ်ဖီထုပ်အရွယ် ခန့်ရှိကြောင်း၊ ဈေးနှုန်းအားဖြင့် ငွေကျပ်၂၀၀၀ ဝန်းကျင်ခန့်ဖြင့် ဝယ် ယူရပြီး ပြန်လည်ရောင်းချရာတွင် ငွေကျပ် ၂၅၀၀ ရာမှ ၃၀၀၀ ခန့်အထိ ပြန်လည်ရောင်းချရကြောင်း၊ တရုတ် နိုင်ငံမှ ဝင်ရောက်ရာတွင် အဖြူရောင် နှင့် ခရမ်းရောင် နှစ်မျိုးတည်းသာ ဝင်ရောက်သော်လည်း မြန်မာနိုင်ငံ အတွင်းရောက်ပါက ဆေးရည်စိမ် ကာ အရောင်မျိုးစုံပြုလုပ်ပြီး ပြန်လည် ရောင်းချကြောင်း၊ ဝယ်သူများပြီး တစ်နေ့လျှင် အပွင့် ၃၀ ခန့်ရောင်းချရ ကြောင်း ပဲခူးမြို့ သီရိဥဿာဈေးကြီး အတွင်း ဘုရားပန်းနှင့် အလှဆင်ပန်း လက်လီလက်ကားရောင်းချ သူတစ်ဦး က ပြောသည်။ **ကိုလွင် (ဆွာ)**

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးဟောပြော

ကန့်ဘလူ ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူ မြို့နယ်၌ ၂၀၁၄-၂၀၁၅ ပညာသင် နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူများအောင် ချက်မြင့်မားရေးအတွက် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီက ဇီးကုန်း (တ) ကျေးရွာ အခြေခံပညာအထက် တန်းကျောင်း၌ ဆွေးနွေးဟောပြော ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် ရွှေဘိုတက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူး) ဓာတုဗေဒဆရာ ဒေါက်တာ ချစ်အောင် ဦးဆောင်၍ ပါမောက္ခ၊ ကထိက၊ ဆရာ ဆရာမ ခြောက်ဦးက သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူများကို ဟောပြောပို့ချခဲ့သည်။ ဆက်လက်၍ ကန့်ဘလူမြို့နယ်ရှိ အထက်တန်း ကျောင်းများတွင်လည်း အောင် ချက်မြင့်မားရေး ဟောပြောပို့ချမည် ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၂-၁-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၀၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၀၂၀၀

စက်သုံးဆီဈေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၇၈၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၇၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၉၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၇၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၄၅၀၀-၇၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၁၇၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၇၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၃၈-၁၀၄၀
ဥရောပ	တစ်ယူရို	၁၂၆၅-၁၂၈၀
စင်ကာပူ	တစ်ဒေါ်လာ	၇၈၀-၇၈၉
ထိုင်း	တစ်ဘတ်	၃၀-၃၀.၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅၇၆
တရုတ်	တစ်ယွမ်	၁၆၅-၁၇၀
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၂

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နွေဆန်	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၅၅၀၀-၁၅၈၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၆၀၀၀-၃၀၅၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၈၃
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၂၅-၃၅၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၁၉၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၇၅-၁၅၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၉၀-၆၉၀
ရေတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၅၅၀-၂၆၅၀
ရေတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၂၀၀-၄၈၀၀
သကြား	တစ်ပိဿာ	၈၅၀-၉၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့် အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

တောင်ငူမြို့ မြို့မဈေးကြီး ရုံ(၁၅)ရှိ ခေါင်မိုးသွပ်နှင့် ရေတံလျှောက်ကြားတွင် လက်ပစ်ဗုံးတွေ့ရှိ

တောင်ငူ ဇန်နဝါရီ ၁၂

တောင်ငူမြို့ (၁၆)ရပ်ကွက် ကုန် သည်ကြီးလမ်းရှိ မြို့မဈေးကြီးအတွင်း ရုံအမှတ် (၁၅)ခေါင်မိုးသွပ်နှင့် ရေ တံလျှောက်ကြားတွင် ဇန်နဝါရီ ၁၂ ရက် နံနက် ၈ နာရီခွဲက လက်ပစ်ဗုံး တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဈေးတာဝန်ခံ ဦးနိုင် ဝင်းနှင့် အလုပ်သမား ဦးထိန်ဝင်း၊ ဦးစိုးမင်းနိုင်၊ ဦးကျော်မင်းတို့သုံးဦး သည် မြို့မဈေးကြီး ရုံအမှတ်(၁၅)ရှိ ဆိုင်ခန်းအမှတ်(၁၃၆) ခိုင်သစ္စာ ရွှေဆိုင်ခေါင်မိုးပေါ်ရှိ သွပ်ဟောင်း များနှင့် ရေတံလျှောက်များ လဲလှယ် ရန်ဖြုတ်နေစဉ် ၄င်းခေါင်မိုးသွပ်နှင့်



ရေတံလျှောက်ကြားတွင် သံချေးတက် နေသော အမြင့်သုံးလက်မ၊ လုံးပတ် နှစ်လက်မခွဲခန့် စနက်တံကွင်းတပ် လျက် တွေ့ရှိရသဖြင့် ဈေးတာဝန်ခံ ဦးနိုင်ဝင်းက တောင်ငူမြို့အမှတ်(၂) ရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

အခင်းဖြစ်ရာသို့ တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စောသန်းလွင် နှင့် အဖွဲ့ကသွားရောက်စစ်ဆေးခဲ့ပြီး အဆိုပါဗုံးကို လုံခြုံမှုရှိစေရန် သဲအိတ်များဖြင့် ကာရံထားကြောင်း သိရသည်။ ယင်းနောက် နယ်မြေခံ တပ်မှ ဒုတိယဗိုလ်မှူးကြီးနေလင်း ထွန်းနှင့်အဖွဲ့ ရောက်ရှိလာပြီး ဗုံးသီးကို အန္တရာယ်ကင်းသည့် နေရာသို့ သယ်ဆောင်သွားကြောင်း သိရသည်။ အဆိုပါရုံအမှတ်(၁၅) သည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က မြို့မဈေးကြီး မီးလောင်ကျွမ်းရာတွင် မီးလောင်ကျွမ်းခြင်းမရှိဘဲ ကျန်ရှိ နေသည့်ရုံဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

ဂုဏ်ယူဝမ်းမြောက်ကြောင်း

TRISTAR

သည်နိုင်ငံတကာအသိမှတ်ပြုအရည်အသွေး
စီမံခန့်ခွဲမှု(ISO 9001:2008)လက်မှတ်ရရှိသည့်အတွက် အထူးပင်ဂုဏ်ယူ
ဝမ်းမြောက်မိပါကြောင်းနှင့်
နိုင်ငံတကာအသိမှတ်ပြုအရည်အသွေးစီမံခန့်ခွဲမှုစနစ်
ယခုထက်ပို၍ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။
"အင်းဝဘဏ်" ကုမ္ပဏီလီမိတက်
အမှတ်(၁)အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း
"MEC Telecommunication (MEC Tel)"
"Myanmar Mobile Money"
"Dagon Beverages Company Limited"

နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

စပိန်ဘုရင့်ဖလား ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များ

စပိန်ဘုရင့်ဖလား ၁၆ သင်းအဆင့် ဒုတိယ အကျော့ ရှုံးထွက် ပွဲစဉ်တွေကို ဇန်နဝါရီ ၁၄ ရက်နဲ့ ၁၅ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ အရေးကြီးတဲ့ပွဲစဉ်ဖြစ်လို့ ဘယ်အသင်းမှအများအယွင်းခံမှာမဟုတ်ဘဲ အလေးအနက်ထားပြီး ကစားကြပါလိမ့်မယ်။ ဒီပွဲစဉ်မှာ ရီးရဲမက်ဒရစ်နဲ့ အက်သလက်တီကိုအသင်းတို့ရဲ့ ဒုတိယ အကျော့တွေ့ဆုံမှုက ပရိသတ်တွေအတွက် ရင်ခုန်လှိုက်မောဖွယ်ရာ အဖြေညှိကြရဦးမှာ ဖြစ်ပါတယ်။

ရီးရဲမက်ဒရစ်နှင့် အက်သလက်တီကို

ပထမအကျော့ပွဲစဉ်မှာ အက်သလက်တီကိုတို့က နှစ်ဂိုးပြတ်နိုင်ထားတာမို့ အခုပွဲရလဒ်ကိုတော့ ရီးရဲမက်ဒရစ်တို့ ရေကုန်ရေခန်းကစားပြီး ပီပြင်အောင်ပုံဖော်ဖို့ ကြိုးစားတော့မှာဖြစ်ပါတယ်။ ကစားအားကောင်းနေတဲ့ အက်သလက်တီကိုတို့ကို ရီးရဲမက်ဒရစ်တို့ အမာခံကစားသမားတွေ အကုန်ပွဲထွက်ကစားမှ ရပါလိမ့်မယ်။ လာလီဂါမှာ တိုက်စစ်စွမ်းရည်အထက်မြက်ဆုံး ပိုင်ဆိုင်ထားတဲ့ ရီးရဲမက်ဒရစ်တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းခြေစွမ်းကောင်းမှသာ မျှော်လင့်ချက်ပြည့်ဝနိုင်ပေမယ့် ခက်ခဲပါလိမ့်မယ်။

အယ်လ်ချီနှင့် ဘာစီလိုနာ

ဘာစီလိုနာဟာ ပထမအကျော့ပွဲစဉ်မှာ ငါးဂိုးပြတ်အနိုင်ရထားတာမို့ အခုပွဲမှာ အယ်လ်ချီတို့ အဲဒီရလဒ်ကိုကျော်ဖြတ်ဖို့ မလွယ်ပါဘူး၊ နောက်တစ်ဆင့်တက်ဖို့ သေချာနေပြီဖြစ်တဲ့ ဘာစီလိုနာတို့ကတော့ အယ်လ်ချီကွင်းမှာ စိတ်တိုင်းကျပုံဖော်ကစားသွားပါလိမ့်မယ်။

ဘီလ်ဘာအိုနှင့် ဆယ်လ်တာဗီဂို

ပထမအကျော့မှာ လေးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရထားတဲ့ ဘီလ်ဘာအိုတို့အတွက် အခုပွဲအိမ်ကွင်းမှာလည်း အသာစီးရအောင်ကစားပါလိမ့်မယ်။ စပိန်ဘုရင့်ဖလားတွေမှာ အားထည့်ကစားတတ်တဲ့ ဘီလ်ဘာအိုတို့ကို ဆယ်လ်တာဗီဂိုတို့ ဟန့်တားဖို့တော့မလွယ်ပါဘူး။

လီဗန်တေးနှင့် မာလာဂါ

မာလာဂါတို့ ခြေစွမ်းကောင်းမွန်နေတာမို့ ပထမအကျော့မှာ လီဗန်တေးကို နှစ်ဂိုးပြတ်နိုင်ပွဲရထားပါတယ်။ လာလီဂါမှာတိုက်စစ်ရော ခံစစ်ပါကောင်းမွန်နေတဲ့ မာလာဂါဟာ လီဗန်တေးကွင်းဖြစ်ပေမယ့် ပုံစံကောင်းကို ဆက်လက်ပြသပြီး နိုင်ပွဲရယူပါဦးမယ်။

ဂီတာဖေးနှင့် အယ်လ်မာရီးယား

ပြီးခဲ့တဲ့ ပထမအကျော့မှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ ဒီပွဲမှာအပြန်အလှန် ဖိအားပေးကစားကြပါလိမ့်မယ်။ ဂီတာဖေးတို့က အိမ်ကွင်းမှာ အားထည့်ကစားတတ်ပြီး ရလဒ်ကောင်းအောင် ကြိုးစားနိုင်တာမို့ ဒီပွဲမှာ အိမ်ရှင်ကိုပဲနှစ်သက်တာအမှန်ပါပဲ။

ဆိုစီဒက်နှင့် ဗီလာရီးရဲလ်

အိမ်ကွင်းမှာ ပြိုင်ဘက်အသင်းတွေ ခက်ခဲအောင်ကစားနိုင်တဲ့ ဆိုစီဒက်တို့ အခုပွဲမှာ ဗီလာရီးရဲလ်ကို ကျော်ဖြတ်နိုင်မလားကြည့်ရမှာပါ။ ပထမအကျော့မှာ ဗီလာရီးရဲလ်တို့က တစ်ဂိုး-ဂိုးမရှိနိုင်ပွဲရထားတာမို့ အခုပွဲမှာ ဗီလာရီးရဲလ်ကိုပဲအားပေးရမှာ ဖြစ်ပါတယ်။

ဆီဗီလာနှင့် ဂရန်နာဒါ

ပထမအကျော့မှာ ဆီဗီလာတို့နိုင်ပွဲရရှိခဲ့ပြီး အခုပွဲမှာလည်း နိုင်ပွဲဆက်ဖို့ကြိုးစားပါလိမ့်မယ်။ ဂရန်နာဒါရဲ့လက်ရှိခြေစွမ်းက ဆီဗီလာကို ကျော်ဖြတ်ဖို့ဆိုတာမလွယ်တာမို့ အိမ်ရှင်တို့ပဲအခွင့်ရေးကောင်းတွေ ရရှိသွားပါလိမ့်မယ်။

အက်စ်ပန်ညိုနှင့် ဗလင်စီယာ

ဗလင်စီယာရဲ့ အားထုတ်မှုက ပထမအကျော့ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိထားပါတယ်။ အက်စ်ပန်ညိုရဲ့ခြေစွမ်းက ခြေကုန်ထုတ်လာဖို့ရှိပေမယ့် ဗလင်စီယာတို့ပဲ နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးရသွားနိုင်ပါတယ်။

မိုးမြင့်လင်းလက်

ဘိုနီကို ပေါင် ၂၈ သန်းဖြင့် မန်စီးတီးခေါ်ယူ

တိုက်စစ်မှူး ဝီလ်ဖရိုက်ဘိုနီအား ပေါင် ၂၈ သန်းဖြင့် မန်စီးတီးသို့ ရောင်းချရန် ဆွမ်ဆီးက သဘောတူလိုက်ပြီဖြစ်သည်။ အသက် ၂၆ နှစ်ရှိ အိုင်ဗရီကို့စ်တိုက်စစ်မှူး ဘိုနီသည် ဆွမ်ဆီးသို့ ၂၀၁၃ ခုနှစ်က ပေါင် ၁၂ သန်းဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။ ဘိုနီသည် ၂၀၁၄ ခုနှစ်တွင် ပရီမီယာလိဂ်ထိပ်တန်း ဂိုးသွင်းတိုက်စစ်မှူးဖြစ်ပြီး ဂိုး ၂၀ အထိ သွင်းယူပေးခဲ့သည်။

အဆိုပါပြောင်းရွှေ့ကြေးသည် ဆွမ်ဆီးက ဂျိုးအောလင်းကို လီဗာပူးမှ ခေါ်ယူခဲ့သည့် ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းကို ကျော်ခဲ့သည်။ ဆွမ်ဆီးနှင့် မန်စီးတီးတို့သည် ၄၈ နာရီအတွင်း ၎င်းတိုက်စစ်မှူးအတွက် စာချုပ်ဖွယ်ရှိသည်။ ဘိုနီသည် လာမည့်သုံးပတ်အတွင်း အာဖရိကနိုင်ငံများ ဖလားကစားရန် အိုင်ဗရီကို့စ်သို့ ပြန်ရမည်ဖြစ်သော်လည်း မန်စီးတီးက အမြန်စာချုပ်ရန်လိုလားလျက်ရှိသည်။ ဘိုနီသည် နှစ်ကူးနေ့တွင် ယှဉ်ပြိုင်ခဲ့သည့် ကျူပီအာနှင့်ပွဲတွင် လေလွင့်ချိန် ချေပဂိုးသွင်းပေးခဲ့သူဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ၂၂ ပွဲ ပါဝင်ကစားခဲ့ရာ ကိုးဂိုးသွင်းယူထားသည်။မန်စီးတီးနည်းပြ ပယ်လီဂရီနီအနေဖြင့် အဂူရိုနှင့် ဒီဇီကိုတို့ ဒဏ်ရာရရှိထားချိန်တွင် တိုက်စစ်အားဖြည့်နိုင်ရန် တိုက်စစ်မှူးကောင်း တစ်ဦးကို အမြန်ဆုံးခေါ်ယူရန်ကြိုးစားနေခြင်းဖြစ်သည်။

မန်ယူအိမ်ကွင်း ၂၇ နှစ်အတွင်း ဆောက်သမ်တန်အနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၂၁)လက်ကျန်ပွဲများကို ဇန်နဝါရီ ၁၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဆောက်သမ်တန်က ၂၇ နှစ်တာအတွင်း မန်ယူကို အိုးထရက်ဖို့ဒ် အိမ်ကွင်း၌ ပထမဆုံးအနိုင်ရလိုက်သည်။ ဗန်ဟားလ်၏ မန်ယူသည် ၁၀ ပွဲဆက်တိုက် အိမ်ကွင်းရှုံးပွဲမရှိ ကြိုးစားမှုမှာ မအောင်မြင်ဘဲဖြစ်ခဲ့ရသည်။ဆောက်သမ်တန်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒူဆန်တာဒစ်က ၁၅ ကိုက်အကွာမှ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မန်ယူတို့ ဂိုးသွင်းခံရပြီးနောက် ခြေစွမ်းပြနိုင်ခဲ့သော်လည်း မာတာအကောင်းဆုံးအခွင့်အရေး နှစ်ကြိမ်လွဲချော်ခဲ့သည်။ ဆောက်သမ်တန်က ယင်းအနိုင်ပွဲရလိုက်သည့်အတွက် ထိပ်ဆုံးလေးသင်းနေရာသို့ တက်လာသည်။

ကောင်းမြတ်သူ - စုစည်းသည်

ခြေစမ်းပွဲစဉ်နှင့် ဖလားပွဲစဉ်များ

သီဟ

အာရှဖလား အုပ်စု(က)			**ဇန်နဝါရီ ၁၃**
ကူဝိတ်	-	တောင်ကိုရီးယား	နေ့လည် ၁း၃၀
အိုမန်	-	ဩစတြေးလျ	ညနေ ၃း၃၀
အင်္ဂလန် အက်ဖ်အေဖလား			**ဇန်နဝါရီ ၁၄**
ဝုလ်ဗာဟမ်တန်	-	ဖူလ်ဟမ်	နံနက် ၂း၁၅
ဘရစ္စတိုး	-	ဒွန်ကတ်စတာ	နံနက် ၂း၁၅
ဝက်စ်ဟမ်း	-	အဲဗာတန်	နံနက် ၂း၁၅
ချက်စတာဖီးလ်	-	စကန့်ဟော်ပီ	နံနက် ၂း၁၅
ပြင်သစ် လိဂ်ဖလား			**ဇန်နဝါရီ ၁၄**
ဘတ်စ်တီယာ	-	ရန်းနက်စ်	နံနက် ၀၀း၁၀
စိန့်အက်တီယန်	-	ပီအက်စ်ဂျီ	နံနက် ၂း၃၀
အီတလီ ကိုပါအီတာလီယာဖလား			**ဇန်နဝါရီ ၁၄**
အေစီမီလန်	-	ဆက်ဆူအိုလို	နံနက် ၂း၁၀
စပိန် ကိုပါဒယ်လ်ရေးဖလား			**ဇန်နဝါရီ ၁၄**
အက်စ်ပန်ညို	-	ဗလင်စီယာ	နံနက် ၁း၃၀
လီဗန်တေး	-	မာလာဂါ	နံနက် ၃း၃၀
နိုင်ငံတကာ ကလပ်ခြေစမ်းပွဲစဉ်များ			**ဇန်နဝါရီ ၁၃**
ဟာသာဘာလင်	-	ဟယ်လက်စ်ချာ	ညနေ ၆း၃၀
ကပ်ဖန်ဘတ်	-	ဝီးနား	ည ၇း၃၀
မိုချန်ဂလာဘတ်	-	ဝါဒါဘရီမင်	ည ၈း၀၀
ဝီအန်	-	ဖလော်ရစ်ဒါဖာ	ည ၈း၃၀
ဒေါ့မွန်	-	ဆီအွန်	ည ၉း၃၀
သွန်း	-	ကိုးနစ်ဖ်	ည ၁၀း၃၀
စပါတာပရာဂ်	-	ဆဲလ်တစ်	ည ၁၀း၃၀
ကာတာအောစတား	-	ဘိုင်ယန်မြူးနစ်	ည ၁၁း၃၅

အာရှဖလား အုပ်စု(က)

စဉ်	အသင်း	ပွဲစဉ်	နိုင်	သရေ	ရှုံး	ရမှတ်
၁	ဩစတြေးလျ	၁	၁	၀	၀	၃
၂	တောင်ကိုရီးယား	၁	၁	၀	၀	၃
၃	အိုမန်	၁	၀	၀	၁	၀
၄	ကူဝိတ်	၁	၀	၀	၁	၀

ဇန်နဝါရီ ၁၁/၁၂ ဂိုးရလဒ်များ

ယူအေအီး	၄-၁	ကာတာ
အီရန်	၂-၀	ဘာရိန်း
ဂျပန်	၄-၀	ပါလက်စတိုင်း
ဂျော်ဒန်	၀-၁	အီရတ်
လိုင်ယွန်	၃-၀	တူးလော့စ်
နန့်တက်စ်	၀-၀	မတ်ဇ်
မိုနာကို	၀-၀	ဘော်ဒိုး
နာပိုလီ	၁-၃	ဂျူဗင်တပ်စ်
အယ်လ်မာရီးယား	၀-၂	ဆီဗီလာ
ဘီလ်ဘာအို	၁-၂	အယ်လ်ချီ
ဂရန်နာဒါ	၁-၁	ဆိုစီဒက်
ဘာစီလိုနာ	၃-၁	အက်သလက်တီကို

အလင်းရောင်
ကျိုက်ထီးရိုး/ချောင်းသာ(စား+တည်း) - 27000
ရွှေစက်တော်ဘုရားပွဲ(ဘုရားဖူး)စား+တည်း+ပြီး 40000
မန္တလေးအလောင်းတော်ကဿပ (၃)ရက်ခရီး
မန္တလေးပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ Jan 16/23/30
တောင်ကြီး၊အင်းလေး၊ပင်းတယ
ကားမျိုးစုံ ငှားရမ်းနိုင်ပြီး Package များ ဝီစီပေးသည်။
09421061860,421099405,421129597

ပျောက်ဆုံးကြောင်း

ဒေါ်ညွန့်ရီ(ခ)စွန်လေတွာ ၁၂/စခန(နိုင်) ၀၅၄၄၇၁၏ ပတ်စ်ပို့စာအုပ်အမှတ် မမှတ်မိသည် ၁-၁၀-၂၀၁၄ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၃၁၈၆၉၇၄၀

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ(၁)ငါးပုစွန်မြိုး၊ (၂) ငါးရှဉ့်မြိုး၊ (၃) ကဏန်းမြိုးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါတင်သွင်းမည့်မြိုးပုံစံ၊ ဈေးနှုန်း၊ အရေအတွက်များ၊ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းမျဉ်းစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ထောက်ပံ့ဖြည့်တင်းရေးဌာနစု၊
ရုံးအမှတ် (၃၆)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၈၅၃၁၊ ၀၆၇-၄၀၈၄၇၇

အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်၊ အကွက်၁၇၁၊ ဦးပိုင်အမှတ်(၇-၌)၊ ဧရိယာ ၀ ဒသမ ၀၄၃၂ ဧကရှိ ဘိုးဘပိုင်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ဦးခွန်နောင် ၉/မနမ(နိုင်) ၀၀၀၁၅၂၊ ဦးလရော် ၉/မနမ(နိုင်)၀၀၀၁၅၃တို့၏ လွှဲအပ်ချက်အရ အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်၊ အကွက်၁၇၁၊ ဦးပိုင်အမှတ်(၇-၌)၊ ဧရိယာ ၀ဒသမ ၀၄၃၂ဧကရှိ မြေကွက်သည် ဦးတင်ညွန့် အမည်ပေါက်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်ဖြစ်ပါသည်။ ဦးတင်ညွန့်သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်ပြီး ကချင်လူမျိုး၊ ခရစ်ယာန်ဘာသာကိုးကွယ်သည့် ဒေါ်ဂျာတောင်နှင့် ပေါင်းသင်းရာမှ သားသမီးငါးဦး ထွန်းကားခဲ့ပါသည်။ ၎င်းတို့မှာ ဦးဇော်အောင်၊ ဦးခွန်နောင်၊ ဦးလရော်၊ ဦးတူးခေါင်နှင့် ဒေါ်ဂျာခင်နန်းတို့ဖြစ်ပါသည်။ သို့သော် ဦးတင်ညွန့်နှင့် ဒေါ်ဂျာတောင်တို့သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်ကတည်းက လင်ခန်းမယားခန်းပြတ်စဲပြီးဖြစ်ပါသည်။ ဦးတင်ညွန့်မှာ ၃၁-၇-၂၀၁၄ ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်၍ ၎င်းအမည်ပေါက်ပိုင်ဆိုင်သောအထက်ဖော်ပြပါမြေကွက်သည် ကျွန်ုပ်မိတ်ဆွေများအပါအဝင် ဦးတင်ညွန့်၏ တရားဝင် အမွေစား၊ အမွေခံသားသမီးငါးဦးသာ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါသည်။ ထို့ကြောင့် ဦးတင်ညွန့် အမည်ပေါက်ပိုင်ဆိုင်သော ဦးပိုင်(၇-၌)အမွေဆိုင်မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်ရှိ ဝါဇီတည်းခိုခန်းမှရရှိသောဝင်ငွေများ၊ ဝါဇီတည်းခိုခန်းအောက်ထပ်ရှိ ဆိုင်ခန်းများနှင့် ဆိုင်ခန်းငှားရမ်းခငွေများအပြင် Honda Fit(3F/8317) ကားတစ်စီးအပါအဝင် ၎င်းကျန်ရစ်သည့် အမွေပစ္စည်းအရပ်ရပ်တို့အား ဦးတင်ညွန့်၏ တရားဝင်အမွေစားအမွေခံသားများဖြစ်သည့် ဦးခွန်နောင်နှင့် ဦးလရော်တို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ အမွေဆက်ခံစာချုပ်ချုပ်ဆိုခြင်းမှစ၍ ကျွန်ုပ်မိတ်ဆွေများအပါအဝင် ကွယ်လွန်သူ ဦးတင်ညွန့်၏ အမွေစား အမွေခံများ၏ အခွင့်အရေးအရပ်ရပ်ကို ထိပါးသည့် ပြုမူဆောင်ရွက်ချက်များ လုံးဝမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

ဦးခွန်နောင်နှင့် ဦးလရော်တို့၏ လွှဲအပ်ချက်အရ-
ဒေါ်သန်းသန်းလွင် LL.B
တရားလွှတ်တော်ရှေ့နေ

ဒေါ်တင်မီမီကျော်	**ဒေါ်ခင်သန္တာထိုက်**	**ဒေါ်နန်းစန္ဒာအေး**	**ဦးပြည့်ဖြိုးအောင်**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**

အကွက် ၃၁၉၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၂၀၃၂၆၈၇၊ ၀၉-၄၀၂၅၃၂၉၉၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ်၁၀ရပ်ကွက်၊ ရတနာအိမ်ရာ၊ မြလမ်း၊ အိမ်အမှတ် ၁၃၆နေ ကျွန်တော် ဦးသိုက်ထွန်း ၉/တကန(နိုင်)၀၁၃၃၆၀မှ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး ၅၊ မြေတိုင်းအမှတ် ၁၅၊ အမှတ် ၆၀၊ (ပေ၈၀×ပေ၆၀)မြေကွက်အတွက် ရရှိထားသော မြေဂရန် ပျောက်ဆုံးသွားပါသဖြင့် ပဲခူးမြို့ခရိုင်အုပ်ချုပ်မှုရုံးတွင် မြေပေးမိန့်(မိတ္တူ)ရေးကူးခြင်း ဆောင်ရွက်မည်ဖြစ်ပါ၍ မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးသိုက်ထွန်း
၉/တကန(နိုင်)၀၁၃၃၆၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
(တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံ(၁၀)မျိုး ရိုက်နှိပ်ရန် ၁၃-၁-၂၀၁၅ရက်မှစ၍ ၂၀-၁-၂၀၁၅ရက်အထိ ရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ် ၄၈၊ နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀/ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ၂၂-၁-၂၀၁၅ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၃၁၀၂၇သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

ပျောက်ဆုံးကြောင်း

ကျွန်တော် မျိုးမြင့်ထွန်း၏ မှတ်ပုံတင်အမှတ် ၁၂/ကမတ(နိုင်)၀၅၅၇၅၈ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၅၀၀၂၃၇၈၆၊ ၀၁-၂၅၂၁၀၀

ကြော်ငြာ

INFINITY
BY KHG
Get the INFINITY feeling!
၇၇ ၊ ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ KHG ၏ဘိုးဘွားပိုင်အဆင့်မြင့် ကွန်ဒိုမီနီယံ
တက္ကသိုလ်ရိပ်သာလမ်းသစ်အနီးရှိ အရောင်းပြခန်းသို့ လာရောက်လေ့လာကြည့်ရှုဖို့ဖိတ်ခေါ်အပ်ပါသည်
SHOW FLATS NOW OPEN
စုံစမ်းရန်
09-2528-5-7711
09-2528-5-7722

သက်တမ်းငါးနှစ်ပြည့် သံဖြူဇရပ်ဇီဝိတဒါနဆေးရုံ

သတင်းဆောင်းပါး ကျော်ဝင်း(iprd)

သံဖြူဇရပ်မြို့-ကျိုက္ခမီကားလမ်းဘေးတွင် သုံးထပ်အဆောက်အအုံဖြင့် ဇီဝိတဒါနဆေးရုံကို ခံ့ညားထည်ဝါစွာ မြင်တွေ့နိုင်သည်။ အဆိုပါ ဇီဝိတဒါနဆေးရုံတွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ နှစ်ရက်ကို သံဖြူဇရပ်မြို့နယ်အတွင်းရှိ ရဟန်း၊ ရှင်လူပြည်သူများ၊ အနီးဝန်းကျင် မုဒုံ၊ ရေးမြို့နယ်နှင့် ကရင်ပြည်နယ်အတွင်းမှ ပြည်သူများကို တာဝန်ခံ ဆရာဝန်နှင့် မြို့နယ်အတွင်း ဆရာဝန်၊ သူနာပြုများက လူမျိုး၊ ဘာသာ မခွဲခြားဘဲ ဆေးရုံကြီးကြပ်မှုကော်မတီနှင့် အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် အခမဲ့ဆေးဝါးကုသပေးနေသည်မှာ ဇန်နဝါရီ ၈ ရက်က သက်တမ်းငါးနှစ် ပြည့်ခဲ့ပြီဖြစ်သည်။

ငါးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ပတ်သက်၍ "ဇီဝိတဒါနဆေးရုံမှာ ၂၀၁၄ ခုနှစ်အတွင်း ပြင်ပလူနာ ၂၇၂၇၂ ဦးနဲ့ ခွဲစိတ်လူနာ ၂၀၀၀၊ မျက်စိခွဲစိတ်လူနာ ၂၇ ဦးတို့ကို အခမဲ့ကုသပေးခဲ့ပြီး ငါးနှစ်တာအတွင်း ပြင်ပလူနာပေါင်း ၂၁၁၆၂၀ ဦး ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြို့နယ်ကျန်းမာရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး သံဖြူဇရပ်ဆေးရုံမှ မော်လမြိုင်ဆေးရုံသို့ လွှဲပြောင်းကုသရမယ့် အရေးပေါ်လူနာတွေကို ဒီဆေးရုံက လူနာတင်ယာဉ်နဲ့ အခမဲ့ ပို့ဆောင်ပေးနေပါတယ်"ဟု ဆေးရုံကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးစံညိမ်းက ပြောသည်။

သံဖြူဇရပ် ဇီဝိတဒါနဆေးအလှူတော်ရုံ၏ (၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲအဖြစ် ဇန်နဝါရီ ၈ ရက်က နာယကဆရာတော်အား အမှူးထား၍ ဆေးရုံကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစံညိမ်းနှင့် ကော်မတီဝင်များ၊ ဆရာဝန်၊ သူနာပြုများ၊ ပြည်သူများမှ (၅)နှစ်ပြည့် အခမ်းအနားနှင့် ရှေ့လုပ်ငန်းစဉ်များ ကို ဆွေးနွေးခဲ့သည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်များကို နံနက်စာဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

သတင်းတိုများ

ရွှေဘို–မြစ်ကြီးနားလမ်းမကြီး တိုးချဲ့ပြုပြင်

ရွှေဘို-မြစ်ကြီးနားကားလမ်းမကြီး ဖြတ်သန်းသွားရာ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံဟဲကျေးရွာအုပ်စု နန့်စီးအောင်-ပေကုန်းကျေးရွာ လမ်းမကြီးကို ကတ္တရာလမ်းသားတိုးချဲ့ခြင်းနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၉ ရက်က လမ်းအထူးအဖွဲ့(၂)က လုပ်သားအင်အား ၆၀ ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ လမ်းအကျယ် ၂၄ ပေ၊ အရှည် ၂ ဖာလုံကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးစီးခဲ့ပြီး နန့်စီးအောင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းရှေ့ရှိ ပျက်စီးနေသောကတ္တရာလမ်းအား အမြင့် ၈ လက်မထု၊ အရှည် ၄ ဖာလုံအထိ ကျောက်ခင်းပြုပြင်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ခင်မောင်ဆွေ(မော်လူး)

ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်မှုကွင်းဆင်းကြည့်ရှု

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကြခတ်ချောင်း-သမင်လစ်-ဂုမ္ဘိကျေးရွာ မြေသားလမ်း အရှည် ၄ မိုင်၊အကျယ်ပေ ၄၀ မြေသားလမ်းခင်းခြင်းနှင့် လမ်းအူကြောင်းရှင်းလင်းခြင်းကို ခွင့်ပြုရန်ပုံငွေကျပ် ၆၄ သန်းဖြင့်လည်းကောင်း၊ ကြာအင်း-မီးလောင်ချောင်း-တူလေကုန်း အရှည် ၄ မိုင်၊ အကျယ် ၄၀ ပေ၊ ကတ္တရာခင်းခြင်းကို ခွင့်ပြုရန်ပုံငွေ ၈၅ ဒသမ ၉သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဦးစောအောင်မျိုးမြင့်နှင့် လမ်းတည်ဆောက်ရေး တာဝန်ခံတို့ ဇန်နဝါရီ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်လွင်(ပြန်/ဆက်)

မန္တလေး–မြစ်ကြီးနားရထားလမ်းပိုင်းအဆင့်မြှင့်တင်

မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပေါ်ရှိ ပင်ဝယ်ဘူတာနှင့် မော်လူးဘူတာကြား မီးရထားလမ်းပိုင်းတွင် သစ်သားဇလီဖားတုံးများနေရာ၌ ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်တပ်ဆင်ကာ မီးရထားလမ်း အဆင့်မြှင့်တင်ခြင်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိရာ တစ်ရက်လျှင် ကွန်ကရစ်ဇလီဖားတုံး ၅၀ ခန့် လဲလှယ်တပ်ဆင်လျက်ရှိကြောင်းနှင့် ပင်ဝယ်ဘူတာနှင့် မီးရထားဘူတာကြားတွင် ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်တပ်ဆင်မှု မကြာမီပြီးစီးတော့မည်ဖြစ်၍ ပြီးစီးပါက မော်လူးမီးရထားဘူတာယာဒ်ဝင်းရှိ လမ်းများကိုလည်း ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်တပ်ဆင်မည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်ဆွေ(မော်လူး)

လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန်(၅)လမ်းရှိ တိုက် (၂)၊ (၆)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အအုံ၏ တတိယထပ်၊ လေး လွှာ၊ အခန်း ၃၀၂၊ (၂၈×၄၈)ပေ တိုက်ခန်းအား ဝယ်ယူရန်ကန့်ကွက်နိုင်ပါသည်။

အထက်ပါတိုက်ခန်းအား စာချုပ်အဆက်အစပ်များဖြင့် တရားဝင်နေထိုင်ပိုင်ဆိုင်သူ ဒေါ်လှလှမြင့် ၁၂/အလန(နိုင်)၀၁၅၇၆၇ထံမှ အပြောက်စနစ်ဖြင့် ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးဘုန်းမြင့် (ငါးသိုင်းချောင်း) LL.B

တရားလွှတ်တော်ရှေ့နေ(၃၁၄၈/၈၅)၊ Japan Tokyo 4 years, Legal Consultant

အမှတ် (၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်၊

ဖုန်း-၀၉-၄၂၀၇၁၀၈၈၈၊ ၀၉-၄၂၀၇၂၆၉၉၉၊ ၀၉-၄၂၀၇၃၀၃၁၁

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ အမှတ် (၁၂)ရပ်ကွက်၊ ၁၂/၇တိုးချဲ့ကွက်၊ ကွင်းအမှတ် မောသီရိတိုးချဲ့ (၂)၊ ဦးပိုင်အမှတ် ၂၈၄၊ မြေချိန်ဧရိယာ ၀ဒသမ၀၉၆ဧကရှိ လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ မြေငှားရန်အမှုတွဲအမှတ် ၃၄၁-၅/၁၉၉၉-၂၀၀၀(စီ)ဖြင့် တပ်သားသန်းထွန်း အမည်ပေါက် ပိုင်ဆိုင်ထားပြီး မြေငှားရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားအပြည့်အစုံဖြင့် ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

တပ်သားသန်းထွန်း

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ ဦးပိုင်အမှတ် (၈၅)၊ ဧရိယာ ၀ ဒသမ ၀၈၈ ဧကရှိ ဒေါ်သီ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးကြည်စိုး-ဒေါ်နှင်းဆီ ၁၂/ဗတထ(နိုင်)၀၂၁၆၂၅၊ ၉/ပမန(နိုင်)၀၂၄၉၄၉ (ဘ) ဦးဘစိုး၊ ဦးဘနီ မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/နန္ဒသူ၊ မြေကွက်/ဦးပိုင်အမှတ် (၈၆)၊ ဧရိယာ ၀ ဒသမ ၁၁၈ ဧကရှိ ဦးမြသောင်း အမည်ပေါက် အငှားဂရန်မြေကွက်အား ဒေါ်တင်မိုးလှိုင်၊ ဦးအောင်ခင်- ဒေါ်သက်သက်မော် ၉/တတန(နိုင်)၀၉၉၂၉၀၊ ၀၁၆၂၁၆၊ ၀၀၃၄၈၆ (ဘ)ဦးတန်ကျူကင်း၊ ဦးကုလား၊ ဦးအောင်သင့်မှပိုင်ဆိုင်ကြောင်း အထောက်အထား များတင်ပြပြီး မြေငှားစာချုပ်ခွဲစိတ်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

မော်လမြိုင်တက္ကသိုလ်
(၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်

မော်လမြိုင်တက္ကသိုလ်၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာ(ဂုဏ်ထူး)/သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့)၊ ဥပဒေ(ဘွဲ့)နှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် မဟာဝိဇ္ဇာ/သိပ္ပံ/ဥပဒေ(ဘွဲ့)၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့ စာမေးပွဲအောင်မြင်ပြီး (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့တက်ရောက်ယူရန် လျှောက်ထားကြသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမဆောင်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

(၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား အစီအစဉ်

(၁) **၁၃-၂-၂၀၁၅ ရက် (သောကြာနေ့)**
ဘွဲ့နှင်းသဘင် (ပထမနေ့) နံနက်ပိုင်း ၉:၀၀နာရီအစီအစဉ်
ပါရဂူဘွဲ့(အဏ္ဏဝါသိပ္ပံအထူးပြု)၊ မဟာသုတေသနဘွဲ့(အထူးပြုအားလုံး)၊
မဟာဥပဒေဘွဲ့(၂၀၀၆ အောင်)၊ (ဥပဒေပညာအထူးပြု)၊
မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၀၇ အောင်)(အထူးပြုအားလုံး)၊
ဂုဏ်ထူးတန်းဘွဲ့(၂၀၀၉ အောင်) (အထူးပြုများအားလုံး)၊
ဝိဇ္ဇာဘွဲ့(၂၀၁၀အောင်) (စိတ်ပညာအထူးပြု)၊
သိပ္ပံဘွဲ့(၂၀၁၀ အောင်)၊
(သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ)အထူးပြုများ

(၂) **၁၃-၂-၂၀၁၅ ရက် (သောကြာနေ့)**
ဘွဲ့နှင်းသဘင်(ပထမနေ့) မွန်းလွဲပိုင်း ၃:၀၀ နာရီအစီအစဉ်
ဝိဇ္ဇာဘွဲ့(၂၀၁၀အောင်) (ဒဿနိကဗေဒ၊ ပထဝီဝင်)အထူးပြုများ
သိပ္ပံဘွဲ့(၂၀၁၀အောင်) (ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ)အထူးပြုများ

ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်မည့်ရက် ၁၁-၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၀၀ နာရီ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမဆောင်

(၃) **၁၄-၂-၂၀၁၅ ရက် (စနေနေ့)**
ဘွဲ့နှင်းသဘင် (ဒုတိယနေ့) နံနက်ပိုင်း၉:၀၀နာရီအစီအစဉ်
ဝိဇ္ဇာဘွဲ့ (၂၀၁၀ အောင်) (အင်္ဂလိပ်စာအထူးပြု)
သိပ္ပံဘွဲ့(၂၀၁၀အောင်) (ရူပဗေဒ၊ အဏ္ဏဝါသိပ္ပံ)အထူးပြုများ

(၄) **၁၄-၂-၂၀၁၅ ရက် (စနေနေ့)**
ဘွဲ့နှင်းသဘင်(ဒုတိယနေ့) မွန်းလွဲပိုင်း၃:၀၀နာရီအစီအစဉ်
ဝိဇ္ဇာဘွဲ့ (၂၀၁၀အောင်) (မြန်မာစာ၊ သမိုင်း) အထူးပြုများ
ဥပဒေဘွဲ့(၂၀၀၉ အောင်) (ဥပဒေပညာအထူးပြု)
သိပ္ပံဘွဲ့(၂၀၁၀ အောင်) (သင်္ချာအထူးပြု)

ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်မည့်ရက် ၁၁-၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၀၀ နာရီ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမဆောင်

- ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားကို မပျက်မကွက်တက်ရောက်ကြရမည်။
- အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (ကျား)တို့မှ ကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရပါမည်။ (မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)
- ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများကို ၉-၂-၂၀၁၅ ရက်မှစ၍ မော်လမြိုင်တက္ကသိုလ်တွင် ထုတ်ပေးပါမည်။ အသေးစိတ်အချက် အလက်များကို မော်လမြိုင်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်းအဆင့်-၂
စာမေးပွဲနှင့် ဘွဲ့နှင်းဌာန
မော်လမြိုင်တက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှ ဆောင်ရွက်မည့်အောက်ဖော်ပြပါချင်းတွင်း မြစ်ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ယှဉ်တွဲဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

(က) ဆားလင်းကြီးမြို့၊ မုံရွာရေလမ်းနှင့် မုံရွာမြို့၊ အလုံရေလမ်းကောင်းမွန်ရေးလုပ်ငန်းအတွက်

စဉ်	ပစ္စည်းအမျိုးအမည်	ရေတွက်ပုံ	ပမာဏ
၁။	တိုင်မျော(၄" -၆")၁၈ပေရှည်	လုံး	၁၅၉၈
၂။	တန်းမျော (၂" -၄") ၁၈ပေရှည်	လုံး	၈၃၃၄
၃။	ဝါးထရံ	စ/ပေ	၁၁၃၈၉၀
၄။	ကျောက်ကြီး	ကျင်း	၁၆၂၄.၅
၅။	နိုင်လွန်ပိုက်	ပိဿာ	၂၂၅၆

(ခ) ဖောင်းပြင်မြို့၊ နတ်စက်ရေလမ်းကောင်းမွန်ရေးလုပ်ငန်းအတွက်

စဉ်	ပစ္စည်းအမျိုးအမည်	ရေတွက်ပုံ	ပမာဏ
၁။	တိုင်မျော(၄" -၆")၁၈ပေရှည်	လုံး	၂၈၃
၂။	တန်းမျော (၂" -၄") ၁၈ပေရှည်	လုံး	၂၁၉
၃။	ဝါးထရံ	စ/ပေ	၂၆၄၂၇
၄။	ကျောက်ကြီး	ကျင်း	၂၇၁

တင်ဒါပုံစံရယူရမည့်နေရာ — ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့
တင်ဒါပုံစံယူရမည့်ရက် — ၁၃-၁-၂၀၁၅ရက်မှ ၁၉-၁-၂၀၁၅ရက်အထိ
တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် — ၁၉-၁-၂၀၁၅ရက်၊ ၁၆:၃၀ နာရီ
တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် — ၂၀-၁-၂၀၁၅ရက်၊ ၁၂:၀၀ နာရီ
တင်ဒါတင်သွင်းရမည့်နေရာ — တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့
တင်ဒါဖွင့်လှစ်မည့်နေရာ — တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၇၁-၂၁၁၆၂၊ ၂၃၂၄၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၁၂-၂၀၁၄ရက်ထုတ်မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ကြော်ငြာ(၄) ကန့်ကွက်ကြော်ငြာ စမ်းချောင်းမြို့နယ် GP ဒေါ်အေးအေးသန်း၏ ပိုင်ဆိုင်မြေပုံကူးတွင် စမ်းချောင်းမြို့နယ်အစား မြောက်ဥက္ကလာပမြို့နယ်ဟု ဖတ်ရှုပါရန်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဦးပိန်တံတားရောက် နိုင်ငံခြားသားခရီးသည်များ မြန်မာ့လက်မှုအနုပညာပစ္စည်းများ နှစ်သက်စွာဝယ်ယူ

မြန်မာနိုင်ငံသည် သာယာလှပသော နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာလှည့် နိုင်ငံခြားသား ခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့်အခါ အထက်မြန်မာပြည် မန္တလေးမြို့ကို လာရောက်ရာတွင် မလွဲမသွေ သွားရောက်လေ့လာကြည့်ရှုသည့်နေရာသည် ကမ္ဘာကျော် ရွှေဟောင်းသမိုင်းဝင် ဦးပိန်တံတားကြီးပင် ဖြစ်သည်။

သက္ကရာဇ် ၁၂၁၁ က တည်ဆောက်ခဲ့သော ရွှေဟောင်းသမိုင်းဝင် ဦးပိန်တံတားကြီးသည် ယနေ့အချိန်တွင် နှစ်သက်တမ်းပေါင်း ၁၆၀ ကျော်ရှိပြီဖြစ်သည့် တံတားကြီးလည်းဖြစ်သည်။

တစ်နည်းဆိုရသော် ရာစုနှစ်တစ်စုနှင့် ရာစုနှစ်ဝက်ကျော်တိုင်ရှိခဲ့ပြီဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားစွာ ကြည့်ရှုသောနေရာတစ်ခုအပါအဝင်ဖြစ်သည်။

ဤတံတားကြီးကို အမှီပြု၍ မြန်မာ့လက်မှု အနုပညာလက်ရာပစ္စည်းအရောင်းဆိုင်များလည်း ဖွင့်လှစ်ရောင်းချလျက်ရှိရာ ကမ္ဘာလှည့် ခရီးသွားများသည် မိမိတို့၏ နိုင်ငံအပြန် မြန်မာ့အနုပညာလက်ရာပစ္စည်းများ အမြတ်တနိုး ဝယ်ယူသွားကြကြောင်း သိရသည်။

"အများဆုံး ဝယ်ယူတဲ့ နိုင်ငံသားတွေကတော့ ထိုင်းလူမျိုးအများစုပေါ့။ သူတို့လည်း ဗုဒ္ဓဘာသာဆိုတော့ မြန်မာနဲ့နီးစပ်တယ်လေ။ ဒုတိယအများဆုံး ဝယ်ယူတဲ့နိုင်ငံသားတွေက တောင်ကိုရီးယားတွေပေါ့။ ဥရောပနှင့် အမေရိကားကလည်း အနည်းနှင့်အများ ဝယ်ယူသွားကြတာပါပဲ"ဟု မြန်မာ့လက်မှုအနုပညာလက်ရာပစ္စည်းဆိုင်ရှင်က ပြောပြသည်။

ဇန်နဝါရီ ၁၁ ရက်က ရွှေဟောင်းသမိုင်းဝင် ဦးပိန်တံတားကြီးကိုလာရောက်ကြသော နိုင်ငံများမှာ ပြင်သစ်နိုင်ငံသား ၈၀၊ ဂျာမနီနိုင်ငံသား ၉၅ ဦး၊ အီတလီနိုင်ငံသား ၆၀၊ အမေရိကန်နိုင်ငံသား ၅၀၊ စပိန်နိုင်ငံသား ၅၀၊ အင်္ဂလန်နိုင်ငံသား ၆၀၊ ဟော်လန်နိုင်ငံသား ၄၀၊ ဩစတြေးလျနိုင်ငံသား ၁၅ ဦး၊ တောင်ကိုရီးယားနိုင်ငံသား ၂၀၀၊ ထိုင်းနိုင်ငံသား ၁၀၀၊ တရုတ်နိုင်ငံသား ၄၀၊ ဂျပန်နိုင်ငံသား ၁၄ ဦး၊ အိန္ဒိယနိုင်ငံသား ၁၀ ဦး စုစုပေါင်း ၈၀၄ ဦး လာရောက်ကြကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေး

မန္တလေး ဇန်နဝါရီ ၁၂

မဟာအောင်မြေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမိုးပွင့်(အထူး)စီမံချက်အသိပညာပေးဟောပြောပွဲနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးအပ်ပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက သန်လျက်မော်အနောက်ရပ်ကွက် ဘုရားနီဘုရား ဓမ္မာရုံ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးသောင်းဇော်က အမှာစကားပြောကြားပြီး မန္တလေးခရိုင်ဦးစီးမှူးက မိုးပွင့်(အထူး)စီမံချက်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးပြေဝင်းနှင့် တာဝန်ရှိသူများက အသက် ၁၈ နှစ်နှင့်အထက် ၃၁၀ တို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်သည်။

အဆိုပါ မိုးပွင့် (အထူး) စီမံချက်ကို ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိစီမံချက်ကာလအဖြစ် သတ်မှတ်ပြီး အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မီးဘေးကာကွယ်တားဆီးရေးပစ္စည်းများ လွှဲပြောင်းပေးအပ်

ဖျာပုံ ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်မီးသတ်စခန်းနှင့် မီးသတ်စခန်းခွဲများသို့ မီးငြှိမ်းသတ်ရေယာဉ်၊ ရေသယ်ယာဉ် ၊ မီးသတ်ဆေးရည်နှင့် မီးသတ်အန္တရာယ် ကာကွယ်တားဆီးရေးကိရိယာများ ထပ်ဆင့်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၉ ရက် ညနေ ၃ နာရီက ဖျာပုံမြို့ မီးသတ်စခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားပြီး ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်မီးသတ်စခန်းများနှင့် မီးသတ်စခန်းခွဲအသီးသီးသို့ မီးငြှိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်၊ မီးသတ်ကိရိယာများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်နှင့်မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများက မီးငြှိမ်းသတ်ယာဉ်များ၏ စွမ်းရည်ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သူဇာနွယ် (ဖျာပုံ)

တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)တွင်မွေးဖွားသည့် ကျားပေါက်ငယ်သုံးကောင် နေ့စဉ်ပြုစုစောင့်ရှောက်

မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) တွင် မိခင်ကျားမကြီးက မွေးဖွားသည့် ကျားပေါက်ငယ်သုံးကောင်ကို ကျန်းမာရေးကောင်းမွန်စေရန်အတွက် နေ့စဉ်ပြုစုစောင့်ရှောက်ထားရှိကြောင်း သိရသည်။

"နေ့စဉ်အစာကျွေးချိန်မှာ အချိန်မှန် အစာကျွေးရတယ်။ ဆေးတိုက်ရမယ့် အချိန်မှာ လိုအပ်တဲ့ဆေးတိုက်ပေးရတယ်။ လောလောဆယ်တော့ ကျားပေါက်ငယ်သုံးကောင်ကို မြက်ခင်းပြင်ပေါ်မှာပဲ လွတ်လွတ်လပ်လပ်ထုတ်ပြီး အစာကျွေး ဆေးတိုက်တာကို လုပ်ပေးတယ်။ ပြီးတော့ လှောင်အိမ်ထဲ ပြန်ထည့်တယ်။ အပြင်မှာထုတ်ပြီး အစာကျွေးတော့ လာရောက်လည်ပတ်သူတွေလည်း အနီးကပ်ပိုမိုကြည့်ရှုလေ့လာနိုင်တယ်လေ"ဟု ကျားပေါက်ငယ်များကို ပြုစုစောင့်ရှောက်နေသူတစ်ဦးက ပြောသည်။

ပြည်သူလူထု အပန်းဖြေပျော်ရွှင်စွာ နားနေနိုင်ရန်နှင့် ဗဟုသုတရှာမှီးလိုသည့် ပြည်သူများအတွက် အထောက်အကူဖြစ်စေရန်၊ သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာ ပညာရပ်များ လေ့လာနိုင်သည့် နေရာတစ်ခုဖြစ်လာစေရန်၊ တောရိုင်းတိရစ္ဆာန်များ မျိုးဆက် မပျက်သုဉ်းရေးအတွက် အထောက်အကူဖြစ်စေရန်၊ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး သုတေသနလုပ်ငန်းများတွင် တစ်စိတ်တစ်ပိုင်းအားဖြင့် အထောက်အကူပြုစေရန် စသည့်ရည်ရွယ်ချက်များဖြင့် တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)ကိုဖွင့်လှစ်ပြသခဲ့ပြီး ယခုအခါ ထူးကုမ္ပဏီက တာဝန်ယူဖွင့်လှစ်ပြသနေခြင်းဖြစ်သည်။ မန္တလေးဒေသခံ ပြည်သူများနှင့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များသည် တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)သို့ နေ့စဉ်ဝင်ရောက် လေ့လာလည်ပတ်လျက်ရှိပြီး အထူးသဖြင့် စနေ၊ တနင်္ဂနွေနေ့များ၊ ရုံးပိတ်ရက်များတွင် လာရောက်လည်ပတ်သူများဖြင့် ပိုမိုစည်ကားလေ့ရှိသည်။ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)အတွင်းသို့ ဝင်ရောက်ကြည့်ရှုလေ့လာရန် လူကြီးတစ်ဦး ငွေကျပ် ၁၀၀၀၊ ကလေး တစ်ဦး ငွေကျပ် ၅၀၀ ပေးဆောင်ရပြီး ဝင်ကြေးများ၏ တစ်ဆယ့်ငါးရာခိုင်နှုန်းကို ထူးဖောင်ဒေးရှင်းက ပရဟိတလုပ်ငန်းများတွင် ထည့်ဝင်လှူဒါန်းလျက်ရှိသည်ဟု ဆိုသည်။

တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)တွင် နို့တိုက်သတ္တဝါ ၃၂ မျိုးကောင်ရေ ၁၈၂ကောင်၊ ကျေးငှက် ၄၈ မျိုး ကောင်ရေ ၁၇၄ ကောင်၊ တွားသွား ၁၅ မျိုး ကောင်ရေ ၂၅၂ ကောင် စုစုပေါင်း တိရစ္ဆာန်မျိုးစု ၉၄ မျိုး ကောင်ရေ ၆၀၈ ကောင်တို့ကို မွေးမြူထိန်းသိမ်းထားသည်။

ချမ်းသာ(မိတ္ထီလာ)

အောင်စုမွန် အလှူတော်မင်္ဂလာ ဝမ်းမြောက်ကြောင်း လျှောက်ထားလွှာ

၁-၁-၂၀၁၅ရက်မှ ၄-၁-၂၀၁၅ရက်အထိ ကျင်းပသော အလှူ့ဒါယကာ ဦးသန့်ဇင်၊ အလှူ့ဒါယိကာမ ဒေါ်ကြည်ကြည်ခိုင်တို့၏အောင်စုမွန်ကျောင်းလွတ်ပူဇော်၊ အောင်စုမွန်စာသင်ကျောင်းဆောင်၊ ဆရာ ဆရာမများနားနေဆောင်၊ စာကြည့်တိုက်နှင့် စာအုပ်မျိုးစုံ၊ စက်ရေတွင်း၊ ရေကန်၊ ရေသန့်စက်တို့အား ရေစက်သွန်းချ လှူဒါန်းပွဲကြီးတွင် အနုမောဒနာတရား ကြွရောက်ချီးမြှင့်ပေးပါသော မန္တလေးမြို့ ဒဟတ္တောကျောင်းတိုက် ပဓာနနာယက တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (ရွှေ)အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီး ဘဒ္ဒန္တ သုဇာတသာရ၊ မုံရွာမြို့ သဒ္ဓမ္မပဇ္ဇောတာရုံတိုက်မ ပဓာနမဟာနာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဒွိပိဋကဓရသာမကျော်သီရိပဝရ ဓမ္မာစရိယဆရာတော် ဘဒ္ဒန္တ ဇောတိကပါဠိလင်္ကာရ၊ စဉ့်ကိုင်မြို့ ရတနာလင်္ကာရမိုးကုတ်ဝိပဿနာရိပ်သာဆရာတော် အရှင်ကောဝိဒ၊ ပြင်ဦးလွင်ခရိုင် ကျင်ဂနိုင်ရွာကျောင်းပန်းတိုက်ခွဲ၊ ကျင်ဂနိုင်တောရဆရာတော် အရှင်ဝါသဝတို့အား ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ရိုသေဂါရဝပြုစွာ လျှောက်ထားအပ်ပါသည်ဘုရား။

အလှူ့ဒါယကာ-ဦးသန့်ဇင်
အလှူ့ဒါယိကာမ-ဒေါ်ကြည်ကြည်ခိုင်
အောင်စုမွန် ပန်းကန်ရောင်းဝယ်ရေး မိသားစု

ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့ အထက မြတ်ဆရာပူဇော်ပွဲ

ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့ (ယခင် အလက၊ တွဲဖက်အထက၊ အထက)တွင် ၁၉၇၀ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ပညာဆည်းပူးခဲ့ကြသော ကျောင်းသား ကျောင်းသူများမှ အငြိမ်းစားဆရာကြီး ဆရာမကြီးများအား တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၅-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက်၁၀နာရီ ကျောက်မြောင်းမြို့ အထက ကျောင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံညီစွာ တက်ရောက်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သည့်ပုဂ္ဂိုလ်များ

ဦးသိန်းဝင်း	ဖုန်း-၀၉-၂၀၂၉၈၀၃
ဦးမြဝင်းအောင်	ဖုန်း-၀၉-၂၁၀၀၀၅၈
ဦးခင်မောင်စိုး	ဖုန်း-၀၉-၂၂၁၀၅၅၂
ဦးကျော်ဝင်းဆန်း	ဖုန်း-၀၉-၂၉၂၅၆၄၅၈၇၀
ဦးအောင်အောင်	ဖုန်း-၀၉-၂၀၂၉၂၀၇

ပျောက်ဆုံးသွားပါကြောင်း

ကျွန်မဒေါ်အေးအေးကြည် ၁၂/ဗဟန(နိုင်)၀၃၉၉၆၂ အမည်ပေါက်ဖြင့် ပြည်တွင်းစက်မှုဇုန်မှ ဝယ်ယူထားသော အမျိုးအမည် Shwe Man Star L/ အမျိုးအစား P/4(4x2) ယာဉ်အမှတ် ၈၇/၂၉၁၆၏ ယာဉ်ဖျက်သိမ်းခွင့်ပါမစ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ ဆက်သွယ်ပေးပါရန် ကြေညာအပ်ပါသည်။ **ဒေါ်အေးအေးကြည်**
ဖုန်း-၀၉-၄၀၁၅၀၂၄၆၄

ဖခင်အမည်မှန်

အထက (၄) (စစ်တွေ)၊ သတ္တမတန်း (A)မှ မောင်ကိုကိုလင်း၏ ဖခင်အမည်မှန်မှာ မောင်နီမောင် ၁၁/စတန(ပြု)၀၀၀၄၅၅ ဖြစ်ပါသည်။

မောင်နီမောင်

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမင်းမင်းထွန်း ၁၀/မဒန(နိုင်)၁၂၆၃၁၉၏ Psno -(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၅၇-၂၆၇၆၃

ပျောက်ဆုံးကြောင်း

ကျွန်မ မသန်းသန်းမြင့် ၁၀/ကမရ(နိုင်)၀၈၄၅၀၉၏ Psno -(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၇၃၇၀၈၇

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၃၅၇၆၁၊ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဌေး၁၀/မလမ(နိုင်)၁၃၉၁၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သတိပြုဖွယ်လျှပ်စစ်အန္တရာယ် (၉)

ဝေယံ

လျှပ်စစ်ဓာတ်အားကြောင့် လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်မှုဖြစ်စဉ်များတွင် လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်ရာတွင်လည်းကောင်း ဓာတ်အားလိုင်းအနီး လူ၊ ပစ္စည်းများ ဝင်ရောက်ရာတွင်လည်းကောင်း၊ စက်ကွင်းအတွင်းတွင် ကျရောက်၍ ဓာတ်လိုက်ခြင်းဖြစ်စဉ်များသည် ပဋ္ဌမအများဆုံးဖြစ်ပါသည်။ ဤ နေရာတွင် လျှပ်စစ်စက်ကွင်းဟူသော အဓိပ္ပာယ်နှင့် လျှပ်စစ်စက်ကွင်းဖြစ်ပေါ်မှုကို ပြည်သူအများသိရှိရန် သိသာထင်ရှားအောင် ရှင်းပြရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် မီးတောက်၊ မီးလျှံများ၏ ပတ်ဝန်းကျင်တွင် အပူဓာတ်ရှိနေသည်ကို သတိပြုမိကြမည်ဖြစ်ပါသည်။ မီးတောက်၊ မီးလျှံနှင့်နီးလေ အပူဓာတ် ပိုမိုခံစားရလေဖြစ်ပါသည်။ မီးတောက်၊ မီးလျှံ၏ပတ်လည် အကွာအဝေးတစ်ခုအထိ အပူဓာတ်ရှိနေပြီး မီးတောက်နှင့်နီးလေ အပူဓာတ်ပိုမိုခံစားရလေဖြစ်သည်။ မီးနှင့်လူမထိမိသော်လည်း မီးပတ်လည် အပူစက်ကွင်းအတွင်း ရောက်ရှိပါက အပူဓာတ်ခံစားရခြင်း၊ မီးအပူလောင်ခံရခြင်းများ ခံစားရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ဖယောင်းတိုင်မီး၏ အပူစက်ကွင်းသည် တစ်လက်မ၊ မီးသွေးမီးဖို၏ အပူစက်ကွင်းသည် တစ်ပေခန့်၊ မီးပုံကပွဲကျင်းပသော ထင်းမီးဖိုတွင် ၁၀ ပေကျော်ခန့်အထိ အပူစက်ကွင်းရှိပြီး အပူဓာတ်ခံစားရမည်ဖြစ်ပါသည်။ အိမ်များ မီးလောင်လျှင်ကား အပူစက်ကွင်းသည် အခြားအိမ်အထိရောက်ကာ မီးတောက်ကူးစက်လောင်ကျွမ်းကြောင်းကို တွေ့ရှိရမည်ဖြစ်ပါသည်။

လျှပ်စစ်စက်ကွင်းသည်ကား မီးတောက်မီးလျှံကဲ့သို့ မမြင်ရပါ။ ဝိုင်ယာကြိုးများအတွင်း ဖြတ်စီးနေသော လျှပ်စီး (Ampere)ကြောင့် ဝိုင်ယာကြိုးပတ်လည်တွင်ဖြစ်ပေါ်လာသော လျှပ်စစ်စက်ကွင်းပင်ဖြစ်ပါသည်။ **လျှပ်စစ်စီးနေသော ဝိုင်ယာကြိုးတစ်ချောင်း ပတ်ဝန်းကျင်တွင် လျှပ်စစ်ကွင်းဖြစ်ပေါ်လျက်ရှိပါသည်။** ဗို့အားအမျိုးအစားပေါ်မူတည်၍ လျှပ်စစ်စက်ကွင်းဧရိယာ အကျယ်အဝန်း၊ အကြီးအသေးနှင့် စက်ကွင်းပြင်းအား အနည်းအများ ဖြစ်ပေါ်မည်ဖြစ်ပါသည်။ လျှပ်စစ်စက်ကွင်းအတွင်း ရောက်ရှိသောသူသည် လျှပ်စစ်အန္တရာယ်ရှိမည်ဖြစ်ပါသည်။ လျှပ်စစ်ကြိုးအနီးသို့ ချဉ်းကပ်လာသည်နှင့်အမျှ လျှပ်စစ်စက်ကွင်းပြင်းအားများသောနေရာသို့ ရောက်ရှိလာမည်ဖြစ်ပါသည်။ **အန္တရာယ်ဖြစ်နိုင်သော လျှပ်စစ်စက်ကွင်းအတွင်းရောက်ရှိပါက လျှပ်စစ်အန္တရာယ်ရှိမည်ဖြစ်ပါသည်။** မီးတောက်မီးလျှံ၏အပူရှိန်စက်ကွင်းအတွင်းရောက်ရှိပါက အပူဓာတ်လွတ်ကင်းသောနေရာသို့ ဆုတ်ခွာနိုင်သော်လည်း လျှပ်စစ်စက်ကွင်းအတွင်းရောက်ရှိသွားပါက ပြန်ထွက်၍မရဘဲ ထိခိုက်ဒဏ်ရာရရှိမှု၊ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီဓာတ်အားလိုင်းများနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်အသုံးပြုလျက်ရှိပါသည်။ ဗို့အားများလေ လျှပ်စစ်စက်ကွင်းဧရိယာ ကျယ်ပြန့်လေ လျှပ်စစ်စက်ကွင်း ပြင်းအားများလေဖြစ်ပါသည်။ ဓာတ်အားလိုင်းများ၏ စက်ကွင်းအတွင်းသို့ လူဝင်ရောက်မိခြင်း၊ လျှပ်စစ်စီးဆင်းနိုင်သော ပစ္စည်းများ (သံချောင်း၊ ပိုက်လုံး၊ သစ်၊ ဝါးအစိုများ) ရောက်ရှိခြင်းတို့ကြောင့် ဓာတ်လိုက်မှုဖြစ်စဉ်အချို့ကို ကောက်နုတ်ဖော်ပြပါက-

- ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၊ အမှတ်(၂) ရပ်ကွက်(၂)လမ်းနှင့်သီတာလမ်းထောင့်တွင် ဦးတင်ဝင်းသည် ပေ ၂၀ ရှည်သော စတီးလ်ပိုက်အား အိမ်အပြင်ဘက် ပိတောက်ပင်ကိုမှီ၍ ထောင်နေသည်။ ယင်းပိတောက်ပင်ဘေးအပေါ်ဘက်တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်းရှိနေသည်ကို သတိမမူဘဲ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ စတီးလ်ပိုက်ကိုကိုင်၍ ပိတောက်ပင်သို့ ထောင်လိုက်ချိန်တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း၏ လျှပ်စစ်စက်ကွင်းအတွင်း စတီးလ်ပိုက်ရောက်ရှိသွားပြီး စတီးပိုက်အဖျားကတစ်ဆင့် လျှပ်စစ် စက်ကွင်းမှ လျှပ်စီးစီးဝင်ကာ ဦးတင်ဝင်းဓာတ် လိုက်သေဆုံးမှုဖြစ်ပွားခဲ့ပါသည်။
- ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့က ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာတွင် ယာယီ ဆောက်လုပ်ထားသော ဈေးဆိုင်တန်းအဆောက်အအုံ၏ ခေါင်မိုးမှသွပ်ပြားကို ဦးသိန်းမောင်က ခေါင်မိုးပေါ်သို့ တက်၍ဖြုတ်ယူလိုက်သည်။ ယင်းအချိန်တွင် ခေါင်မိုးအပေါ်ရှိ ၃၃ ကေဗွီဓာတ်အားလိုင်း၏ စက်ကွင်းအတွင်းသို့ သွပ်ပြားရောက်ရှိသွားပြီး သွပ်ပြားသို့ လျှပ်စစ်စက်ကွင်းမှ လျှပ်စီးစီးဝင်ကာ ဦးသိန်းမောင် ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့ပါသည်။
- ၂၀၁၄ ခုနှစ် မေလ ၇ ရက်နေ့က မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ဘုရားသုံးဆူကျေးရွာ မီးလင်းရေးအတွက် ကရိန်းကားဖြင့် ကွန်ကရစ်ဓာတ်တိုင်များ စိုက်ထူခြင်းလုပ်ငန်းဆောင်ရွက်နေပါသည်။ ဦးလှသိန်းက ကွန်ကရစ်တိုင်အား ထိန်းကိုင်၍ မြေကျင်းအတွင်း ကရိန်းကားဖြင့် ချနေစဉ် ကရိန်းကား၏ထောက်တိုင်လည်သွားပြီး ကွန်ကရစ်တိုင်အဖျားမှာ အနီးရှိ အခြား ၃၃ ကေဗွီ ဓာတ်အားလိုင်း၏ စက်ကွင်းအတွင်းသို့ ရောက်ရှိသွားသည်။ ကွန်ကရစ်တိုင်ကိုင်ထားသူ ဦးလှသိန်းမှာ စက်ကွင်းမှတစ်ဆင့် လျှပ်စစ်စီးဝင်၍ ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့ပါသည်။

လျှပ်စစ်စက်ကွင်းနှင့် ဆက်စပ်ပြောကြားရပါက မိုးကြိုးပစ်ခြင်းသည် ကောင်းကင်တိမ်တိုက်မှ မြေပြင်သို့ ဗို့အားအလွန်မြင့်သော လျှပ်စီးစီးဆင်းခြင်းဖြစ်ပါသည်။ မိုးကြိုးအပစ်ခံရသောနေရာ၏ပတ်ဝန်းကျင်တွင် လျှပ်စစ်စက်ကွင်းဖြစ်ပေါ်ရာ ၎င်းစက်ကွင်းအတွင်း ကျရောက်သောပစ္စည်းများ မီးလောင်ပျက်စီးခြင်း၊ လူ၊ တိရစ္ဆာန်များ ဒဏ်ရာရခြင်း၊ အသက်ဆုံးရှုံးခြင်း ဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိပါသည်။

လျှပ်စစ်စက်ကွင်းအတွင်း လူ၊ ပစ္စည်းများ ဝင်ရောက်မိ၍ နှစ်အလိုက် ဓာတ်လိုက်ခြင်း ဖြစ်စဉ်များမှာ ၂၀၁၁ခုနှစ် ဖြစ်စဉ်ခုနစ်ခုတွင် သေဆုံးသူ သုံးဦး၊ ဒဏ်ရာရရှိသူ ခုနစ်ဦး၊ ၂၀၁၂ ခုနှစ် ဖြစ်စဉ် သုံးခုတွင် သေဆုံးသူ ခြောက်ဦး၊ ဒဏ်ရာရရှိသူ ငါးဦး၊ ၂၀၁၃ ခုနှစ် ဖြစ်စဉ် လေးခုတွင် သေဆုံးသူ ငါးဦး၊ ဒဏ်ရာရရှိသူ ငါးဦး၊ ၂၀၁၄ ခုနှစ် ဖြစ်စဉ် ၁၂ ခုတွင် သေဆုံးသူ ရှစ်ဦး၊ ဒဏ်ရာရရှိသူ ၁၁ ဦး ရှိခဲ့ပါသည်။

ဓာတ်အား လိုင်းကြိုးများကို မကိုင်မိသော်လည်း ၎င်းကြိုး၏ လျှပ်စစ်စက်ကွင်းအတွင်း ရောက်ရှိပါက လျှပ်စစ်အန္တရာယ် ရှိသည်ကို သတိပြုရန် လိုအပ်ပါသည်။ လျှပ်စစ်အသိရှိသူများက မိမိမိသားစု၊ မိမိပတ်ဝန်းကျင်ကို ထပ်ဆင့်အသိပေးရန် လိုအပ်ပါသည်။

အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဓာတ်အားလိုင်းများနှင့်နီး၍ လျှပ်စစ်အန္တရာယ်ဖြစ်ပွားမှုများ ကင်းရှင်းစေရန်အတွက် ဗို့အားအမျိုးအစားအလိုက် ဓာတ်အားလိုင်းများနှင့် အဆောက်အအုံကွာဝေးရမည့် သတ်မှတ်ထားချက်များရှိပါသည်။

စဉ်	အဆောက်အအုံနှင့် ဓာတ်အားလိုင်း	၄၀၀ ဗို့	၆.၆ ကေဗွီ	၁၁ ကေဗွီ	၃၃ ကေဗွီ	၆၆ ကေဗွီ	၁၃၂ ကေဗွီ	၂၃၀ ကေဗွီ
၁	ရေပြင်ညီ(ဘေးတိုက်) အကွာအဝေး(ပေ)	၄	၆	၈	၁၀	၁၅	၅၀	၅၀
၂	ဒေါင်လိုက် (အထက်အောက်) အကွာအဝေး(ပေ)	၈	၈	၈	၁၂	၁၃	၁၄	၁၆

ဓာတ်အားလိုင်းကြိုးများ၏ ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်လျက်ရှိသော လျှပ်စစ်စက်ကွင်းများကြောင့် လျှပ်စစ်အန္တရာယ် မဖြစ်ပွားစေရန် သတိပြုရမည့် အချက်များအနေဖြင့် -

- ဓာတ်အားလိုင်းကြိုးများအနီးသို့ လူ/ပစ္စည်းများ ချဉ်းကပ်ခြင်းမပြုရ။
- ဓာတ်အားလိုင်းကြိုးအောက်နှင့် ဓာတ်အားလိုင်းကြိုးများ အနီးပတ်ဝန်းကျင်တွင် တီဗွီ၊ အင်တင်နာတိုင်ထောင်ခြင်း၊ စတီးလ်ပိုက်ချောင်းများ၊ သံပိုက်ချောင်းများ ထောင်၍ ကိုင်ဆောင်ခြင်းများ မပြုလုပ်ရ။
- ဓာတ်အားလိုင်းကြိုးများအောက်တွင် ကားရပ်ပြီး ကားခေါင်မိုးပေါ်တက်၍ လုပ်ငန်းဆောင်ရွက်ခြင်းများ မပြုရ။
- ဓာတ်အာလိုင်းကြိုးများအောက်နှင့် အနီးပတ်ဝန်းကျင်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းများ မပြုရ၊ ဓာတ်အားလိုင်းကြိုးများနှင့်သတ်မှတ်အကွာအဝေးတွင်သာ တည်ဆောက်ပါ။
- ဓာတ်အားလိုင်းတိုင်များပေါ်သို့ တက်ရောက်ဆော့ကစားခြင်း၊ လျှပ်စစ်ကျွမ်းကျင်သူမပါဘဲ ဓာတ်အားလိုင်းတိုင်များပေါ် တက်၍ ကြိုးဆွဲခြင်း၊ ကြော်ငြာတပ်ခြင်း၊ ဆိုင်းဘုတ်တင်ခြင်း မပြုရ။

အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ လှိုင်မြို့နယ်အတွင်း ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ ရေမြောင်းလုပ်ငန်း ၁၈ခု၊ လမ်းလုပ်ငန်းလေးခု၊ စုစုပေါင်းလုပ်ငန်း ၂၂ခုကို မြန်မာကျပ်ငွေဖြင့် ဈေးပြိုင်တင်ဒါဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းလိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်သိရှိလိုပါက လှိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တင်ဒါရောင်းချရေးအဖွဲ့ထံတွင် ဆက်သွယ်မေးမြန်း နိုင်ပါသည်-

၂။ **တင်ဒါပုံစံ စတင်ဖြန့်ဝေရောင်းချမည့်ရက်** -၁၂-၁-၂၀၁၅ရက် (တနင်္လာနေ့)

၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** -၂၂-၁-၂၀၁၅ရက် (ကြာသပတေးနေ့) ၁၆း၃၀နာရီ

၄။ ၂၄-၁-၂၀၁၅ရက်တွင် တင်ဒါဖွင့်လှစ်၍ ရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လှိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့
လှိုင်မြို့နယ်

ရန်ကုန်စီးပွားရေးတက္ကသိုလ်လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC) တွင် ဇန်နဝါရီလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

Human Resource Management Course for Entrepreneurs

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၁၄-၁-၂၀၁၅ရက်မှ ၂၃-၁-၂၀၁၅ရက် (ညနေပိုင်း ၈ရက်သင်တန်း)

သင်တန်းကြေး - ၄၀၀၀၀(ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည် ဖြစ်ပါသည်။

သင်တန်းစုံစမ်းရန် - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)

ဖုန်း - ၅၂၂၈၇၅၊ ၅၂၂၈၇၆

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို)မှ အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Lot No.(7)X-2000၊ (မာဇဒါဂျစ်)B-600(လေးဘီး) E-2000, T-2000 (၂တန်ကုန်တင်ယာဉ်)နှင့် DS-70 Engine မှ Electrical Parts ပစ္စည်းများ	၁၇၆ မျိုး	HI-12/011
(ခ)	Lot No.(8)X-2000,(မာဇဒါဂျစ်)၊ B-600(လေးဘီး)၊ E-2000, T-2000(၂တန်ကုန်တင်ယာဉ်) နှင့် DS-70 Engine မှ Rubber ပစ္စည်းများ	၁၁၆ မျိုး	HI-12/012
(ဂ)	Lot No.(9)X-2000 (မာဇဒါဂျစ်)၊B-600(လေးဘီး)၊ E-2000, T-2000(၂တန်ကုန်တင်ယာဉ်) နှင့် DS-70 Engine မှဆက်စပ်ပစ္စည်းများ	၂၄၃ မျိုး	HI-12/013

၂။ အထက်ဖော်ပြပါပစ္စည်းများအား Lot No. အလိုက်သာ လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

၃။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၁၃-၁-၂၀၁၅ရက်မှ ၅-၂-၂၀၁၅ရက် ၁၂း၀၀ နာရီ

၄။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)၊ စီမံကိန်းဌာန

၅။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်နှင့်အချိန်** - ၅-၂-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ

၆။ **တင်ဒါတင်သွင်းရမည့်နေရာ** - အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)၊ စီမံကိန်းဌာန

၇။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၅-၂-၂၀၁၅ ရက်၊ ၁၃း၀၀ နာရီ

၈။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၉၅၀၁၄၁၁၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀ရ၈၀၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)
ဖုန်း-၀၉-၄၉၅၀၁၄၁၁၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇၊
စက်မှုဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တောင်ကုန်းမြက်ခင်းပြင် ရေရရှိရေးလျှပ်စစ်လုပ်ငန်းများနှင့် Audio System မှ Main Spare Parts ပစ္စည်းများ ဝယ်ယူခြင်းများအားမြန်မာငွေကျပ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၁၄-၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၁-၂၀၁၅ ရက်၊ ၁၅း၀၀နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၂၇-၁-၂၀၁၅ ရက်၊ ၁၃း၀၀နာရီ ရုံးအမှတ် ၄၀၊ နေပြည်တော် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဖုန်း-၀၆၇-၅၉၀၅၃၀၊ ၀၆၇-၅၉၀၅၀၆

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ရှင်ဘို့မယ်၊ မြေကွက်/ဦးပိုင်အမှတ် ၁၉၉၊ ဧရိယာ ၀ဒသမ၀၇၃ ဧကရှိ ဦးအောင်ကျော်နိုင် အမည်ပေါက် အငှားဂရန်မြေ မြေကွက်အား ဦးအောင်ကျော်နိုင် ၁၂/သဃက (နိုင်) ၀၅၀၀၁၅ (ဘ)ဦးသောင်းစိန် မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင် ရောင်းဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံ ရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

စန်းကန်ဆည်ကြီး ပြန်လည်တူးဖော်

တောင်တွင်းကြီး ဇန်နဝါရီ ၁၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လက်တက်အုပ်စု စန်းကန်ရေဝင်မြောင်းမကြီး အလျား တစ်မိုင်၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်ပေရှိ မြောင်းမကြီးအတွင်းမှ သဲနုန်းများတူးဖော်ခြင်း၊ ရေတံခါး ဆောက်လုပ်ခြင်း၊ အလျား ပေ ၇၀၀၊ အကျယ်ပေ ၃၀၊ အမြင့် ၁၆ ပေရှိ စန်းကန်ဆည်ပေါင်ကြီး ပေါင်မြှင့်တင်ခြင်းလုပ်ငန်းများကို မြို့နယ် ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားကြီးဖြင့် ဇန်နဝါရီ ၇ ရက်က စတင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

အဆိုပါ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ဒေသခံ တောင်သူများနှင့် တွေ့ဆုံခဲ့ပြီး လိုအပ်ချက်များကို ကူညီပံ့ပိုး ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆည်ကြီးတူးဖော်ပြီးစီးသွားပါက လက်တက်အုပ်စုမှ ဒေသခံ တောင်သူများ၏ လယ်ဧက ၅၀၀ ကျော်တို့ကို မိုးစပါး၊ နွေစပါး အပါအဝင် သီးထပ်သီးညှပ်များနှင့် သီးနှံမျိုးစုံကို အချိန်မရွေး စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း လက်တက်ကျေးရွာ ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။ **နိုင်ဝင်း**

ဆိပ်ဖြူမြို့နယ်၌ ကျေးလက်ကုန်စည်ပြပွဲသို့ အမေရိကန်နိုင်ငံသားသုံးဦး လာရောက်လေ့လာ

ဆိပ်ဖြူ ဇန်နဝါရီ ၁၂

တောင်သူများအနေဖြင့် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ စားသုံးသူပြည်သူများ ဓာတုဗေဒ အန္တရာယ် ကင်းရှင်းစေရန်အတွက် အော်ဂဲနစ် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရန် ကျေးရွာရှိကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ စိုက်ပျိုးသော သီးနှံများ ဈေးကွက်ရရှိစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဂဲကုန်းကျေးရွာတွင် ရွှေသို့စီမံကိန်း (ချက်ဗ်ီ)မှ ဦးဆောင်၍ စီမံချက်ကျေးရွာများမှ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၏ ကုန်စည်ပြပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ ကျေးလက်ကုန်စည်ပြပွဲတွင် ရွှေသို့(ချက်ဗ်ီ) စီမံကိန်းဝင် ကျေးရွာ ၁၀ ရွာမှ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူ တောင်သူများက စိုက်ပျိုးထုတ်လုပ်ထားသည့် ခရမ်းချဉ်သီး၊ ခရမ်းသီး၊ စပါးအမျိုးအစားများဖြစ်သည့် ဧရာပဒေသာ၊ ဆင်းသုခ၊ ရေနည်း(၁၊ ၂၊ ၃)စပါးမျိုးများ၊ ဆင်းပဒေသာ(၁၁)၊ မကွေး(၁၁) မြေပဲမျိုးများ၊ ကုလားပဲမျိုးများ၊ နှမ်းဖြူ/နှမ်းနက်မျိုးများ၊ ပဲစင်းငုံမျိုးများကို ပြသခဲ့သည်။

ယင်းကုန်စည်ပြပွဲသို့ ရွှေသို့(ချက်ဗ်ီ) စီမံကိန်း မကွေးစီမံကိန်း မန်နေဂျာ ဦးဌေးနိုင်နှင့် ရွှေသို့(ချက်ဗ်ီ) စီမံကိန်းဆိပ်ဖြူမြို့နယ် တာဝန်ခံ ဦးမျိုးမင်းအောင်တို့နှင့်အတူ အမေရိကန်နိုင်ငံအခြေစိုက် ဝိဟာရအော်ဂဲနစ်ကုမ္ပဏီ ပညာရှင်များဖြစ်သည့် Mr.Conor Adam, Mr.spencer Thomas, Mr. Adamgeorge၊ ဝိဟာရအော်ဂဲနစ်ကုမ္ပဏီဝန်ထမ်း ဦးအောင်နိုင်ဦးတို့သည် နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိခဲ့ပြီး တောင်သူများပြသထားသည့် သီးနှံများနှင့် ပဲများကို လေ့လာခဲ့ကြသည်။

အမေရိကန်နိုင်ငံသား ပညာရှင်သုံးဦးသည် တောင်သူများ၏စိုက်ပျိုးမှု အခြေအနေများ၊ စိုက်ပျိုးရာတွင် ရေအသုံးချမှု၊ မြေဩဇာအသုံးချမှုများကိုမေးမြန်းခဲ့ကြပြီး နောက်နောင်တွင်လည်း ကျေးရွာများသို့ ကွင်းဆင်းကာ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စိုးလင်းနိုင် (iprd)

ကမ်းနားလမ်း သာယာလှပစေရေး စုပေါင်းသန့်ရှင်း

ကသာ ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့သည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိပြီး သာယာလှပသည့် ဆိပ်ကမ်းသာမြို့တစ်မြို့အဖြစ် ရပ်တည်လျက်ရှိသည်။

ကသာမြို့ အမှတ်(၁)ရပ်ကွက် ကမ်းနားလမ်းတစ်လျှောက် ဆိပ်ကမ်းများတွင် စွန့်ပစ်အမှိုက်များကြောင့် ကသာမြို့၏ ဆိပ်ကမ်းသာယာလှပမှုသည် အကျည်းတန်အရုပ်ဆိုးနေသဖြင့် ကသာဆိပ်ကမ်းကို သန့်ရှင်းသာယာ လှပကောင်းမွန်စေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို ဇန်နဝါရီ ၁၀ ရက် နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ကသာခရိုင် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ရွှင်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၅၀၀ ခန့်တို့က ပလတ်စတစ်အမှိုက်များကောက်ယူရှင်းလင်း သိမ်းဆည်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

သတင်းတို

နယ်မြေအတွင်း မှုခင်းကျဆင်းရေးကင်းလှည့်

နေပြည်တော် ဇန်နဝါရီ ၁၂

နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုအောင်နှင့် ဒက္ခိဏခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝင်းချွန်တို့၏ ညွှန်ကြားချက်နှင့်အညီ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့နယ်မြေအတွင်း၌ ရဲတပ်ဖွဲ့ဝင်များက စက်ဘီးလှည့်ကင်းများနှင့် ကင်းလှည့်စောင့်ရှောက်၍ မှုခင်းကျဆင်းရေး ဆောင်ရွက်လျက်ရှိသည်။

၎င်းစက်ဘီးများမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစီအစဉ်နှင့် နိုင်ငံခြားမှ မှာယူထားသော ခေတ်မီစက်ဘီးများဖြစ်ပြီး မော်တော်ယာဉ်နှင့် ကင်းလှည့်ခြင်းကဲ့သို့ မြန်ဆန်မှု မရှိသော်လည်း ကား၊ ဆိုင်ကယ်များ မဝင်ရောက်နိုင်သည့် လမ်းကြားများအထိ ဝင်ရောက်နိုင်ပြီး ပြည်သူလူထုနှင့် နေရာလပ်မကျန် ထိတွေ့ကူညီနိုင်ကာ ပြည်သူမှပေးလာသော သတင်းစကားများရရှိ၍ မှုခင်းများကြိုတင်ကာကွယ်နိုင်ကြောင်း သိရသည်။

သန်းနိုင်(ဇမ္ဗူသီရိ)

ယုဇနဥယျာဉ်မြို့တော်၊ စုပေါင်းအိမ်ရာစီမံခန့်ခွဲရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယုဇနဥယျာဉ်မြို့တော် စုပေါင်းပိုင်အိမ်ရာစီမံခန့်ခွဲရေးကော်မတီမှ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် A+B+C+D Block လေးခုအတွင်းရှိ တိုက်ခန်းများအတွက် အသင့်ပြုလုပ်ပြီး ရေလှောင်ကန်မှ ပြင်ပရေပိုက်လိုင်းများအတွင်း ရေပိုက်လိုင်းများ သွယ်တန်းခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်၊အချိန်** - ၁၃-၁-၂၀၁၅ရက် နံနက် ၉း၀၀နာရီ၊

တင်ဒါအရောင်းပိတ်မည့်ရက်၊အချိန် - ၂၇-၁-၂၀၁၅ရက် ညနေ ၄း၀၀နာရီ။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက် အသေးစိတ်များကို အောက်ပါလိပ်စာများတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ အမှတ်(၉၄) ရပ်ကွက်(အုပ်ချုပ်ရေးမှူးရုံး)၊ ပီတောက်လမ်း၊ ဖုန်း-၀၉-၄၂၀၁၆၇၅၃၅၊ ၀၉-၂၅၄၁၈၀၇၈၈၊ ၀၉-၄၂၀၁၁၁၁၅၁၊ ၀၉-၅၁၇၁၉၁၅၊ ၀၉-၅၁၉၆၅၇၅

တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့

စုပေါင်းပိုင်အိမ်ရာစီမံခန့်ခွဲရေးကော်မတီ

ဖခင်အမည်မှန်

မိုင်းပျဉ်းမြို့နယ် အထက၊ အဋ္ဌမတန်း (B)မှ မမြင့်မြင့်သော်(ခ)မအားမီတို ၁၃/မပတ(နိုင်)၀၄၆၁၂၄၏ မွေးသက္ကရာဇ်အမှန်မှာ (၆-၄-၁၉၉၈)ဖြစ်ပါကြောင်းနှင့် ၄င်း၏ဖခင်အမည်မှန်မှာ ဦးပါကူဖြစ်ပါကြောင်း။ **ဦးပါကူ**

ဖခင်အမည်မှန်

ပြင်စာ အထက(ခွဲ)၊ အဋ္ဌမတန်း(A)မှ မပိုးလေးသူ၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြိုင် ၉/ပဥလ(နိုင်)၀၁၅၆၂၄ ဖြစ်ပါကြောင်း။

ဦးဝင်းမြိုင် ၉/ပဥလ(နိုင်)၀၁၅၆၂၄

တစ်ဦးတည်းဖြစ်ပါကြောင်း

ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်နေ ဦးကြည်သိန်း၏သား မောင်သူရသိန်းနှင့် မောင်ကျော်ဇင်ဦး ၉/ပမန(နိုင်)၂၅၃၈၃၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

(၁၁၅)ကြိမ်မြောက် ရမည်းသင်းမြို့၊ ရွှေမြင်တင်တောင်တော်မြတ် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်အတွက်

ဈေးဆိုင်ခန်းများကို အောက်ပါနေ့ရက်များတွင် ရောင်းချပေးပါမည်။

ရောင်းချမည့်ရက် - ၁၃၇၆ ခုနှစ် တပို့တွဲလဆန်း ၁ရက်မှ လပြည့်ကျော် ၅ ရက်အထိ

နေရာ - ရွှေမြင်တင်တောင်တော်မြတ်ဂေါပကရုံး

ဖုန်း - ၂၁၇၃၂၃၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၈/၂)၊ မြေကွက်အမှတ် (၁၁၇၃) မြေနေရာအား ဦးမိုးကျော်သူ(ခ)ဦးကျော်လှ ၁၂/ဒဂတ(နိုင်)၀၀၈၈၉၅ မှငွေသွင်းခွင့်ပြုလုပ်ပါရန်နှင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ် ၆ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/အလင်းရောင်ရပ်၊ ဦးပိုင်အမှတ် ၃၈၊ ဧရိယာ၀ဒသမ၀၉၃ ဧကရှိ ဦးကြင်သန်းအမည်ပေါက် အငှားဂရန် မြေကွက်အား ဒေါ်ခင်သောင်း ၇/ဖမန(နိုင်) ၀၇၅၈၄၇ (ဘ) ဦးပုမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ် ၂ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂/အောင်မြေမြောက်ရပ်၊ ဦးပိုင်အမှတ် ၈၊ ဧရိယာ၀ဒသမ၁၉၆ ဧကရှိ ဦးအောင်မင်းမင်း အမည်ပေါက် ဘိုးဘွားပိုင် မြေကွက်အား ဒေါ်ခိုင်ခိုင်ဦး ၉/လဝန(နိုင်) ၀၃၆၆၆၆ (ဘ)ဦးမောင်မောင်ရီမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘအမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးခြင်း

ကျွန်တော်စိုးသီဟ ၁၂/စခန(နိုင်)၀၆၆၅၅၆ ပိုင်ဆိုင်သောနိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၅၄၅၉၁၇

ဂရုပြုဖွယ်ရာ ခံတွင်းကင်ဆာ

ဒေါက်တာမျိုးမင်းသိန်း

ယမန်နေ့မှအဆက်

(ခ)အရက်သောက်သုံးခြင်း

အရက်သောက်ခြင်းကြောင့်လည်း ခံတွင်းကင်ဆာဖြစ်ပွားမှု များပြားသည်ကို သုတေသနများအရ သိရှိရပြီဖြစ်ပါသည်။ ထို့အပြင် အရက်သောက်ခြင်းသည်အခြားဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းများမှ ခံတွင်းကင်ဆာဖြစ်ပွားစေမှုကိုလည်း အားပေးရာရောက်ပါသည်။ ထို့ကြောင့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းဝါးခြင်းနှင့် အရက်သောက်ခြင်းစသော မကောင်းသောအလေ့အထများအားလုံး ပြုလုပ်သူများအနေဖြင့် ခံတွင်းကင်ဆာဖြစ်ပွားနိုင်ခြေ ပိုများပါသည်။

(ဂ) ရောဂါပိုးကူးစက်မှုများ

သုတေသနရှာဖွေတွေ့ရှိမှုများအရ အချို့သော ဗိုင်းရပ်စ်ပိုးများ၊ မှိုစွဲခြင်းရောဂါများနှင့် ခံတွင်းကင်ဆာများ ဆက်နွှယ်ဖြစ်ပွားလျက်ရှိပါသည်။ အထူးသဖြင့် HPV ခေါ် HUMAN PAPILLOMA VIRUS ကြွက်နို့ဗိုင်းရပ်စ်မျိုးခွဲ ၁၆ နှင့် ၁၈ တို့သည် ခံတွင်းကင်ဆာဖြစ်ပွားမှုနှင့် ဆက်နွှယ်လျက်ရှိနေပြီး အခြားသော EPSTEIN BAR VIRUS နှင့် ရေယုန် ဗိုင်းရပ်စ်ပိုး HERPES SIMPLEX VIRUS 1 များမှာလည်း ခံတွင်းကင်ဆာဖြစ်ပွားမှုများနှင့် ဆက်နွှယ်နေပါသည်။ CANDIDA ALBICANS ခေါ် မှိုစွဲခြင်းကြောင့်ဖြစ်သော မှက္ခရုနာများကြောင့်လည်း ခံတွင်းတစ်သျှူးများကို ကင်ဆာအဖြစ်သို့ ပြောင်းလဲသွားစေနိုင်ပါသည်။

(ဃ) ခံတွင်းရှိပျက်စီးနေသော သွားအချွန်အတက်များနှင့်သွားတုများ

ခံတွင်းရှိသွားများနှင့် တပ်ဆင်ထားသော သွားအတုများ အချိန်ကြာမြင့်လာပြီး ပျက်စီးသွားပါက စူးရှသောသွားနှင့် သွားတုအချွန်အတက်များ ဖြစ်ပေါ်လာတတ်ပါသည်။ ထိုအခါ ခံတွင်းရှိ အခြားအစိတ်အပိုင်းနှင့် ကိုက်မိ၍သော်လည်းကောင်း၊ ပွန်းတိုက်ရှမိသောကြောင့်လည်းကောင်း၊ လျှာ၊ ပါးစောင်နှင့် နှုတ်ခမ်းများတွင် အနာများဖြစ်ပွားလာတတ်ပါသည်။ ယင်းကဲ့သို့ ပျက်စီးနေသော သွားများနှင့်သွားတုများကို ပြန်လည်မပြုပြင်ဘဲထားပါက ခံတွင်းတစ်သျှူးများထိခိုက်ပြီး အနာဖြစ်ဖန်များလာသောအခါ ခံတွင်းရှိဆဲလ်များမှာ ပုံစံပြောင်းပြီး နောက်ဆုံးကင်ဆာရောဂါအဖြစ်သို့ ပြောင်းသွားတတ်ပါသည်။ အကယ်၍ ထိုကဲ့သို့ ထိခိုက်ထားသော ခံတွင်းအသားများနှင့် ဆေးလိပ်ကွမ်းယာများတွင် ပါဝင်သော ကင်ဆာဖြစ်စေသောပစ္စည်းများ တိုက်ရိုက်ထိတွေ့ပါကကင်ဆာဖြစ်နိုင်ခြေ ပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။

(င) အန္တရာယ်ရှိသော ဓာတ်ရောင်ခြည်ထိတွေ့ခြင်း

အထူးသဖြင့် နှုတ်ခမ်းများတွင် ခရမ်းလွန်ရောင်ခြည်ထိတွေ့မှုများသောကြောင့် ကင်ဆာရောဂါ ဖြစ်ပွားတတ်ပါသည်။ ဩစတြေးလျကဲ့သို့သော ခရမ်းလွန်ရောင်ခြည်ထိတွေ့မှုများသော ဒေသများတွင် အောက်နှုတ်ခမ်းသားများတွင် ကင်ဆာရောဂါများ ဖြစ်ပွားတတ်ပါသည်။

(စ) ခံတွင်းအကြိုကင်ဆာများနှင့် အာဟာရဓာတ်ချို့တဲ့မှုများ

ခံတွင်းတွင်ဖြစ်ပွားတတ်သော ခံတွင်းအကြိုကင်ဆာများမှာ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဗီတာမင်များနှင့် အခြားသော အန်တီအောက်စီဒန့်ချို့တဲ့မှုများကြောင့်ဖြစ်တတ်ပြီး ယင်းမှတစ်ဆင့် ခံတွင်းကင်ဆာသို့ ပြောင်းလဲသွားတတ်ပါသည်။ ခံတွင်းအကြိုကင်ဆာအဆင့်တွင် လိုအပ်သောဆေးကုသမှုများခံယူပါက ခံတွင်းကင်ဆာအဖြစ်သို့ ပြောင်းလဲမသွားအောင် စောင့်ကြည့်ကာကွယ်နိုင်မည်ဖြစ်ပါသည်။

(ဆ) ကင်ဆာဖြစ်စေသော မျိုးရိုးဗီဇများ

ONCOGENES နှင့် TUMOUR SUPPRESSOR GENES ဟုခေါ်သောမျိုးရိုးဗီဇဖောက်ပြန်မှုများကြောင့် ခံတွင်းကင်ဆာဖြစ်ပွားနိုင်ပါသည်။ အထူးသဖြင့် ONCO-GENES များဖြစ်ကြသော RAS နှင့် MYC ကဲ့သို့ သောဗီဇများ၊ p53 နှင့် pRbကဲ့သို့သော ဗီဇဖောက်ပြန်မှုများကြောင့်လည်း ခံတွင်းကင်ဆာများ ဖြစ်ပွားနိုင်ပါသည်။

(ဇ) ရှာဖွေရန်ခက်ခဲ

Idiopathic တစ်ခါတစ်ရံ ခံတွင်းကင်ဆာဖြစ်ပွားရခြင်း၏ အကြောင်းအရင်းများကိုရှာဖွေရန် ခက်ခဲတတ်ပါသည်။

၃။ ခံတွင်းကင်ဆာကိုဆောလျင်စွာ သိရှိနိုင်ရန်နည်းလမ်းများ

ကနဦးအဆင့် ခံတွင်းကင်ဆာသည် ထူးခြားသော လက္ခဏာ တစ်စုံတစ်ရာမပြတတ်သဖြင့် သတိမမူမိဘဲဖြစ်တတ်ပါသည်။ မိမိခံတွင်းတွင် ပုံမှန်မဟုတ်သော အဖုအကျိတ်နှင့်အနာများဖြစ်ပွားသည်ကို အမြဲတစေကြည့်ရှုစစ်ဆေးပေးရန် လိုအပ်ပါသည်။ ခံတွင်းတွင် ပုံမှန်အနေအထားတွင်ရှိသော ခံတွင်းအစိတ်အပိုင်းများ၏ ပုံသဏ္ဍာန်များကိုလည်း ကြိုတင်သိရှိထားရန် လိုအပ်ပါသည်။ ခံတွင်းကင်ဆာစတင်ဖြစ်ပွားချိန်တွင် တွေ့ရတတ်သော ပုံစံအများစုမှာ ခံတွင်းတွင်အနာများ၊ အဖြူကွက်၊ အနီကွက်၊ အဖုအကျိတ်လေးများမှ စတင်ဖြစ်ပွားတတ်ပြီး ကနဦးအဆင့်တွင် ဖြစ်ပွားသော ခံတွင်းကင်ဆာမှာ ထူးခြားသောလက္ခဏာ တစ်စုံတစ်ရာမပြတတ်ဘဲ ကင်ဆာဆဲလ်များ အဆမတန်ပွားများလာပြီး ဘေးနားဝန်းကျင်သို့ ပျံ့နှံ့လာသောအခါမှသာ အခြားလက္ခဏာများပြတတ်သဖြင့် အသိနောက်ကျသွားတတ်ပါသည်။ ခံတွင်းတွင် ဖြစ်လေ့ဖြစ်ထရှိသော အနာများမှာ ပုံမှန်အားဖြင့် အချိန်တစ်ပတ်မှ ဆယ်ရက်အတွင်းပြန်လည်သက်သာလာတတ်ပါသည်။ ထို့ကြောင့် ခံတွင်းတွင် အနာဖြစ်ပွားမှုမှာ နှစ်ပတ်ထက် ကျော်လွန်လာပါက သက်ဆိုင်ရာဆေးပညာရှင်များထံ အမြန်ဆုံးပြသကြရန် လိုအပ်ပေသည်။ အချို့သော ကိုယ်ခံအားစနစ် ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာတတ်သော အနာများမှာလည်း အချိန်တစ်လခန့် ဖြစ်ပွားတတ်သောကြောင့် ခံတွင်းကင်ဆာဖြစ်ပွားနေခြင်း ဟုတ်မဟုတ် ဆောလျင်စွာသိရှိရန် လိုအပ်သဖြင့် ကျွမ်းကျင်သူများနှင့် အမြန်ဆုံးပြသသင့်ပါသည်။ ထို့ကြောင့် အချိန်နှစ်ပတ်ထက်ပိုကြာသော အနာများကို ရရာဆေးမြီတိုများဖြင့် ကုသမနေဘဲ အမြန်ဆုံးပြသကုသရန် လိုအပ်ပါသည်။

ခံတွင်းကင်ဆာကို ဆောလျင်စွာ သတိပြုမိစေရန်အတွက် မိမိခံတွင်းကို မှန်မှန်စစ်ဆေးပေးရန် လိုအပ်ပါသည်။ မသင်္ကာဖွယ်ရာတစ်စုံတစ်ခု တွေ့ရှိခဲ့လျှင်သော်လည်းကောင်း၊ ရောဂါဟုတ်မဟုတ် မိမိကိုယ်တိုင် မသိလျှင်သော်လည်းကောင်း တတ်ကျွမ်းနားလည်သူများနှင့် အမြန်ဆုံးပြသဖို့လိုအပ်ပါသည်။ ဆောလျင်စွာသိရှိခြင်းနှင့် ဆေးကုသမှုအောင်မြင်ရန်အတွက် များစွာအထောက်အကူဖြစ်စေပါမည်။ သို့ကြောင့် မိမိခံတွင်းတွင် ပုံမှန်မဟုတ်သော အနာ၊ အဖု၊ အကျိတ်များဖြစ်ပွားပါက သက်ဆိုင်ရာ ဆေးပညာရှင်များနှင့်ပြသပြီး လိုအပ်ပါက အသားစယူပြီးစစ်ဆေးကာ ကင်ဆာရောဂါ ဟုတ်မဟုတ် ရှာဖွေနိုင်မည်ဖြစ်ပါသည်။ ကနဦးအဆင့် ခံတွင်းကင်ဆာရောဂါကို အမြန်ဆုံးကုသမှုခံယူနိုင်ခဲ့ပါက ဆေးကုသမှုအတွက်ရလဒ်ကောင်းများရရှိနိုင်ပါသည်။ ပုံမှန်မဟုတ်သော အရာများမိမိခံတွင်းတွင်ရှိနေသည်ကို လျစ်လျူရှုခဲ့ပါက ကင်ဆာရောဂါလည်း အချိန်ကြာလာသည်နှင့်အမျှ နီးစပ်ရာအင်္ဂါအစိတ်အပိုင်းများသို့လည်းကောင်း၊ ထိုမှတစ်ဆင့် အခြားခန္ဓာကိုယ်အစိတ်အပိုင်းများသို့ ဆက်လက်ပျံ့နှံ့သွားနိုင်သဖြင့်ဆေးကုသမှုခံယူရာတွင် အတားအဆီးများစွာရှိစေမည်ဖြစ်ပြီး ရလဒ်ကောင်းများ ရရှိနိုင်တော့မည်မဟုတ်ပေ။

၄။ ခံတွင်းကင်ဆာရောဂါလက္ခဏာများ

ကနဦးအဆင့် ခံတွင်းကင်ဆာမှ ထူးခြားသော လက္ခဏာတစ်စုံတစ်ရာ မပြတတ်ပေ။ သေးငယ်သော အဖြူကွက်၊ အနီကွက် သို့မဟုတ် သေးငယ်သော အဖုအကျိတ်လေးများသာ ထွက်ပေါ်လာပြီး အခြားနာကျင်မှုဝေဒနာခံစားမှုမရှိသေးသဖြင့်သတိမမူမိကြပေ။ သို့သော်အချိန်ကြာလာသည်နှင့်အမျှ ကင်ဆာဆဲလ်များ နီးစပ်ရာနေရာများသို့ ဆက်လက်ကြီးထွားပျံ့နှံ့ပြီး ကြီးမားသောအနာများ၊ အဖုအကျိတ်များအဖြစ်သို့ ပြောင်းလဲလာပါသည်။ ထိုအခါ ယင်းကင်ဆာကျိတ်ဖြစ်ပွားရာနေရာနှင့် အနီးတစ်ဝိုက်တွင် နာကျင်မှုဝေဒနာများ စတင်ခံစားရပါသည်။ ခံတွင်းတွင်ဖြစ်ပွားသောကြောင့် ခံတွင်း၏ ပုံမှန်လုပ်ငန်းစဉ်များဖြစ်သော အစာစားသောက်ခြင်း၊ စကားပြောဆိုခြင်းတို့တွင် အနှောင့်အယှက်များ ဖြစ်ပေါ်လာတတ်ပါသည်။ စကားပြောရာတွင် အသံပြောင်းလာခြင်း၊ အစာဝါးခြင်း၊အစာမျိုခြင်းနှင့် ရေသောက်ပြီး မျိုချသောအခါများတွင် နာကျင်လာတတ်ပါသည်။ ကင်ဆာဆဲလ်များ ပျံ့ရည်ကြောစနစ်အတွင်းသို့ ရောက်ရှိသွားပါက မေးရိုးအောက်ခြေရှိအကျိတ်များနှင့် လည်ပင်းအကျိတ်များ ထွက်ပေါ်လာတတ်ပါသည်။ အဖုအကျိတ်နှင့် အနာများ တဖြည်းဖြည်းကြီးထွားလာပြီး အနာပုံစံကဲ့သို့ ပေါက်ပြဲထွက်လာသောအခါများတွင် ခံတွင်းအနံ့ဆိုးများထွက်လာပြီး ယင်းကင်ဆာ အနာကင်ဆာကျိတ်နေရာတွင် ပုပ်သိုးပျက်စီးနေသော တစ်သျှူးများနှင့် သွေးများပါ ထွက်ရှိနေတတ်ပါသည်။ ကင်ဆာဆဲလ်များ မေးရိုးများအတွင်းသို့ ထိုးဖောက်ပျံ့နှံ့သွားသောအခါများတွင် မေးရိုးပေါ်ရှိ သွားများ ယိုင်နဲ့လာတတ်ခြင်း၊ တစ်ခါတစ်ရံ မေးရိုးများကျိုးသွားသည်အထိဖြစ်ပွားနိုင်ပါသည်။ ယင်းကဲ့သို့ ကင်ဆာကျိတ် ဆိုးဝါးသောအဆင့်တွင် လူနာမှာ ပြင်းပြင်းထန်ထန် နာကျင်ကိုက်ခဲမှုကို ခံစားရပါသည်။ အလွန်ဆိုးရွားသောအခြေနေများတွင် ခံတွင်းထဲမှ ကင်ဆာကျိတ်မှာ မျက်နှာပြင်ထိတိုင်အောင် ပျံ့နှံ့ထွက်လာတတ်ပြီး အချို့သော အခြေအနေများတွင် အခြားကိုယ်တွင်းအင်္ဂါများထိ ဆက်လက်ပျံ့နှံ့သွားနိုင်ပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်
အကြိမ်(၁၀၀)မြောက် ကျောင်းဒါယကာ၊ ဒါယိကာမတို့၏
တပို့တွဲလ ၇ ရက်
အထူးတရားစခန်းပွဲဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ဓမ္မာရုံတော်ကြီးတွင် နှစ်စဉ် ကျင်းပပြုလုပ်သည့် အကြိမ်(၁၀၀)မြောက် ကျောင်းဒါယကာ ဦးကျော်ဝင်း-ဒေါ်ဘေဘီဝင်းမိသားစုတို့က ကမကထပြုလုပ်သော တပို့တွဲလ ၇ ရက် အထူးတရားစခန်းပွဲကို (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁ရက်မှ ၇ရက်အထိ)၊ ၂၀-၁-၂၀၁၅ရက်မှ ၂၆-၁-၂၀၁၅ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြတ်စွာဘုရား၏ဆန္ဒတော်နှင့်အညီ ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားတော်များကို ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ဆရာကြီး၏ အန္တေဝါသိကလက်ရင်းတပည့်ကြီးဖြစ်သော ဆရာကြီးဦးသိမ်းဆွေ(ဓနုဖြူ)နှင့် အရန်တရားဟောဓမ္မကထိကများက သစ္စာသိကြောင်းအလုပ်ပေးတရားတော်များကို မရှိမပဋိပဒါနည်းကျ ဟောကြားပြသပေးကြမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်ရောက်လိုသောယောဂီများသည် ၁၉-၁-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၅နာရီထက် နောက်မကျဘဲ ကြွရောက်ကြပါရန် စခန်းပွဲသို့ ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များနှင့် ယောဂီများအနေဖြင့် နာယက ဦးအေးကို ဖုန်း-၀၁-၅၂၁၉၃၀၊ ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း-၀၉-၂၅၃၂၅၉၈၉၈၊ အတွင်းရေးမှူး ဦးမြင့်သန်း ဖုန်း-၀၉-၄၃၁၃၃၉၁၃၊ ဘဏ္ဍာရေးမှူး ဦးလှမျိုး ဖုန်း-၀၉-၅၁၆၁၁၃၈၊ အမှုဆောင်ရုံးခန်း ဖုန်း-၀၉-၇၃၀၃၇၃၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

လုပ်သားများကောလိပ် ၁၉၇၂-၇၇ ပညာသင်နှစ် ရူပဗေဒအဓိက ကျောင်းသားဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်ဆုံစည်းပွဲ

လုပ်သားများကောလိပ် ၁၉၇၂-၇၇ ပညာသင်နှစ် ရူပဗေဒ အဓိကကျောင်းသားဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်ဆုံစည်းပွဲကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၀၀နာရီတွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သုမင်္ဂလာလမ်းနှင့် သီဟသူလမ်းထောင့်ရှိ သုဓမ္မာဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက ကိုကျော်သူ ဖုန်း-၃၉၂၆၁၇၊ ၂၅၆၆၀၂၊ ၀၉-၅၁၂၆၅၇၆၊ ကိုစိန်သန်း ဖုန်း-၅၇၉၉၂၆၊ ၀၉-၂၅၀၁၃၆၇၇၅၊ ကိုတင်အေး ဖုန်း-၀၉-၂၅၄၃၁၁၃၂၅၊ မခင်နွဲ့ ဖုန်း-၅၅၁၄၆၅၊ ၀၉-၅၀၀၈၈၈၃၊ မသိန်းရွှေ ဖုန်း-၀၉-၄၄၈၀၂၂၁၆၉၊ ကိုခင်မောင်တင့် ဖုန်း-၀၉-၇၉၉၅၇၄၆၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈A၊ မြေကွက်အမှတ် ၁၀၈၊ မြေအကျယ်အဝန်း ပေ(၂၀×၃၅)၊ ဧရိယာ ၀ဒသမ ၀၁၆ဧကရှိ မြေကွက်အား ဦးစိုင်းတွမ်လိတ်မှ ဒေါ်ဝင်းညွန့် ၁၂/လမန(နိုင်)၀၈၈၀၈၉ အား ၇-၁-၂၀၁၃ ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာအမှတ် ၂၉၃ ဖြင့် အထူးကိုယ်စားလှယ်လွှဲစာဖြင့် ပေးအပ်ထားပါသည်။

ယခုအခါ ဒေါ်ဝင်းညွန့်မှ အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်လက်အကျိုးခံစားလိုခြင်းမရှိတော့ပါသောကြောင့် ဦးစိုင်းတွမ်လိတ်အား အထက်ပါမြေကွက်ကို ပြန်လည်ပေးအပ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းညွန့်
၁၂/လမန(နိုင်)၀၈၈၀၈၉
အမှတ်(၃)၊ စံပယ်လမ်း၊ စမ်းချောင်းမြို့နယ်

ဒေါ်မွေးမွေး ၁၂/ကတတ(နိုင်)၀၂၀၄၉၈ နှင့် သက်ဆိုင်သူများသိရှိလိုက်နာရန် အသိပေးခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)၊ ပဒေသာလမ်း၊ အမှတ် ၃၄(ပထပ်)နေ ဒေါ်ကြူကြူထွန်း ၇/ပခန(နိုင်)၂၃၁၂၁၉ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာပါသည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ် ၂၄ တွင် နှစ်ခန်းတွဲ (၁၂) ထပ်တိုက်ကို Great Father Land Construction, Chairman ဦးကျော်မြင့်မှ ဆောက်လုပ်ရန်ဖြစ်ပြီး အဆိုပါတိုက်၏ ကိုးထပ် (A)+(B)နှစ်ခန်းတွဲ ဧရိယာ(၂၄၀၀ စတုရန်းပေ)ကို အမှတ် ၁၇၉၊ ၄၈ လမ်း(မြေညီ)၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်မွေးမွေးထံမှ ၁၅-၁၀-၂၀၁၃ရက်စွဲပါ စာချုပ်ဖြင့် ဒေါ်ကြူကြူထွန်းက ငွေတချို့တစ်ဝက်ပေး၍ ဝယ်ယူခဲ့ကြောင်း စာချုပ်အရ တွေ့မြင်သိရှိရပါသည်။

ဒေါ်မွေးမွေးသည် စာချုပ်အပိုဒ်-၆၊ ၇ အရ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက်နေပါသည်။

စာချုပ်ပါကတိအတိုင်း လူကြီးမင်းလက်ခံထားသည့်ငွေ၏ နှစ်ဆဖြစ်သော ကျပ်သိန်း ၂၂၈၀ (ကျပ်သိန်းနှစ်ထောင့်နှစ်ရာရှစ်ဆယ်တိတိ)ကို ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ဒေါ်ကြူကြူထွန်းထံဖြစ်စေ၊ ကျွန်ုပ်တို့ထံဖြစ်စေ (မပျက်မကွက်) ပေးဆပ်ပါရန် အလေးအနက်အကြောင်းကြားပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဒေါ်ကြူကြူထွန်း၏ တာဝန်ပေးချက်အရ-

စလင်း-ဦးအောင်သိန်း	ဒေါ်မေမီလှိုင်	ဒေါ်သန္တာမြင့်
(LL.B)	(LL.B, LL.M)	အထက်တန်းရှေ့နေ

တရားလွှတ်တော်ရှေ့နေများ

Master Law and Group,
စာချုပ်စာတမ်းနှင့်ဥပဒေအတိုင်ပင်ခံအဖွဲ့
Ph-09-5401940, 09-428227313, 09-73182185

အမည်ပြောင်း

ဦးကျော်မျိုးနောင်၏သမီး မော်လမြိုင်မြို့ အထက(၆) တတိယတန်း(ခ) တွင် ပညာသင်ကြားနေသော မအိန္ဒြေပွင့်ကျော်အား မအိန္ဒြေသင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မအိန္ဒြေသင်း

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစံလင်း-ဒေါ်မြင့်အေးတို့၏သမီး မအေးမြမြမွန် ၅/ကလတ(နိုင်)၀၇၉၄၉၈ ကိုင်ဆောင်ထားသူနှင့် မအေးမြမွန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မအေးမြမြမွန်(ခ)မအေးမြမွန်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ခိုကိုးရာမဲ့ကလေးငယ်များအတွက် ပညာပဒေသာ ပရဟိတကျောင်းတော်

ဦးငယ်(ဆားလင်းကြီး)

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကျောက်မျက်ကျေးရွာအုပ်စု ထနောင်းကုန်းကျေးရွာတွင် ၁၉၀၆ ခုနှစ်မှစ၍ ဆရာတော် ဦးကေသရ စတင်ပျိုးထောင်ပေးခဲ့သော ပညာပဒေသာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာကျောင်းတော်တည်ရှိသည်။ အဆိုပါ ပရဟိတဂေဟာကျောင်းတွင် စာအံ့စာဖတ်သံများဖြင့် ဝေဝေဆာဆာရှိနေသည်ကို မြင်ရကြားရမည်ဖြစ်ပါသည်။

လွန်ခဲ့သည့် နှစ်တစ်ရာကျော်က ဆရာတော် ဦးကေသရ၏ ရည်ရွယ်ချက်များဖြစ်သော မိမဲ့၊ ဘမဲ့၊ မိဘမဲ့နှင့် ခိုကိုးရာမဲ့ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်သားကောင်းများပေါ်ထွန်းလာစေရေး၊ အမျိုးဘာသာသာသနာကို စောင့်ရှောက်လိုသော စိတ်ဓာတ်များ ပေါ်ထွန်းလာစေရေးတို့အတွက် လေ့ကျင့်ပျိုးထောင်ပေးရန်ဟူသည့် မြင့်မြတ်သော စိတ်ရင်းစေတနာတို့ကြောင့် ယခုအချိန်အထိ အောင်မြင်စွာ တည်ရှိနေဆဲဖြစ်ကြောင်း လက်ရှိကျောင်းထိုင်ဆရာတော် ဦးကောဝိဒက မိန့်ကြားသည်။

၁၉၀၆ ခုနှစ်မှစတင်၍ ဆရာတော်ဦးကေသရက စတင်ပျိုးထောင်ပေးခဲ့သော ပညာပဒေသာ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာကျောင်းတော်ကြီးကို ဆရာတော်များ အဆက်ဆက် တာဝန်ယူဆောင်ရွက်တော်မူခဲ့ကြရာ ၁၉၃၅ ခုနှစ်မှ ၁၉၄၀ ခုနှစ်အထိ ဆရာတော် ဦးဩဘာသက လည်းကောင်း၊ ၁၉၄၀ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ဆရာတော် ဦးဇဝနက လည်းကောင်း၊ ၁၉၅၆ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဆရာတော် ဦးနန္ဒိယက လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ယခုအချိန်အထိ ဆရာတော် ဦးကောဝိဒက လည်းကောင်း ဆက်လက်၍ စောင့်ရှောက်ကျွေးမွေးထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

၁၉၅၆ ခုနှစ်မှစတင်၍ ဒါယကာ၊ ဒါယိကာမများ၏ လှူဒါန်းမှုဖြင့် ပရဟိတကလေးငယ်များကို ကျွေးမွေးပညာသင်ကြားပေးခဲ့ရာမှ ၁၉၆၂ ခုနှစ်တွင် လူမှုဝန်ထမ်းဌာန၏ အသိအမှတ်ပြုခံရပြီး တစ်နှစ်လျှင်ဆန်အိတ် ၆၀ စတင်ထောက်ပံ့ခဲ့ကာ နှစ်စဉ်တိုးတက်ထောက်ပံ့ခဲ့ပြီး ဂေဟာမှူးတစ်ဦး ခန့်ထားပေးသော အဆင့်သို့ပင် ရောက်ရှိခဲ့သည်။

ပညာပဒေသာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမှ ၄၄ နှစ်တာ ကာလအတွင်း ကျွေးမွေးပညာသင်ကြားပေးခဲ့ရာ အစိုးရဌာနအသီးသီးနှင့် လူတန်းစားအလွှာအသီးသီးတွင် ကျရာတာဝန်ထမ်းဆောင်နေကြသည့် ကျောင်းတော်သူ ကျောင်းတော်သားအမြောက်အမြားရှိနေပြီဟုလည်း သိရသည်။ ဆရာဝန်များ၊ နိုင်ငံခြားသို့ပညာတော်သင်စေလွှတ်ခြင်းခံရသူများ၊ ပညာရေးဝန်ထမ်းများ၊ စာရေးများနှင့် အခြားသော ဌာနဆိုင်ရာဝန်ထမ်းများလည်း မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဂီတပညာ၊ လက်မှုပညာ၊ အသက်မွေးဝမ်းကျောင်းပညာတို့ဖြင့် ဘဝရပ်တည်နေသူများလည်း အများအပြားရှိနေကြောင်း သိရသည်။

ဆရာတော် ဦးနန္ဒိယသည် အနာဂတ်ကိုပိုင်စိုးမည့်ကလေးများ ပညာအရည်အချင်းပြည့်ဝမှသာလျှင် တိုင်းပြည်တိုးတက်ကြီးပွားမည်ဟူသော ယုံကြည်ချက်ဖြင့် ထနောင်းကုန်းကျေးရွာ၌ ၁၉၅၅-၁၉၅၆ ခုနှစ်မှစတင်ပြီး မိဘမဲ့ ဆင်းရဲနွမ်းပါးကလေးငယ်များကို ဦးစားပေး၍ပညာပဒေသာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာကို စတင်တည်ထောင်ခဲ့ကာ တည်ထောင်သည့်အချိန်မှစ၍ ကိုယ်တိုင်ကိုယ်ကျ မူလတန်းနှင့်အလယ်တန်းပညာကို သွန်သင်ပြသခဲ့ကြောင်း သိရသည်။ နှစ်ပေါင်း ၄၀ ကျော်တိုင်အောင် အပင်ပန်းခံ၍ သင်ကြားပို့ချခဲ့ကာ ကလေးများအား လောကီပညာတွင်သာမက အမျိုး၊ ဘာသာ၊ သာသနာ၊ စာရိတ္တ၊ ကိုယ်ကျင့်သီလ၊ ယဉ်ကျေးမှုစသည်တို့ကို ညစဉ်ဘုရားဝတ်ပြုပြီး တိုင်းဟောကြားဆုံးမခြင်း၊ အနတ္တလက္ခဏသုတ္တန်နှင့် ဗုဒ္ဓတရားတော်များကိုလည်း သင်ကြားပို့ချခြင်းများပါ ဆောင်ရွက်တော်မူခဲ့သည်။ ဝိုင်အမ်ဘီအေအသင်းက ကြီးမှူးကျင်းပသော မင်္ဂလသုတ်စာမေးပွဲများကိုလည်း ကျောင်းသားတပည့်များအား ဝင်ရောက်ဖြေဆိုနိုင်ရန် စီမံဆောင်ရွက်ခဲ့သည်။

ဆရာတော်ဦးနန္ဒိယသည် ကလေးများအား အတန်းပညာရေးသာမက အနုပညာအမွေအဖြစ် ဝါးပတ္တလား၊ စောင်း၊ ကြေးမောင်း၊ ဆိုင်းဝိုင်းတီးပညာများနှင့် သီချင်းကြီး၊ သီချင်းခန့်၊ ကြိုး၊ ပတ်ပျိုး၊ ယိုးဒယားစသော မြန်မာ့ဂီတအနုပညာများကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် သင်ကြားနိုင်ရန်လည်း ဆောင်ရွက်ပေးခဲ့သည်။ ပရဟိတဂေဟာကျောင်းသား တပည့်များအား စောင်း၊ ပတ္တလား၊ မောင်းဆိုင်းပညာများကို မြန်မာ့အသံရေဒီယိုမှ သွှလက်သံ လက်စွမ်းပြနှင့် ဆိုင်းဧည့်ခံအဖြစ်တင်ဆက်နိုင်အောင်လည်း ဆောင်ရွက်စေခဲ့ပြီး ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများကိုလည်း ဗဟိုအဆင့်ရောက်သည့်တိုင်အောင် မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ကျောင်းသားကလေးငယ်များကို အားကစားပညာဖြစ်သည့် ဘောလုံး၊ ဘော်လီဘော၊ ဝိုင်းခြင်း စသော အားကစားပညာများနှင့် ကိုယ်ခံပညာရပ်ဖြစ်သော မြန်မာ့သိုင်းပညာတို့ကိုလည်း သင်ကြားစေနိုင်အောင် ဆောင်ရွက်ပေးခဲ့ခြင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း “ကိုယ့်တွက်ဝမ်းစာကိုယ်တိုင်ရှာ၊ ဒို့အားဒို့ကိုး ဒို့စိုက်ပျိုး၊ စိုက်၍စားပါ အရသာ၊ တူတာမရှိ မြတ်ပီတိ”ဟူသော ဆောင်ပုဒ်အရ ကလေးများ၏ ပညာရှာမှီးနေစဉ်အချိန်အတွင်း တစ်စိတ်တစ်ဒေသအဖြစ် အထောက်အကူရရန် ကြက်သွန်ဖြူ ကြက်သွန်နီ၊ ကုလားပဲ၊ ဂျုံ၊ ဘူး၊ ဖရုံ၊ အာလူး၊ မုံလာဥဖြူ မုံလာထုပ်၊ မုံလာပွင့်၊ ပန်း၊ ခရမ်းချဉ်၊ ခရမ်းသီး စသော အသီးအနှံများကိုလည်း စိုက်ပျိုးစေခဲ့ပါသည်။

လက်မှုပညာအနေဖြင့်လည်း လက်သမားပညာ၊ ပန်းရံပညာ၊ အပ်ချုပ်စက်ပညာ၊ ဆံသပညာ၊ တံမြက်စည်းထိုးပညာ စသော ပညာရပ်အထွေထွေကိုပါ သင်ကြားနိုင်အောင် စီမံဆောင်ရွက်ပေးခဲ့သည်။

အပုံသင်စင်္ကြန်နှင့်တူသော ကလေးငယ်များ၏ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကိုလိုလားကာ လူငယ်များ၏ ဘဝရှေ့ရေးကို အစဉ်တွေးလျက် ဆရာ့ကျင့်ဝတ်များနှင့်အညီ ဘက်စုံထောင့်စုံမှ သွန်သင်ဆုံးမလမ်းပြပြီး မိမိသွေးရင်းသားရင်းသဖွယ် ကျွေးမွေးပြုစုစောင့်ရှောက်လျက်ရှိသော ပညာပဒေသာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းသည် လူငယ်များ၏ အနာဂတ်လှပစေရေးအတွက် ပရဟိတပညာရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ။

အုတ်ကျင်းမြေချိုင့်တွင် ရေသွင်း၍ နွေစပါးစိုက်ပျိုး

ရေစကြို ဇန်နဝါရီ ၁၂

ရေစကြိုမြို့ အဝင်/အထွက် ကားလမ်းမကြီး၏မြောက်ဘက် အုတ်ဖုတ်လုပ်ငန်းများ လုပ်ကိုင်သော နေရာရှိ ချိုင့်ကျင်းမြေများတွင် ဆောင်းသီးနှံများဖြစ်သော မြေပဲ၊ ကုလားပဲ၊ ပဲကြီး၊ ပဲလွမ်း၊ ဖူးစားပြောင်း၊ အစေ့ထုတ်ပြောင်း၊ နေကြာများကို စိုက်ပျိုးထားသည်။

ထိုချိုင့်ကျင်းမြေများကို ကွက်လပ်မထားဘဲ ရေသွင်း၍နွေစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ “အခုမြင်နေရတဲ့ မြေပြင်ထက်နိမ့်နေတဲ့ နေရာတွေက အုတ်လုပ်ဖို့ မြေတူးယူလို့ ချိုင့်ကျင်းတွေဖြစ်နေတဲ့ နေရာတွေဖြစ်ပါတယ်။ မိုးတွင်းကာလ မြစ်ရေဝင်ပြီးတဲ့နောက် နုန်းမြေတွေလည်း ကျရောက်ထားတော့ မြေဆီမြေဩဇာပြည့်ဝနေတဲ့နေရာ ဖြစ်ပါတယ်။ ဘာမှမစိုက်ဘဲထားရင် ဒီမြေတွေက အလကား ဖြစ်နေတာပေါ့။ ဒါကို ကျွန်တော်က အလကားမထားဘဲ ရေတွင်းထဲက ရေကို စက်မောင်း ရေတင်ပြီး စပါးစိုက်ပျိုးထားတာဖြစ်ပါတယ်။ စိုက်တဲ့ စပါးမျိုးကတော့ OISCA စိုက်ပျိုးရေးသင်တန်းကျောင်းက ပခန်းရွှေဝါစပါးမျိုး ဖြစ်ပါတယ်။ ဒီစပါးမျိုးကလည်း နွေဆိုရင် တစ်ဧကတင်း ၁၀၀ နဲ့အထက် အထွက်သေချာတဲ့ စပါးမျိုး ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ၁ ဒသမ ၅၀ ဧကလောက်ပဲ စိုက်ထားပါတယ်။ ချိုင့်ကျင်းမြေတွေကတော့ လေးငါးခြောက်ဧကလောက် ရှိပါတယ်” ဟု တောင်သူတစ်ဦးက ပြောသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
မန္တလေးခရိုင်တရားရုံးတရားမရုံး၌ ၂၀၂၄ ခုနှစ် တရားမအထွေထွေလျှောက်ထားမှုအမှတ်-၄၀

ဦးမြသိန်း နှင့် ဦးတက်တိုး(ခ)ဦးကျော်စိန် (ပါ-၁၀ဦး)
လျှောက်ထားသူ **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူများဖြစ်သော (၁) ကိုလှမင်း၊ (၂) မနီနီဦး၊ (၃) ဦးအောင်စိုးမိုး၊ ယခင်အမှတ်(၁၄)၊ ဗဟိုလမ်း၊ မြေညီထပ်ဝဲဘက်ခန်း၊ ဗျိုင်းရေအိုးစင်၊ ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ)တို့အား သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဦးမြသိန်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံးမကြီး-၂၀၂/၂၀၁၂ တွင် “တရားရုံးတော်မှ ထုတ်ဆင့်ပေးခဲ့သော ယာယီတားဝရမ်းအား ဖောက်ဖျက်မှုအတွက် အရေးယူပေးပါရန်” လျှောက်ထားလာသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၅ခုနှစ် ဇန်နဝါရီ ၂၂ရက် မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ခုနှစ် ဇန်နဝါရီ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မြင့်မြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

မွေးသက္ကရာဇ်အမှန်

ဦးလှဝင်း၏သမီး သာကေတမြို့နယ် အထက(၁) GRADE-10,F မှ မအေးချမ်းမိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၉-၂၀၀၀ ဖြစ်ပါသည်။

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားခြင်း

ရွှေတောင်မြို့နယ်အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ၂၀၂၅ခုနှစ် ဇန်နဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကျောင်းလမ်း၊ ဗုဒ္ဓဂယာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ပါ၍ အသင်းသူ/အသင်းသားများနှင့် ရွှေတောင်မြို့နယ်သူ/မြို့နယ်သားများတက်ရောက်ပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။ **(သီးခြားဖိတ်စာမပို့ပါ)**

အသင်းသူ/အသင်းသားများနှင့် ရွှေတောင်မြို့နယ်သူ/မြို့နယ်သားများ၏ သားသမီးများအနက် ၂၀၂၃-၂၀၂၄ စာသင်နှစ်တွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများအား ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန်နှင့် အထောက်အထားများ တစ်ပါတည်းယူဆောင်လာပါရန်ဖြစ်ပါသည်။

(၁) ဦးရဲမြင့် ဖုန်း-၀၉-၇၃၀၃၈၉၂၀
(၂) ဦးတင်ဌေးဦး ဖုန်း-၀၉-၅၀၃၅၈၅၃

လက်ဆောင်ပစ္စည်းများ လဲလှယ်ခြင်းအစီအစဉ်ရှိပါသည်။ ရွှေတောင်မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးပါမည်။

အလုပ်အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ယုဇနဈေး ကုန်စိမ်း/ကုန်စုံရုံအမှတ်(ဂ)၊ ဆိုင်ခန်းအမှတ်(၁၁)အား ပျဉ်းမနားမြို့ပြင်မအလုပ်ရုံ၊ ဝန်ထမ်းအိမ်ရာဝင်းနေ ဦးမောင်မောင်ဝင်း ၉/ပမန(နိုင်)၀၄၆၃၀၈ (ကွယ်လွန်) အမည်ပေါက် ပိုင်ဆိုင်ပြီး ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ ၁၆ လမ်း၊ အိမ်အမှတ် ၁၃၁၇ နေ ဦးသန့်ဇင်လတ် ၉/ပမန(နိုင်)၁၂၈၉၂၇ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ကံဘဲ့၊ မြေကွက်အမှတ် ၁/၁၁/၁၊ မြေကွက်တည်နေရာအမှတ် ၉၊ မြရတနာလမ်း၊ ပြည်သာယာ ၁၆ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဒေါ်မမကြည် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား စာချုပ် ၁၉၇၈/၁၉၉၉/၂၇-၈-၁၉၉၉ အရ ပိုင်ဆိုင်သူ ဒေါ်ခင်ပွင့်ဦး ၁၂/ရကန(နိုင်)၀၅၄၅၀၈၊ ဦးသစ်လွင် ၁၂/ဒဂန(နိုင်)၀၀၂၆၉၅တို့က နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မူရင်း ပျောက်ဆုံးကြောင်း၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်/ကားနှင့်လဲမည်

မရမ်းကုန်းမြို့နယ်၊ အမှတ် ၅ရပ်ကွက်၊ ကျောက်ရေတွင်း(မြောက်ပိုင်း)၊ အောင်မင်္ဂလာ ၆လမ်း၊ အမှတ် ၁၀၂၊ အရှေ့လှည့်၊ မြေအကျယ်(၂၅ပေ×ပေ၅၀)၊ အုတ်တံတိုင်းခတ်ပြီး၊ နောက်ဖေးလမ်းကြားရှိ အိမ်အကျယ်(ပေ၂၀×ပေ၄၀)၊ ပျဉ်ထောင်(ကျွန်း+ပျဉ်းကတိုး) သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ကားတစ်စီးထားရန် နေရာရှိ အဝီစိရေ၊ ကိုယ်ပိုင်မီတာပါ၊ လမ်းကျယ်ပေ ၂၀၊ ကွန်ကရစ်လမ်းခင်း၊ ဧည့်ခန်းတစ်ခန်း၊ အိပ်ခန်းနှစ်ခန်း၊ အိပ်ခန်းပိုနှစ်ခန်း၊ မီးဖိုချောင်နှစ်ခု၊ ရေချိုးခန်းနှစ်ခု၊ Service Tank အသစ်(၅)တွင်း၊ ပိုင်ဆိုင်မှု(စလစ်ရှိ) အဆင့်ဆင့်စာချုပ်ရှိ ပိုင်ရှင်ကိုယ်တိုင် မည်သည့်ကားနှင့်မဆို အလဲအထပ်ပြုလုပ်နိုင်သည်။ **ရောင်းဈေး-သိန်း၇၀၀**

ဆက်သွယ်ရန်-ကိုမင်းအောင် ဖုန်း-၀၉-၄၂၁၀၁၄၃၆၃၊ ၀၉-၂၅၀၂၄၆၇၅၀၅၊ ၀၁-၆၅၅၈၉၈၊ ၀၁-၆၅၅၈၀၉

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်သည့် လုပ်ငန်းရှင်(၁၀၀၀)ဦး စာရင်း

ယမန်နေ့မှအဆက်

စဉ်	အခွန်ထမ်းအမည်	လိပ်စာ	တိုင်းဒေသကြီး/ပြည်နယ်	လုပ်ငန်းအမျိုးအစား	မှတ်ချက်
297	Myanmar Classic Group Co.,Ltd.	၂၀၂/က၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။	CCTO	Trading	
298	ဦးကျော်ကျော်	ကမ်းနားလမ်း၊ ကန်ကြီးရပ်၊ မြိတ်မြို့။	တနင်္သာရီ	ငါးဖမ်းလှေ	
299	Phyo Si Thu Trading Co.,Ltd.	အမှတ်(၅၇-အေ)၊ သာယာဝတီလမ်း၊ ဆရာစံရပ်၊ ဗဟန်းမြို့နယ်။	CCTO	Trading	
300	E-Lan Co.,Ltd.	အမှတ်(၂၈)၊ ဗန်းမော်အတွင်းဝန်လမ်း×ဦးဖိုးလှိုင်လမ်းထောင့်၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့နယ်။	CCTO	Industrial/ Production	
301	Sun Power Co.,Ltd.	အမှတ်-၁၂(ဘီ)၊ သာလွှာဝတီလမ်း၊ ၇မိုင်၊ မရမ်းကုန်း။	CCTO	Trading	
302	Great Shwe Taung Development Co.,Ltd.	အိုလံပစ်တာဝါ-၂၊ ကမ်းနားလမ်း၊ အလုံမြို့နယ်။	CCTO	Trading	
303	Zaw & Zaw Associates Ltd-1	၂၅၊ စီ-၅၊ နဝဒေးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်။	CCTO	Trading	
304	Lwin & Myint Trading Co.,Ltd.	၂၇/၂၉၊ ၄လွှာ၊ မအူကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	CCTO	Trading	
305	777-1 Export Import Co.,Ltd.	၃၀၈/၇၆-လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။	CCTO	Trading	
306	Thit Min Yarzar Co.,Ltd.	အမှတ် ၈၊ ဓမ္မစေတီလမ်းနှင့် ဗားကရာလမ်းထောင့်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။	CCTO	Trading	
307	International Best Manufacturing Co.,Ltd.	၃-ဘီ၊ ပါမောက္ခလမ်း၊ မရမ်းကုန်းမြို့နယ်။	CCTO	Production	
308	Strong Manufacturing Co.,Ltd.	၈၃/၈၄၊ ပြင်စည်မင်းသားကြီးလမ်း၊ စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်။	CCTO	Production	
309	United Engineering Co.,Ltd.	အမှတ်-၂၃၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်။	CCTO	Service	
310	Chan Hein Co.,Ltd.	၂၀၂၊ အမ်ဒဗလျူအီးအေတာဝါ၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်။	CCTO	Trading	
311	Mother Land Group Construction Co.,Ltd.	၄၅၃၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	CCTO	Construction	
312	Ayeyarwaddy Food Industrie Co.,Ltd.	အမှတ်(၁၀၉)၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့နယ်။	CCTO	Industrial/ Production	
313	Trade Canal Group Co.,Ltd.	တိုက်-၁၈၊ အခန်း-၉၊ ဗိုလ်မြင့်အိမ်ရာ။	CCTO	Trading	
314	ဦးကျောက်ခဲ	၈၂(၁၇×၁၈)ကြား၊ ချမ်းအေးသာစံမြို့နယ်။	မန္တလေး	ဖြီးဝေလျှံကုမ္ပဏီ	
315	Han Ideal Trading Co.,Ltd.	အမှတ်-၄၆၊ တိုက်-ဘီ၊ ပြည်လမ်း- ၆မိုင်ခွဲ၊ လှိုင်မြို့နယ်။	CCTO	Trading	
316	Pi Ti Pyae Zone Co.,Ltd.	အမှတ်(၃၀)၊ ရွှေမြို့တော်စေတီလမ်း၊ မင်္ဂလာဒုံမြို့နယ်။	CCTO	Services	
317	Kaung Myat Co.,Ltd.	အမှတ်(၂၀၆)၊ မင်းရဲကျော်စွာ(၃)လမ်း၊ လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်။	CCTO	Trading	
318	Thet Paing Soe Co.,Ltd.	အမှတ်-၄၅၊ ပြည်လမ်း၊ ၇မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်။	CCTO	Trading	
319	T.T.O Trading Co.,Ltd.	အခန်း(၁၀၀၇)၊ ယုဇနတာဝါ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။	CCTO	Trading	
320	ဦးသုခ	ဘုရင့်နောင်ရပ်ကွက်၊ ကော့သောင်းမြို့။	တနင်္သာရီ	(F.O.B) ငါးလှေလုပ်ငန်း	
321	ဦးတင်မောင်ဝင်း	၅၈/ဘီ၊ အင်းလျားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။	ရန်ကုန်	ပညာရေးဝန်ဆောင်မှု	
322	Myanmar Development Consortiun Co.,Ltd.	အမှတ် ၇၉၇ /MAC Tower 2 ဗိုလ်ချုပ်လမ်း၊ လမ်းမတော်မြို့နယ်။	CCTO	Trading	
323	ဦးထွန်းထွန်း+ ဦးတင်စိုး	၁၄၈၊ ရန်ပြေ(၁၀)လမ်း၊ ၃ ရပ်ကွက်၊ သာကေတမြို့နယ်။	ရန်ကုန်	မြင်းနီအရက်ချက်	
324	Okkar Thiri Co.,Ltd.	စီ/၃၊ အခန်း ၀၀၁၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ။ အလုံမြို့နယ်။	CCTO	Trading	
325	Yoma Bank Ltd.	အမှတ်-၁၊ ကွမ်းခြံလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	CCTO	Banking	
326	Land Mark Enterprise Co.,Ltd.	အမှတ်-၆၇၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်။	CCTO	Trading	
327	မာမာဦး/ဒေါ်	၉၁/ဘီ၊ မဥ္ဇူလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်။	ရန်ကုန်	အထွေထွေရောင်းဝယ်ရေး	
328	Fair Deal Co.,Ltd.	အမှတ်(၃၉)၊ (အေ/၄၀)၊ ရန်နိုင်ဆွေ(၂)လမ်း၊ သာကေတစက်မှုဇုန်။	CCTO	Trading	
329	N.T.C Co.,Ltd.	အမှတ်-(၃၇/၃၃)၁(၂)လမ်း၊ လမ်းမတော်မြို့နယ်။	CCTO	Trading	
330	EVA Trading Co.,Ltd.	၂၂/၂၃၊ ဒီပဲရင်းဝန်ထောက်ဦးမြလမ်း၊ စက်မှုဇုန်-၃၊ လှိုင်သာယာမြို့နယ်။	CCTO	Trading	
331	နန်ယန်ကုမ္ပဏီ	ရတနာအရှေ့၊ မဟာအောင်မြေမြို့နယ်။	မန္တလေး	ရောင်းဝယ်မှု	
332	Po Kaung Co.,Ltd.	အမှတ်(၉)၊ အေးရိပ်မွန်လမ်း၊ ကမာရွတ်မြို့နယ်။	CCTO	Trading	
333	Naing Group Capital Co.,Ltd.	အမှတ်(၇၂)၊ ချင်းတွင်းလမ်းနှင့် ဦးဝိစာရလမ်းထောင့်၊ ဒဂုံမြို့နယ်။	CCTO	Construction	
334	Net Work Marketing Co.,Ltd.	Bg-၁၆၊ ဗိုလ်မိုးလမ်း၊ စမ်းချောင်းမြို့နယ်။	CCTO	Trading	
335	Max(Myanmar) Hotel Co.,Ltd.	အမှတ်(၁၂၃)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။	CCTO	Hotel	
336	Zaburitz Pearl Trading Co.,Ltd.	အမှတ်-၁၅၊ ဦးထွန်းမြတ်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်။	CCTO	Trading	
337	Lin Star Co.,Ltd.	အမှတ်(၈/၄၂)၊ အောင်သပြေလမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်။	CCTO	Trading	
338	Htoo Thit Co.,Ltd.	အမှတ်(၃၁)/ကျောင်းကြီးလမ်း၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။	CCTO	Production	
339	J & J Co.,Ltd.	အမှတ်-(၇၇-ဘီ)၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်။	CCTO	Industrial/ Production	
340	Maung Oo Brothers Co.,Ltd.	၁၀၊ ဦးချစ်မောင်အိမ်ရာ၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်။	CCTO	Trading	
341	Max(Myanmar) Co.,Ltd.	အမှတ် ၁၂၃၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။	CCTO	Trading	
342	ဦးအောင်ဇော်နိုင်	လေးထောင့်ကန်လမ်း၊ စ/သုမင်္ဂလာရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။	ရန်ကုန်	ဂျန်းရှင်းဇဝနငှားရမ်း	
343	ဦးထွန်းထွန်း	ပပ-၂၄/B၊ ပြည်ကြီးတံခွန်မြို့နယ်။	မန္တလေး	ထွန်းကားထုတ်	
344	Pacific Timber Enterprise Co.,Ltd.	အမှတ်(၁၀၆/၁၀၈)၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်။	CCTO	Trading	
345	Golden Mountain Co.,Ltd.	၆၄၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်။	CCTO	Trading	
346	Booming Luck Co.,Ltd.	(၁၁၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။	CCTO	Trading	
347	Moe Myint San Family Construction Co.,Ltd.	အမှတ်-၃၁၊ ဇောတိကလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။	CCTO	Construction	
348	KTZ Co.,Ltd.	အမှတ်(၃၂)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။	CCTO	Trading	
349	Crystal Springs Co.,Ltd.	အမှတ်(၅၀)၊ မြို့ရှောင်လမ်း၊ မှော်ဘီမြို့နယ်။	CCTO	Production	
	သန်း(၅၀)အောက် စာရင်း				
350	Taw Win Saung Trading Co.,Ltd.	အမှတ်(၄၇/အေ)၊ (၄)လမ်း၊ လမ်းမတော်မြို့နယ်။	CCTO	Trading	

(ဆက်လက်ဖော်ပြပါမည်)

အောင်စုမွန် ကျောင်းဆောင်သစ် လှူအပ်ပွဲကျေးဇူးတင်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ မင်းကျီကျေးရွာ၌ ၃-၁-၂၀၁၅ရက်တွင်ကျင်းပသော အလှူ့ဒါယကာ ဦးသန့်ဇင်၊ အလှူ့ဒါယိကာမ ဒေါ်ကြည်ကြည်ခိုင်တို့၏ အလှူပွဲတွင် အောင်စုမွန် စာသင်ကျောင်းဆောင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပါသော စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် သရေစည်သူဦးသာအေး၊ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသော လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရဲတင့်၊ ဌာနဆိုင်ရာအသီးသီးမှ အကြီးအကဲများအား ကျေးဇူးဥပကာရတင်ရှိပါကြောင်း ရိုသေဂါရဝပြုအပ်ပါသည်။

အလှူ့ဒါယကာ -ဦးသန့်ဇင်

အလှူ့ဒါယိကာမ - ဒေါ်ကြည်ကြည်ခိုင်

အောင်စုမွန် ပန်းကန်ရောင်းဝယ်ရေးမိသားစု

အောင်စုမွန်အလှူတော်မင်္ဂလာကျေးဇူးတင်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ မင်းကျီကျေးရွာ၌ ၁-၁-၂၀၁၅ရက်မှ ၄-၁-၂၀၁၅ ရက်အထိကျင်းပသော အလှူ့ဒါယကာ ဦးသန့်ဇင်၊ အလှူ့ဒါယိကာမ ဒေါ်ကြည်ကြည်ခိုင်တို့၏ ရှင်ပြုနားသ အလှူတော်မင်္ဂလာပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ လမ်းကော်မတီဝင်များ၊ လျှပ်စစ်မီးကော်မတီဝင်များ၊ ဆေးရုံကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းကော်မတီဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းဝန်ထမ်းများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆောက်လုပ်ရေးဝန်ထမ်းများ၊ မန္တလေးမြို့ သီရိမင်္ဂလာဈေးမိသားစုများ၊ ရတနာပုံဈေးမှ မိတ်ဆွေများ၊ မေတ္တာဖြင့် ပန်းအလှဆင်ပေးပါသော မဟာမုနိရေတော်ပန်းကလပ်အဖွဲ့များ၊ ရပ်နီးရပ်ဝေးမှ ကြွရောက်လာကြသော မိတ်ဆွေများနှင့် ဧည့်သည်တော်များအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် လိုအပ်သည်များရှိပါက နားလည်ခွင့်လွှတ်ပေးပါရန် အနူးအညွတ် တောင်းပန်မေတ္တာရပ်ခံအပ်ပါသည်။

အလှူ့ဒါယကာ-ဦးသန့်ဇင်

အလှူ့ဒါယိကာမ-ဒေါ်ကြည်ကြည်ခိုင်

အောင်စုမွန် ပန်းကန်ရောင်းဝယ်ရေးမိသားစု

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အပန်းဖြေစခန်းများဆိုင်ရာဥပဒေမူကြမ်း ပြည်သူများအား ရှင်းလင်း

သထုံ ဇန်နဝါရီ ၁၂

မွန်ပြည်နယ်လွှတ်တော်တွင် ပြဋ္ဌာန်းရန် ရေးဆွဲလျက်ရှိသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ဥပဒေမူကြမ်းကို အများပြည်သူ သိရှိနားလည်နိုင်စေရန် သထုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ကိုးအုပ်စုမှ ဒေသခံပြည်သူများအား ဒီဇင်ဘာ ၁၀ ရက်က ဒေးဗရိန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ တာဝန်ရှိသူများက ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က ဥပဒေမူကြမ်းနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် ပါဝင်ပူးပေါင်းဆွေးနွေးကြစေလိုကြောင်း အမှာစကားပြောကြားပြီး သထုံမြို့နယ် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ကော်မတီဥက္ကဋ္ဌ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းဇော်က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုကာကွယ်ရန်၊ သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ စနစ်တကျပေါင်းစပ် ဆောင်ရွက်နိုင်စေရန် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ရန် အရေးကြီးပုံတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးမင်းသူရက အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ဥပဒေမူကြမ်းကို အသေးစိတ်ရှင်းလင်းရာ တက်ရောက်လာသော ဒေသခံများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့အတူ သထုံမြို့နယ် ထောင်မျှုးကျေးရွာ အင်းနီဘုန်းကြီးကျောင်း ဓမ္မာရုံတွင်လည်း အဆိုပါ ဥပဒေမူကြမ်းအကြောင်းကို ဒေသခံပြည်သူများအား ချပြရှင်းလင်းခဲ့ကြကြောင်း သိရသည်။

သက်ဦး(သထုံ)

ဥပဒေမူကြမ်းရှင်းလင်းရာတွင် တက်ရောက်ဆွေးနွေးကြသော ပြည်သူများ။

ဇမ္ဗူသီရိမြို့နယ်ဈေးများရှိ စားသောက်ကုန်များ ကျန်းမာရေးညီညွတ်မှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ရွှေကြာပင်ဈေးနှင့် သပြေကုန်းဈေးများတွင် ရောင်းချနေသော စားသောက်ကုန်များ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် စည်ပင်သာယာရေးကော်မတီက စစ်ဆေးကြပ်မတ်နေမှုကို နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့် ဇန်နဝါရီ ၁၁ ရက်က သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်သည် ဈေးများအတွင်းစားသောက်ကုန်ပစ္စည်းများ ရောင်းချရာတွင် ဓာတုဆိုးဆေးသုံးစွဲသောပစ္စည်းများ ရောင်းချမှုမရှိရေး၊ ကျန်းမာရေးနှင့် ညီညွတ်ကာ သန့်ရှင်းလတ်ဆတ်ပြီး ယင်မနားသည့် အစားအသောက်များအဖြစ် စနစ်တကျရောင်းချရေးတို့အတွက် တာဝန်ရှိသူများက စစ်ဆေးကြပ်မတ်နေမှုများကို ဈေးများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှူး ဦးမင်းလွင်စိုးနှင့် ဇမ္ဗူသီရိမြို့နယ် ကျန်းမာရေးမှူး ဒေါက်တာဝင်းနိုင်တို့က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ရွှေကုက္ကို

မိုးညှင်းမြို့နယ်၌ ဂျီအက်စ်အမ်ဖုန်း တာဝါတိုင်စိုက်ထူ

မိုးညှင်း ဇန်နဝါရီ ၁၂

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု မြိုင်သာယာကျေးရွာတွင် အောင်မြင့်ကြိုင်ကုမ္ပဏီမှတာဝန်ယူကာ ဂျီအက်စ်အမ်ဖုန်း တာဝါတိုင်ကို ဇန်နဝါရီ ၁၀ ရက်က စတင်စိုက်ထူလျက်ရှိကြောင်း သိရသည်။

စိုက်ထူမည့် ဖုန်းတာဝါတိုင်မှာ ဖောင်ဒေးရှင်းအပါ အမြင့်မီတာ ၇၀ (၂၂၀ ပေခန့်)၊ အကျယ် ၁၅ မီတာ ပတ်လည်(၄၅ ပေခန့်)၊ မြေကြီးအတွင်းသို့ အနက် ၁၀ ပေခန့်ရှိမည်ဖြစ်ကြောင်း၊ ဖုန်းတာဝါတိုင်စိုက်ထူခြင်းကို အောင်မြင့်ကြိုင်ကုမ္ပဏီက တာဝန်ယူကာ လုပ်သားအင်အား ၂၀ ခန့်ဖြင့် ဇန်နဝါရီ ၁၀ ရက်မှ စတင်ကာ ရက်ပေါင်း ၂၀ အတွင်း အပြီးသတ် တည်ဆောက်မည် ဖြစ်ကြောင်း သိရသည်။

ခင်မောင်ဆွေ(မော်လူး)

အထူးကုဆရာဝန်ကြီးများ သီပေါမြို့နယ်အတွင်း ကွင်းဆင်းကုသ

သီပေါ ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူများအား မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့၏ စီစဉ်မှုဖြင့် သီပေါမြို့နယ်ဆေးရုံအုပ် ဒေါက်တာဒေါ်နန်းရှုပဟန် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့က ဇန်နဝါရီ ၁၀ ရက်က ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆေးကုသမှုဆောင်ရွက်ရာသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း တက်ရောက်ကြည့်ရှုအားပေးပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သီပေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ခရိုင်နှင့်မြို့နယ် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေး (မဘသ) ဗဟို ဖိတ်ခေါ်စာမူပြိုင်ပွဲ

အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေး(မဘသ)ဗဟို၏ ဒုတိယအကြိမ်အဖြစ် ကျင်းပပြုလုပ်မည့် ဖိတ်ခေါ်စာမူပြိုင်ပွဲကို **နိုင်ငံ့ခေါင်းဆောင်နှင့်အမျိုးသားရေးစိတ်ဓာတ်** ဟူသော ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

နိုင်ငံ့ခေါင်းဆောင်လုပ်မည့်သူတွင် ရှိသင့်ရှိထိုက်သော အမျိုးသားရေးစိတ်ဓာတ်များ၊ အမျိုးသားရေးစိတ်ဓာတ် ခန်းခြောက်လျှင် ဖြစ်လာနိုင်သောဆိုးကျိုးများ၊ နိုင်ငံတကာရေးနှင့် အမျိုးသားရေးဘယ်ဟာဦးစားပေးမလဲ၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အမျိုးသားရေးဦးစားပေးဆောင်ရွက်ချက်များ…စသည်တို့ကို အထောက်/အကိုးခိုင်လုံစွာဖြင့် ရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ကွန်ပျူတာ ၁၄ ပွိုင့်ဖြင့် စာမျက်နှာ ၈၀မှ ၁၀၀ အတွင်း ဖြစ်ရမည်။ ပြိုင်ပွဲဝင်စာမူများကို အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဆရာတော်ကြီးများနှင့် နာမည်ရကျမ်းပြုရဟန်း၊ လူပုဂ္ဂိုလ်စာပေပညာရှင်ကြီးများမှ စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။ ပထမဆု ကျပ်၉သိန်း၊ ဒုတိယဆု ကျပ်၆သိန်းခွဲ၊ တတိယဆု ကျပ်၅သိန်းနှင့် အထူးဆု(၃)ဆု ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ ပထမဆုရသူအား စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေသွားမည်ဖြစ်သည်။ စာမူများကို ၃၁-၃-၂၀၁၅ ရက်နောက်ဆုံးထားပေးပို့ကြရမည်ဖြစ်သည်။ မေလ ၂ရက် (ကဆုန်လပြည့်) ဗုဒ္ဓနေ့တွင် ဂုဏ်ပြုဆုပေးအပ်သွားမည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဆုရွေးချယ်ရေး တာဝန်ခံဆရာတော် အရှင်ဝိလာသ(ဝေမိုး-ကျွန်းလှ)ဖုန်း-၀၉-၅၀၂၄၆၉၄ ထံ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

စာမူပေးပို့ရန်ဌာန-
အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေး (မဘသ) ဗဟို
အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်
ရွာမအနောက်ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်

“Great Father Land Construction Chairman ဦးကျော်မြင့်နှင့် အများသိစေရန်ကြေညာချက်ဟူ၍ ၂၃-၁၂-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၂-၁-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာတို့တွင် တရားလွှတ်တော်ရှေ့နေ ဦးမြသန်း (စဉ်-၅၃၇၁)၏ ကြေညာချက်ပါ အခန်းအမှတ် (S-12) နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းနှင့် ဦးကျော်မြင့်မှ တာဝန်ယူဖြေရှင်းပေးစေရန် အသိပေးကြေညာခြင်း”

ကျွန်ုပ်တို့အား အရေးအခွင့် တာဝန်ပေးလွှဲအပ်ညွှန်ကြားသူ ဦးဝင်းမြင့် ၁၀/သထန(နိုင်)၀၁၅၀၁၉ နှင့် ဒေါ်ခင်သက်ဝေ ၁၀/သထန(နိုင်)၀၁၉၃၇၅ တို့သည် Great Father Land Construction ၏ဈေးရောင်းပွဲတော် စတင်ပြုလုပ်သော ၉-၉-၂၀၁၂ ရက်မှာပင် Chairman ဦးကျော်မြင့် ၁၂/မဂတ(နိုင်)၀၄၉၂၄၂ နှင့် သဃ်န်းကျွန်းမြို့နယ်၊ ပြည်တော်သာလမ်း၊ အမှတ် ၁၃ရှိ မြေကွက်ပေါ်တွင် (၃၄)ခန်းတွဲ၊ (၆)ထပ်ခွဲ အဆောက်အအုံ၏ (ဒုထပ်) (S-12) (၂၀×၂၀)ပေခန့်ရှိ အခန်းတစ်ခန်းကို တိုက်ခန်းအရစ်ကျငွေချေစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာ နှစ်ဖက်သဘောတူစရန်ပေးကတိစာချုပ်ဖြင့် ဝယ်ယူ၍ သတ်မှတ်သည့်အတိုင်း အရစ်ကျငွေများကို ဦးကျော်မြင့်ထံ လစဉ်ပေးသွင်းခဲ့သည်မှာ ၃၀-၉-၂၀၁၄ ရက်ထိဖြစ်ပါသည်။ သို့သော် (၂)နှစ်ခန့် ကြာသည့်တိုင် ဆောက်လုပ်ရေးဆိုင်ရာ အကောင်အထည် ထင်ရှားပေါ်ထွန်းလာခြင်းမရှိသည့်အပြင် မည်သို့မျှတာဝန်ယူဖြေရှင်းပေးနိုင်စွမ်း မရှိသဖြင့် နောက်ဆုံးကျန်ငွေကို မပေးသွင်းသေးဘဲ စောင့်ကြည့်လေ့လာခဲ့ပါသည်။

ယင်းသို့အခြေအနေမျိုး၌ ၂၃-၁၂-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၂-၁-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာတို့တွင် တရားလွှတ်တော်ရှေ့နေ ဦးမြသန်း (စဉ်-၅၃၇၁)၏ ကြေညာချက်ပါ အခန်းအမှတ် (S-12) ကို ဦးအောင်မြင့် ၁၂/ကတတ(နိုင်) ၀၂၄၀၃၅ ကလည်း ဝယ်ယူထားကြောင်း ဖော်ပြထားရာ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းမြင့်၊ ဒေါ်ခင်သက်ဝေတို့ ဝယ်ယူထားသော အခန်းအမှတ် (S-12) နှင့် ထပ်တူထပ်မျှ ဖြစ်နေပါသည်။ သို့ဖြစ်၍ အဆိုပါအခန်း (S-12) သည် ကျွန်ုပ်တို့ဘက်မှ ၉-၉-၂၀၁၂ ရက်က စာချုပ်ပါကတိအတိုင်း အရစ်ကျပေးချေ ဝယ်ယူထားပါကြောင်းနှင့် တာဝန်ရှိသူ ဦးကျော်မြင့်အနေဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်းဖြေရှင်းပေးပါရန် အကယ်၍ ဦးကျော်မြင့်မှ ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားရတော့မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ယုံမှတ်လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိမ်းမင်း	**ဦးစိန်လှထွန်း**
B.A (Law), LL.B, D.B.L, D.I.L, D.I.R	**H.G.P, LL.B, D.B.L, D.M.L**
အထက်တန်းရှေ့နေ (စဉ်-၂၁၉၄၁)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၀၂၁/၉၃)**

အမှတ်-၁၃၈၊ အခန်း-၄၀၁၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၀၁၅၄၀၅၈၂၊ ၀၉-၄၂၁၀၄၇၀၈၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဘုရင့်နောင်၊ မြေကွက်အမှတ် ည/၅၅၊ ဧရိယာ ၀ ဒသမ ၀၅၅၈ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ (၂၅) နှစ် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ည/၅၅၊ ယုဇနလမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံ၊ တယ်လီဖုန်းသုံးလုံး၊ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးကြည်မျိုး KGN-၀၇၆၈၁၅၊ ဦးစစ်အေး ၁၂/လသန(နိုင်)၀၀၄၆၈၃ နှင့် ဦးအရှောင် ၁၂/လမတ(နိုင်)၀၂၀၈၆၃တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင်(စဉ်-၅၇၇၃) **ဦးအောင်ကျော်ကျော်မြတ်(စဉ်-၂၇၀၀၉)** **ဒေါ်လဲ့လဲ့ဝင်း(စဉ်-၃၉၈၈၀)**
ဒေါ်လွင်မာ(စဉ်-၈၉၀၉) **ဦးထွန်းထွန်းနိုင်(စဉ်-၃၅၅၃၄)** **ဒေါ်ဆုမွန်ထက်(စဉ်-၄၁၆၀၁)**
တရားလွှတ်တော်ရှေ့နေများ **ဒေါ်သန္တာမော်(စဉ်-၃၉၂၄၂)**
အမှတ် ၅၅(ဒုတိယထပ်)၊ အခန်း ၇၊ **အထက်တန်းရှေ့နေများ**
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၃၈၀)၊ (၂)ခန်းတွဲ (၈)ထပ်တိုက်ရှိ(မြေညီထပ်)၊ အခန်းအမှတ်-A နှင့် ပတ်သက်၍ သတိပေးကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းကို ကန်ထရိုက်တာ ဦးကျော်မြင့် ၁၂/မဂတ(နိုင်) ၀၄၉၂၄၂ [Great Father Land Construction]ထံမှ ကျွန်ုပ်၏ အမှုသည်များက ၂၀၁၂ ခုနှစ်တွင် စရန်ငွေပေးချေပြီး(၁၅-၆-၂၀၁၃)ရက်တွင်ရောင်းချသော အဖိုးငွေ အပြေအကျေပေးချေခဲ့၍ ရောင်းသူက ဝယ်သူများအား ရောင်းချသောတိုက်ခန်းကို ထို(၁၅-၆-၂၀၁၃)ရက်ကပင် လာရောက်ပေးအပ်ခဲ့၍ ကျွန်ုပ်၏အမှုသည်များက ထိုတိုက်ခန်းကို လက်ရောက်ရရှိခဲ့ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်၍ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ဆုမွန်ဆွေ LL.B., D.B.L (စဉ်-၃၇၆၉၄) **ဒေါ်လဲ့လဲ့ရီ B.A,LL.B., D.B.L.,D.M.L (စဉ်-၂၄၁၀)**
ဒေါ်နုနုခိုင် LL.B., D.B.L (စဉ်-၃၈၀၂၈) **ဒေါ်ခင်စိုးဝင်း LL.B., WIPO (Switzerland) (စဉ်-၉၄၅၃)**
ဒေါ်အိဖြိုးဇင် LL.B., D.B.L (စဉ်-၄၁၂၀၇) **ဒေါ်အိစန္ဒီစိုး LL.B., D.B.L,D.I.L (စဉ်-၉၅၃၀)**
ဒေါ်ဇင်မျိုးငြိမ်း LL.B (စဉ်-၄၄၄၂၂) **ဒေါ်နှင်းရည်ငွေး LL.B., D.B.L (စဉ်-၉၄၉၄)**
အထက်တန်းရှေ့နေများ **တရားလွှတ်တော်ရှေ့နေများ**
အမှတ် (၈၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊
ဖုန်း-၅၃၅၆၇၃၊ ၃၇၇၂၇၆၊ ၀၉- ၅၀၅၉၃၂၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၂၃၈၈၆ ဟွန်ဒါ ဝေ့(ဖ်), I ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထွေးရီ ၆/သရခ (နိုင်) ၀၂၀၈၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/4037, Suzuki Carry, P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေးငွေးမြင့် ၁၂/မဂဒ(နိုင်)၀၆၄၈၈၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

ကလေးများနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပ

ဟိုမိန်း ဇန်နဝါရီ ၁၂

လင်းခေးခရိုင် ဟိုမိန်းမြို့တွင် ကလေးများနေ့အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က ဝိသုဒ္ဓိဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားကို ဝိသုဒ္ဓိကျောင်း တိုက်ဆရာတော် ဘဒ္ဒန္တပညဝံသက ဦးစီးကျင်းပခြင်းဖြစ်သည်။ အခမ်းအနားတွင် ကလေးငယ်များ ပျော်ရွှင်စေရန် အားကစားပြိုင်ပွဲများ ကျင်းပပြီး ဆုများချီးမြှင့်ခဲ့ကာ မြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများကိုလည်း အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ **ရဲနောင်(iprd)**

မိုင်းကိုင်မြို့နယ် အထက်တန်းကျောင်း၌ ကျောင်းတွင်းလက်မှုပညာပြခန်း ဖွင့်လှစ်ပြသ

မိုင်းကိုင် ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၏ ကျောင်းတွင်းလက်မှုပညာပြခန်းကို အဆိုပါကျောင်း၌ ဇန်နဝါရီလ ၁၀ ရက်က ဖွင့်လှစ်ပြသခဲ့သည်။

ကျောင်းသားကျောင်းသူများ လက်မှုပညာဆိုင်ရာ ကုန်ထုတ်လုပ်မှုတွင် စိတ်ဝင်စားမှုရှိစေရန်နှင့် ကျောင်းသား ကျောင်းသူများ၏ လက်ရာများ အဆင့်မြှင့်တင်ရန်ရည်ရွယ်၍ ပြခန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် ပြခန်းတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပြုလုပ်ထားသည့် လက်မှုပညာပစ္စည်းများဖြစ်သော အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုး၊ ကြက်ဥခွံ၊ ဝါဂွမ်း စသည်တို့ဖြင့် ပြုလုပ်စီချယ်ထားသော နံရံကပ်ပန်းချီကားများ၊ စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကော်ဖီမစ်ထုတ်အခွံများ၊ ဗလာစာအုပ်အဟောင်းများ၏ အဖုံးများ၊ မင်္ဂလာဆောင်ဖိတ်စာအဟောင်းများ စသည်တို့ဖြင့် ပြုလုပ်ထားသော လက်ဆွဲအိတ်၊ ပိုက်ဆံအိတ်များ၊ အိမ်ခန်းအလှဆင် ပန်းဆွဲများ၊ လက်ဆောင်ထုပ်ဘူးငယ်များ စသည့် လက်မှုပညာပစ္စည်းများကို စုံလင်စွာ ခင်းကျင်းပြသခဲ့သည်။

ပြခန်းသို့ မိုင်းကိုင်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ကျောင်းသားမိဘများ တက်ရောက် လေ့လာကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)

အပန်းဖြေစခန်းများ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ဥပဒေမူကြမ်းအား ပြည်သူများ သိရှိနားလည်နိုင်ရေး ချပြရှင်းလင်း

သထုံ ဇန်နဝါရီ ၁၂

မွန်ပြည်နယ်လွှတ်တော်တွင် ပြဋ္ဌာန်းရန်ရေးဆွဲလျက်ရှိသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ဥပဒေမူကြမ်းအား အများပြည်သူ သိရှိနားလည်နိုင်စေရန်အတွက် သထုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုကိုးအုပ်စုမှ ဒေသခံပြည်သူများအား ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ဒေးဗရိန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ တာဝန်ရှိသူတို့က ပွင့်လင်းမြင်သာစွာချပြ ရှင်းလင်းခဲ့သည့်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က မိမိတို့ လာရောက်ရသည့်အကြောင်းအရင်းနှင့် ပြည်သူများအနေဖြင့် ပါဝင်ပူးပေါင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းဇော်က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန်၊ သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ စနစ်တကျပေါင်းစပ်ဆောင်ရွက်နိုင်စေရန်တို့အတွက် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ရန် အရေးကြီးပုံကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးမင်းသူရက အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ဥပဒေမူကြမ်းကို အသေးစိတ်ရှင်းလင်းရာ တက်ရောက်လာသောဒေသခံများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ အဆိုပါရှင်းလင်းပွဲသို့ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်း၊ သထုံမြို့နယ် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ကော်မတီဥက္ကဋ္ဌ မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးဝင်းဇော်နှင့်အဖွဲ့ဝင်များက တက်ရောက်ရှင်းလင်းခဲ့ကြပြီး အလားတူ အဆိုပါနေ့မွန်းလွဲ ၂နာရီက သထုံမြို့နယ် ထောင်မှူးကျေးရွာ အင်းနီဘုန်းကြီးကျောင်း ဓမ္မာရုံတွင် ဒေသခံပြည်သူများအား ချပြရှင်းလင်းခဲ့ကြကြောင်း သိရသည်။ **သက်ဦး(သထုံ)**

မွေးနေ့ဆုမွန်လွှာ

ဇန်နဝါရီလ (၁၃)ရက်နေ့တွင် ကျရောက်သော မမ "ဒေါ်အေးအေးသွင်"၏ မွေးနေ့မှသည် ဘဝတစ်လျှောက်လုံး အေးချမ်း၊ ပျော်ရွှင်၊ ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မောင်လေး+ညီမလေး - မောင်ဌေးနိုင်+မလွဲ့လွဲ့ခိုင်
ရန်ကုန်မြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့နယ်၊ အထက(ကော့ခမယ်) အဌမတန်း(A)မှ မနန္ဒာစိုးဝင်း၏ဖခင် ဦးစိုးဝင်းနှင့် ဦးမာမက်အီဆွတ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးစိုးဝင်း(ခ)ဦးမာမက်အီဆွတ်
MDN-၀၁၀၁၁၃

တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့နယ်၊ အမက(ကော့ခမယ်) စတုတ္ထတန်းမှ မောင်လင်းလင်းအောင်၏ဖခင် ဦးအောင်ဌေးနှင့် ဦးသောင်းဌေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအောင်ဌေး(ခ)ဦးသောင်းဌေး
၃/ဘအန(နိုင်)၂၂၀၂၉၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့၏ မြောက်ဘက်(၁၂)မိုင်ခန့်အကွာတွင် ဆောင်ရွက်လျက်ရှိသော ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းတွင် Diversion Conduit CVC Concrete သွန်းလောင်းခြင်း (၆၉၀)ကျင်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်၊အချိန်** - ၉-၁-၂၀၁၅ ရက်၊ ၉း၃၀နာရီ
တင်ဒါအရောင်းပိတ်မည့်ရက်၊အချိန် - ၂၂-၁-၂၀၁၅ ရက်၊ ၁၆း၃၀ နာရီ
Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့် နေ့ရက်၊ အချိန် - ၂၉-၁-၂၀၁၅ ရက်၊ ၁၅း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀၀ ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) စက်နှင့်စက်အရန်ပစ္စည်းများ - DS 860 Knitting Bag Flexographic Printing Machine, Pressure Transmitter & Temperature Element, Sewing Head (with Motor).

၂။ **နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**

(က) **ဓာတုဗေဒပစ္စည်းများ** - Antifoaming Agent, Kuriflock PA-322B, Unicor LHS (Corrosion Inhibitor), Propylene Dichloride (PDC), Dimethyl Disulfide (DMDS), Methanator Catalyst, CO Primary Converter Catalyst, Resins.

(ခ) **စက်နှင့်စက်အရန်ပစ္စည်းများ** - Propane (C3) Cylinder, I/P Converter, Filter Cloth for First Stage & Filter Cloth for Second Stage, Stainless Steel Solid & Rod for New RC Pump Spares, Cooler Tube (Bundles) for Synthesis Gas, Spare Parts for (Synthesis Gas Compressor, Process Air Condensate Pump & MP Carbonate Solution Pump) Spare Parts for(Carbamate Feed Pump, Molten Urea Pump, Flushing Pump, Absorber Feed Pump, Hydrolyzer Feed Pump & CO_2 Compressor), Differential Pressure Transmitter, Control Valve, Spare for Turbo Expander, Pneumatic Piston O-Type Hard Seal Valve, Spare for Feed Gas & Dry Gas Compressor.

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၁-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၃-၂-၂၀၁၅ ရက်၊ ၁၂း၀၀နာရီ

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ် ၄၄၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၀/နှ၊ လူနေရပ်ကွက်အမှတ်-သာသနာ့ရိပ်သာ၊ တိုးချဲ့ကွက်သစ်(၁၈)လမ်း၊ မြေကွက် အမှတ်-၁၄၂၆၊ အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ မြေကွက်ကိုလှည်းကူးမြို့နယ်၊ မြေကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့၏အိမ်ရာကွက်ချထားပေး ခြင်းခံရသောဦးစိုးမောင်(J/MAG-၀၈၃၁၂၈)ထံမှ အရောင်းအဝယ်စာချုပ် အစဉ်အဆက်ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ခင်အေး (၁၃/လရန(နိုင်) ၀၀၈၉၂၇) ကမိမိကိုယ်တိုင်ပိုင်ဆိုင်ပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ထားသည်ဟုဝန်ခံ ထွက်ဆိုပါ၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ် တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်း များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အိထားဖြူ
L.L.B, D.B.L, D.I.L, MA(Business Law), D.A.Psy
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၀၅)
အမှတ်(၁/ဒီ)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၅၀၅၈၇၁

၁၉၈၂ စာပေနိုဘယ်ဆုရှင် ဂါဘရီရယ်ဂါစီယာမာကွစ်၏ ဝတ္ထု
GABRIEL GARCIA MARQUEZ
CLANDESTINE IN CHILE
(The Adventuers of Miguel Littin)
တင့်ဇော် မြန်မာပြန်
ဗိနိုချက်အတွက်
မြည်းအမြီးရှည်တစ်ချောင်း
ရှမဝ စာတည်းသဝဏ်လွှာတွင်
"ကျဉ်တုတ်မခံဝံ့၍ မဟုတ်၊ မှီနှင့်မျှစ်ကို မနှုတ်လို၍ မနှုတ်"
ဟူသော စာသားကို ဖော်ပြထားခဲ့သော
မောင်သာရ ၏
ကျဉ်တုတ်ခံဝံ့ မခံဝံ့ (ဒုတိယအကြိမ်)
ထွက်ပြီ
ဖြန့်ချိရေး - လင်းလွန်းခင် စာပေ
ဖုန်း - ၀၉- ၂၂၀ ၁၇၃၀၊ ၀၉- ၄၂၁ ၇၁၉၇၁၂၊ ၀၉- ၄၂၀ ၁၄၅၂၃၁။

တစ်အိတ်ဝယ်ရင်ပို့ပေးပါတယ်
ပေါ်ဆန်းမွှေးနှစ်အိတ်ဝယ်လျှင် T ရှပ်တစ်ထည်ယူပါ။
09 43334111 01-682844
09 43334222 01-682944
စိတ်ကောင်းကြည်လင် ရှန်ပီယံပေါ်ဆန်းမွှေး

ဟိုက်ဖြောလစ်/လေဗီအား
Full Auto အင်္ဂလိပ်နိုင်ငံ
ခေတ်မှီပြေအုတ်ဂိုက်စက် များမှာယူနိုင်ပါသည်။
(၆၇)၊သံသုမာလမ်း၊သုဝဏ္ဏသွားသေးသာကျွံလိုက်အနီး
PH:09 731 99 410
09420035882, 73199257

SIM CARD
ဝယ်ယူမည့်ဈေးနှုန်းများ
49... 170000
73... 100000
86... 120000
47... 180000
Ph; 09-73026000, 09-5092666

ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁၂-၂၀၁၄ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၂)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် မြောက်ဥက္ကလာပမြို့နယ် GP ဦးရဲသူဟန်၏ မြေပုံကူး၌ ၁၉၉၉ခုနှစ် အရောင်းမြေပုံကူးပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဗန်းမောက်ချောင်း ထိန်ဆုံပေါင်းကူးတံတား တည်ဆောက်ပြီးစီး၍ လမ်းပန်းဆက်သွယ်ရေးလွယ်ကူ

■ *သန်းမောင်လေး(ကချင်မြေ)*

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ဗန်းမောက်မြို့နယ်ရှိ မြို့နှင့်လေးမိုင်ခန့်အကွာအဝေးရှိသည့် ထိန်ဆုံကျေးရွာ အနီးတွင်ရှိသော ဗန်းမောက်ချောင်း ထိန်ဆုံပေါင်းကူး တံတားကို တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ မန်ကပ်ဒေသ စိတ်အတွင်းရှိ ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ် ရေးများ လွယ်ကူမှုရှိသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ထိန်ဆုံကျေးရွာရှိ ဗန်းမောက်ချောင်း ပေါင်း ကူးတံတားသည် ၂၀၁၁ ခုနှစ်တွင် သံကူကွန်ကရစ်တိုင် များ စတင်စိုက်ထူခဲ့ပြီး ဆောက်လုပ်ရန် စီစဉ်ဆောင် ရွက်မှုရှိခဲ့သော်လည်း ဆောက်လုပ်ရန် ငွေအခက်အခဲ များ ရှိခဲ့သဖြင့် ကွန်ကရစ်တိုင်များ စိုက်ထူပြီး သုံးနှစ်တာ တည်ဆောက်မှုများ ရပ်နားထားခဲ့ရသည်။ သို့သော် လည်း ၂၀၁၄ ခုနှစ်တွင် ဗန်းမောက်မြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် စီမံခန့်ခွဲ ရေးကော်မတီဝင်များ၊ ထိန်ဆုံကျေးရွာ ရပ်မိ ရပ်ဖများနှင့် ဦးမောင်အေးတို့အဖွဲ့မှ ကာယ၊ ဉာဏ အားဖြင့် ပါဝင်ကာ သက်ဆိုင်ရာ အလှူရှင်များနှင့် ပူးပေါင်းပြီး သံကူကွန် ကရစ်တိုင်များဖြင့် စိုက်ထူကာ သစ်သားကြမ်းခင်း ကားကူးတံတားကြီးကို ဆောက်လုပ် ပြီးစီးခဲ့ပြီဖြစ်သည်။

မန်ကပ်ဒေသစိတ်အတွင်း၌ရှိသည့် ထိန်ဆုံကျေးရွာ၊ ကျောက်အိုင်ကျေးရွာ၊ ပေပင်ကျေးရွာ၊ သောင်ကြီး ကျေးရွာ၊ အလယ်ကန်ကျေးရွာ၊ စီးမော်ကျေးရွာ၊ နားစင်း လုံကျေးရွာ၊ ချောင်းပေါက်ကျေးရွာ၊ ပိန္နဲပင်ကျေးရွာ၊ ညောင်ပင်ကျေးရွာ၊ ပန်းတင်ကျေးရွာ ရှိ ဒေသခံများသည် ယခင်ကာလများက မိုးရာသီကာလများအတွက် ဆက် သွယ်သွားလာသည့်အခါများတွင် အခက်အခဲများ နှစ်စဉ်နှစ်တိုင်း ကြုံတွေ့ခဲ့ကြရသည်။ သို့သော်လည်း ယခုအခါတွင် ထိန်ဆုံရွာအနီးရှိ ဗန်းမောက်ချောင်း ထိန်ဆုံပေါင်းကူးတံတားကြီး အလျား ၄၂၃ ပေ၊ အနံ အကျယ် ၁၀ ပေ၊ အမြင့် ၂၂ ပေရှိသည့် တံတားကြီးသည် သံကူကွန်ကရစ်တိုင် ရှစ်တိုင်ဖြင့် စိုက်ထူပြီး အပေါ်ခင်း ကြမ်းမှာ သစ်သားများဖြင့် ခင်းကျင်း၍ တည်ဆောက် ပြီးစီးသွားပြီဖြစ်သောကြောင့် မန်ကပ်ဒေသစိတ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအဖို့ လမ်းပန်းဆက် သွယ်ရေး လွယ်ကူသွားပြီဖြစ်သည်။

"အရင်ကတော့ ကျွန်တော်တို့ဒေသဟာ မိုးရွာလို့ ဗန်းမောက်ချောင်းရေကြီးခဲ့ပြီဆိုရင် မြို့ကိုသွားတဲ့အခါ အတော်လေး အခက်အခဲတွေရှိခဲ့ပါတယ်။ ဘာကြောင့် လည်းဆိုတော့ ကျွန်တော်တို့ ထိန်ဆုံကသွားရင် ဗန်း မောက်မြို့ကို ငါးမိုင်ပဲရှိတယ်။ မိုးရွာလို့ ရေကြီးတဲ့အခါ မှာ လုံးခင်းပတ်လမ်းဘက်ကနေ သွားရပါတယ်။ အဲဒီ လိုသွားရတဲ့အခါ ၁၀ မိုင်လောက် အကွာအဝေးရှိပါ တယ်။ အခုကတော့ ဒီသစ်သားတံတားကြီးကို ဌာန ဆိုင်ရာတာဝန်ရှိသူတွေ၊ မြို့နယ်အလှူရှင်တွေနဲ့ ကျွန် တော်တို့ဒေသခံတွေ ပူးပေါင်းဆောင်ရွက်လို့ အောင်မြင် စွာ ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ပါတယ်။ အခုလို ပြီးစီးသွား တော့ လမ်းပန်းဆက်သွယ်ရေးတွေ လွယ်ကူပြီး ကျွန် တော်တို့ဒေသရဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနဲ့ လုံခြုံရေးတွေဟာ အတော်လေးအဆင်ပြေ ကောင်းမွန်သွားပြီလို့ ဆိုရမှာဖြစ်ပါတယ်"ဟု ဗန်းမောက် မြို့နယ် ထိန်ဆုံကျေးရွာ ရပ်မိရပ်ဖ ဦးမောင်အေးက ပြောကြားခဲ့သည်။ ယင်းသို့ သံကူကွန်ကရစ်တိုင်များဖြင့် သစ်သားများခင်းကာ ဆောက်လုပ်ထားသည့် ထိန်ဆုံ ပေါင်းကူးတံတားကြီး ပြီးစီးသွားပြီဖြစ်၍ ဒေသခံပြည်သူ များ ဝမ်းသာကြည်နူး ပီတိဖြာလျက်ရှိနေကြကြောင်း သိရသည်။ ။

စံပြစက်မှုလယ်မြေဧက ၂၀၀ တောင်တွင်းကြီး၌ ဖော်ထုတ်

တောင်တွင်းကြီး ဇန်နဝါရီ ၁၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအုပ်စု ကွင်းအမှတ်(၂၀၉၈)(က)နှင့်(၂၀၉၈)(ခ)တို့တွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ကြီးကြပ်ပြီး စံပြစက်မှုလယ်ယာ စနစ်တကျ လယ်မြေဧက ၂၀၀ ဖော်ထုတ်ခြင်းလုပ်ငန်းကို ဇန်နဝါရီလပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စံပြစက်မှုလယ်ယာဖော်ထုတ်ရေးလုပ်ငန်းသို့ လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ တိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဇန်နဝါရီ ၉ ရက်က ကွင်းဆင်းကြည့်ရှု ခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လုပ်ငန်းများအမြန်ပြီးစီးရေးအတွက် တောင်သူများကလည်း ဝိုင်းဝန်းကူညီရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နိုင်ဝင်း

ရွှေပြည်ဟိန်းမိုးကောင်းတံတား တည်ဆောက်ခြင်းပါဝင်လှူဒါန်းနိုင်

ရွှေပြည်ဟိန်းဆရာတော်၏ဇာတိနယ်မြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်နှင့်ကျေးရွာပေါင်း (၃၀)ကျော်တို့ သွားလာမှုအဆင်ပြေ စေရန်အတွက် ထန်းကုန်းကျေးရွာမြောက် (၂)မိုင်ခန့်အကွာ တူးမြောင်းဖြတ်ကူး အလျားပေ (၉၀ × ၁၆)ရှိရွှေပြည်ဟိန်း မိုးကောင်း အာရ်စီ ကွန်ကရစ်တံတားကို ရွှေပြည်ဟိန်းဆရာတော်ဦးဆောင်၍ တည်ဆောက်တော့မည်ဖြစ်ရာ ကျောက်တစ်ကျင်း (၃၀၀၀ဝိ/)၊ သဲကားတစ်စီး (၂၀၀၀ဝိ/-)၊ ဘိလပ်မြေ (၁)အိပ် ၆၀၀ဝိ/- ပါဝင်လှူဒါန်းကာ လမ်းတံတားအလှူရှင်အဖြစ် ခံယူနိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၄၉)လမ်း၊ တိုက်အမှတ် ၁၇၀/ ၁၇၂ ရှိ တိုက်ခန်း(၂/အေ)နှင့် (၂/ဘီ) တို့မှာ အမွေဆိုင် ညီအစ်ကိုမောင်နှမခုနစ်ဦးမှပိုင်ဆိုင်သော အမွေဆိုင်တိုက်ခန်းများဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှစ်ခန်းစလုံးအား ငှားရမ်းထားပါသည်။ တိုက်ခန်းနှစ်ခန်းအနက် တိုက်ခန်းအမှတ် (၂/အေ) (၁၈ပေ× ၅၈ပေ)အကျယ်အဝန်းရှိတိုက်ခန်းကို မောင်နှမအားလုံး သဘောတူညီချက်ဖြင့် နှစ်ချုပ်ဖြင့်ငှားရမ်းရန် စီစဉ်နေဆဲအချိန်အတွင်း (၁-၁-၂၀၁၅) ရက်တွင် လူငှားများ ရှိလျက်နှင့် ဦးဇော်အောင်နှင့်မိသားစုသည် ကျန်ညီအစ်ကိုမောင်နှမများ၏ ခွင့်ပြုချက်တစ်စုံတစ်ရာတောင်းခံခြင်းမရှိဘဲနှင့် အတင်းဝင်ရောက်နေထိုင်ပါသည်။ မိဘနှစ်ပါးကွယ်လွန်စဉ်က ကျန်ခဲ့သောငွေသားများနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းဖြစ်သည့် ရွှေထည်ပစ္စည်းလက်ကျန်များ၊ တယ်လီဖုန်းအကြွေး၊ ထပ်ခိုးအကြွေးအားလုံးကို ကျန်ညီအစ်ကိုမောင်နှမအားလုံးအား ယနေ့တိုင် ရှင်းလင်းပေးခဲ့ခြင်းမရှိခဲ့ပါ။ ကျန်မောင်နှမများ၏ ခွင့်ပြုချက်မရရှိဘဲနှင့် အထက်ဖော်ပြပါနေအိမ်တိုက်ခန်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းဖြစ်သည့် ငွေသားနှင့်ရွှေထည်ပစ္စည်းများကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်း၊ အာမခံတင်သွင်းခြင်း၊ အခြားနည်းတစ်မျိုးမျိုးဖြင့် ပြောင်းလဲခြင်းမပြုလုပ်ရန် အသိပေးအပ်ပါသည်။ ဦးဇော်အောင် အတင်းအဓမ္မဝင်ရောက်နေထိုင်သော နေအိမ်တိုက်ခန်းမှ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဖယ်ရှားပေးရန် တောင်းဆိုပါသည်။

အကယ်၍ ရှင်းလင်းပေးခြင်း၊ ဖယ်ရှားပေးခြင်းမရှိပါက နောက်နောင်ဖြစ်ပေါ်လာမည့်ကိစ္စအဝဝသည် ဦးဇော်အောင်၏ တာဝန်သာဖြစ်ပါကြောင်း ဦးဇော်အောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းစိုး	**ဒေါ်ခိုင်ကျော့ကျော့လှိုင်**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၂၈၉၈)	**(စဉ်-၃၀၄၆၂)**

တိုက် ၉/၁၁၊ အခန်း ၁၀၃/စီ (ပထမထပ်)၊ ၃၆ လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၂၁၈၂၇၊ ၀၉-၂၅၀၀၂၂၈၉၂၊ ၀၉-၉၇၈၄၂၁၇၆၆၊ ၀၉-၄၃၁၂၄၅၉၄

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၅၆၈၅၇ Honda Dream ND 125 m, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟန်သိန်း ၆/ရဖန(နိုင်)၀၄၀၈၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/7410၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၂၇၊ အလျား ၆၅'×အနံ ၇၀' ခန့်မှန်းခြေရှိ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရှုပ်အရှင်းကင်းရှင်းစွာပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးငြိမ်းမောင် ၁၂/မဂဒ(နိုင်)၀၇၉၉၅၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာချုပ်စာတမ်းမူရင်းနှင့်တကွ အထောက်အထားခိုင်လုံစွာ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်းနိုင်	**ဒေါ်စန္ဒာအေး၊ ဒေါ်ကြည်ကြည်ထွေး**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေများ**

အမှတ် (၁၂၀) ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၅၅၅၇၀၊ ၀၉-၂၀၁၆၉၉၈

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် ၆၃၀၊ အလျားပေ ၃၀ × အနံ ၅၈ပေ အကျယ်ရှိသော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ ပိုင်ဆိုင်သူ ဒေါ်တင်မိုးအေး ၁၂/ကမတ(နိုင်)၀၅၀၄၀၈ ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဆက်သွယ်ရန် -
ဦးဌေးလှိုင် ၁၂/သဃက(နိုင်)၀၁၃၂၄၉
ဖုန်း-၀၉-၅၀၉၉၇၁၃၊ ၀၁-၆၄၁၇၉၀
အမှတ် ၃၀၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ခင်ပွန်းအဖြစ်မှမသက်ဆိုင်ပါကြောင်း ကြေညာခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ် ၁၁၀၁ နေ ဒေါ်ဝင်းသန္တာစိုး (ဘ)ဦးသန်းစိုး ၁၂/ဒဂတ(နိုင်)၀၆၈၀၆၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဝင်းသန္တာစိုး၏ခင်ပွန်းဖြစ်သူ ဦးစိုင်းသီဟ ၁၂/ဒဂတ(နိုင်)၀၄၄၄၈၁ သိစေရန် အသိပေးကြေညာအပ်ပါသည်။ လူကြီးမင်း ဦးစိုင်းသီဟသည် ၂၈-၆-၂၀၁၂ ရက်တွင် ဇနီးဖြစ်သူ ဒေါ်ဝင်းသန္တာစိုး မကြိုက်နှစ်သက်သောအပြုအမူမျိုးဆောင်ရွက်ပြီး နေအိမ်မှထွက်ခွာသွားခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ဦးစိုင်းသီဟအား ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲဝင်းလှိုင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၄၀၉)
ဖုန်း-၀၉-၂၅၃၀၇၉၈၃၅

ရန်ကုန်လိုင်စင် ၁၄ ပေ ကုန်တင်ကားများ ရောင်းမည်

၂က/(ISUZU)13B သံဘော်ဒီ MITSUBISHI ခြောက်ပေါက် တန်းကြီး	သိန်း(၈၀)
၃က/(DAIHATSU)13B MAZDA တန်း	သိန်း(၇၀)
၅က/(Atlas)FD-42	သိန်း(၇၀)
၉က/(Dyna)13B	သိန်း(၇၀)

ဖုန်း-၀၉-၃၁၂၈၅၇၅၃၊ ၀၉-၃၀၀၀၉၃၈၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/6998 Toyota RAV 4, S/W (4 x 4) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချယ်ရီဝါးဘိုး ၁၂/မရက(နိုင်)၀၈၃၇၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

ကြော်ငြာ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ် ၁၈၁/၁၈၇ ဟုခေါ်တွင်သော လေးခန်းတွဲ ၁၂ထပ်မှ လေးထပ် (A)ဘက်ခြမ်း၊ ဧရိယာ ပေ(၂၅×၆၀)ခန့်ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်

အထက်ဖော်ပြပါတိုက်ခန်းကို ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ကန်ထရိုက်တာ ဦးကျော်မြင့် ၁၂/မဂတ(နိုင်)၀၄၉၂၄၂ထံမှ၂၀၁၁ခုနှစ် နိုဝင်ဘာ၅ရက်တွင် တိုက်ခန်းအရောင်းအဝယ်နှစ်ဖက်သဘောတူကတိစာချုပ်အရ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

တိုက်ခန်းရောင်းဖိုးငွေအပြီးအပြတ် ပေးချေခဲ့ပြီး ရောင်းချသူ ကန်ထရိုက်တာ ဦးကျော်မြင့်မှ အရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းကို လက်ရောက်အပ်နှံခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းကို အခြားသူတစ်ဦးဦးမှ တစ်နည်းနည်း စီမံခန့်ခွဲခြင်းမပြုလုပ်ရန် တားမြစ်သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, DBL,DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon(IC), HGP, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

မကောဇင်လင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် (၂၀၃/၂၀၄)ရှိ ပါရမီရေဆေးဆီထိုး+စတိုးဆိုင်၏ လုပ်ငန်း ပိုင်ရှင် ဦးပြည့်ဖြိုးဇော် (၁၂/မရက (နိုင်) ၁၃၄၆၈၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

တောင်ဥက္ကလာပမြို့ နေ မကောဇင်လင်း (အဘ) ဦးတင်အေး (၁၂/ဥကတ (နိုင်) ၁၂၈၈၈) သည် ပါရမီရေဆေးဆီထိုး+စတိုးဆိုင်၏ မန်နေဂျာ ငွေကိုင်သူတစ်ဦးဖြစ်ပြီး လုပ်ငန်းပိုင်ရှင်ထံမှ ချေးငွေများ၊ ဝန်ထမ်းများထံမှ ပုဂ္ဂိုလ်ရေးချေးငွေများ ဝန်ထမ်းများ၏ သာရေးနာရေးရန်ပုံငွေများနှင့် အရောင်းဆိုင်ပိုင်ငွေကြေးများကို အလွဲသုံးစားပြုလုပ်၍ ထွက်ပြေးတိမ်းရှောင်နေပါသဖြင့် ယနေ့မှစ၍ (၇) ရက် အတွင်း ပါရမီရေဆေးဆီထိုး + စတိုးဆိုင်လုပ်ငန်းသို့ စာရင်းအင်းများ လာရောက်ဖြေရှင်းပေးရန်နှင့် လာရောက်ဖြေရှင်းပေးခြင်း မရှိပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

မကောဇင်လင်း နှင့် ပတ်သက်သမျှသော ငွေကြေးအရှုပ်အထွေးများကို ၎င်းထံမှသာ တောင်းခံရယူကြရန်နှင့် ပါရမီရေဆေးဆီထိုး + စတိုးဆိုင်လုပ်ငန်းမှ ၎င်းနှင့် ပတ်သက်သော ငွေကြေးအရှုပ်အထွေးများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ဒင်
တရားလွှတ်တော်ရှေ့နေ (စဉ် – ၆၉၀၃)
ဥပဒေအကြံပေး နှင့် အတိုင်ပင်ခံ
အမှတ် (၁၀၆၀)၊ (၁၃) လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
Hp - 09 5503448 , Email - lawyeraungdin @ gmail.com

၂၅-၁၀-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ ပါ တရားလွှတ်တော်ရှေ့နေ ဦးသန့်ဇော်နှင့် အထက်တန်းရှေ့နေ ဦးကောင်းမြတ်ဇော်တို့၏ ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်အပေါ် ကန့်ကွက်ကြောင်းနှင့် အများသိစေရန် ရှင်းလင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ ၈၈ လမ်း၊ ၁၈ လမ်းနှင့် ၁၉ လမ်းကြား၊ အကွက်ကြီး ၁၂၉၊ အမှတ် ၂/၃တွင် နေထိုင်သော မကြည်ကြည်လှိုင်(ခ)မဇာဇာဝင်း (ခ)မဇာခြည်ဝင်း၏ တင်ပြလွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၀၇ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ် ၈၅ ရှိ အလျားပေ၄၀×အနံပေ၂၀ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ခင်ပွန်းဖြစ်သူ ဦးအေးလွင်ကွယ်လွန်သောအခါ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မကြည်ကြည်လှိုင်အမွေဆက်ခံပိုင်ဆိုင်သောမြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မကြည်ကြည်လှိုင်၏ ခွင့်ပြုချက်မရရှိဘဲ မည်သူမျှရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းဖြင့်လွှဲပြောင်းခြင်းမပြုရန် ၁၈-၅-၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၇) ၌ ကြေညာခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ မကြည်ကြည်လှိုင်(ခ)မဇာဇာဝင်း(ခ)မဇာခြည်ဝင်းက ဒေါ်စန်းငွေးနှင့်ဒေါ်ဒေါ်ဝင်းတို့အပေါ် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး ၂၀၁၄ခုနှစ် ပြစ်မှုကြီးမှုအမှတ် ၅၄၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၀၄ (သေသူပစ္စည်းအလွဲသုံးစားပြုမှု)ဖြင့် တရားစွဲဆိုထားပါသည်။

အမှုအတောအတွင်း အမှုနှင့်ဆက်စပ်နေသော ပစ္စည်းအားလွှဲပြောင်းရောင်းချခြင်းမှာ ဥပဒေအရ တရားမဝင်ပါ။ တရားလွှတ်တော်ရှေ့နေ ဦးသန့်ဇော်နှင့် အထက်တန်းရှေ့နေ ဦးကောင်းမြတ်ဇော်တို့၏ ကြေညာချက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၀၇ ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ် ၈၅ ရှိ အလျားပေ၄၀×အနံပေ၂၀အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လူကြီးမင်းတို့၏ မိတ်ဆွေက ဒေါ်စန်းငွေးထံမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားကြောင်း သတင်းစာတွင် ကြော်ငြာထားသော်လည်း ဝယ်ယူသူ၏ အမည်ကို ဖော်ပြထားခြင်းမရှိပါ။ ထို့ကြောင့် လူကြီးမင်းတို့(သို့မဟုတ်)လူကြီးမင်းတို့၏မိတ်ဆွေ (အမည်ဖော်ပြထားခြင်းမရှိသောဝယ်ယူသူ) အနေဖြင့် ကျွန်ုပ်ထံသို့ အချင်းဖြစ်ကိစ္စနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားလိုက်ပါသည်။ လာရောက်ဖြေရှင်းဆောင်ရွက်ခြင်းမရှိပါက မကြည်ကြည်လှိုင်(ခ)မဇာဇာဝင်း(ခ)မဇာခြည်ဝင်း၏ ဆန္ဒနှင့်အညီ တည်ဆဲဥပဒေများအရ သက်ဆိုင်သူများအပေါ် ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **တင်ပြလွှဲအပ်ချက်အရ-**

ဦးမင်းသက်ဇင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၅၈၆၈)
အမှတ် ၂၃(ငါးလွှာ)၊ဗိုလ်တထောင်ဘုရားလမ်းသွယ်-၂၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

အထူးနှမြောတသ သတိသံဝေဂရယူမိပါကြောင်း

ရွှေသံလွင် နာယကကြီး ဦးသိန်းဝင်း(ခ) လင်ကမ်းစိန်သည် ၂၁-၁၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ရွှေသံလွင် မိသားစုကြီးနှင့်အတူ အထူး နှမြောတသ သတိသံဝေဂရယူမိပါကြောင်း။

ဥရောပ ထေရဝါဒ ဗုဒ္ဓသာသနာပြုအသင်းကြီး
ပါရီမြို့၊ ပြင်သစ်နိုင်ငံ

GREAT English Language Centre
New Address
Ground fl. 184, 40th street, Kyauktada
Daw Khin Thida M.A.(English) YU
(Cert. RELC, S'pore, UK, US
(Ex.Uni.teacher, Ex. ISY ESL teacher)
(095105306)
IELTS(found.)12:30 – 2:30 pm,Mon,Tue (12 Jan)
8-10 am Sat, Sun (30 Nov)
IELTS (adv) 1-3 Pm Sat, Sun (12 Jan)
(regular) 2:30 _4:30 pm (Mon,Tue)(12 Jan)
Four-skill (basic) 10-12 pm (Mon,Tue) (12 Jan)
Young learners- 3-5 pm (regular) (Sat, Sun)
(SAT, TOEFL, OUEP, individual classes available)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၈၂)တွင်နေထိုင်သော ဦးမိုတီလား(လ်) ၁၂/ပဘတ(နိုင်)၀၂၁၅၀၉က ရှေ့နေများဖြင့် လွှဲအပ်ပြီး ၆-၁၂-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းခဲ့သော "သက်ဆိုင်သူများနှင့်အများသိစေရန်ကြေညာချက်"ကို ပြန်လည်ရှင်းလင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ရုံးရပ်ကွက်၊ (၄)လမ်း၊ အမှတ် (၇၃)ဟု ခေါ်တွင်သော နှစ်ထပ်တိုက် အဆောက်အအုံနှင့် ယင်းအဆောက်အအုံတည်ရှိရာ အကွက်အမှတ်-၂(က)၊ ဈေးမြောက်၊ ဦးပိုင်အမှတ် ၇၃၊ ဧရိယာ ၀ ဒသမ ၀၇၆ ဧကရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တောင်ငူခရိုင်၊ ဖြူးမြို့၊ ရုံးရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၇၃)တွင် နေထိုင်လျက်ရှိသော ဦးစီရီရမ်း၇/ဖမန(နိုင်)၀၉၈၄၂၄က သားဖြစ်သူဦးမိုတီလား(လ်)အား အမည်ခံ/အမည်ငှားထား၍ မူလပိုင်ရှင် ဦးကျင်စန်းထံမှ စာချုပ်ချုပ်ဆို၍ ဝယ်ယူထားခဲ့ခြင်းဖြစ်ပါသည်။

ဦးစီရီရမ်းသည် အသက်အရွယ်ကြီးပြီး ကျန်းမာရေးမကောင်းခြင်း၊ မြန်မာစာလုံး ၀ မတတ်ခင်း၊ မြန်မာစကားကောင်းစွာမတတ်ခြင်း၊ သားဖြစ်သူ ဦးမိုတီလား(လ်)ကို ယုံကြည်စိတ်ချရသူဟု မှတ်ယူခြင်းကြောင့် ၄င်းအား အမည်ခံ/အမည်ငှားထား၍ အိမ်နှင့်ခြံမြေကို ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။

ဦးစီရီရမ်း၏ငွေဖြင့် ဝယ်ယူပြီး ဦးစီရီရမ်းက လက်ရောက်ရယူခဲ့ခြင်းဖြစ်၍ ဦးစီရီရမ်းသည် ပိုင်ရှင်အစစ်အမှန်ဖြစ်ပါသည်။ ဦးမိုတီလား(လ်)သည် အမည်ခံ/အမည်ငှားအနေဖြင့် စာချုပ်ချုပ်ဆိုပေးထားသူ (ဘီနာမီဒါ)ဖြစ်၍ ပိုင်ရှင်မဟုတ်ပါ။

ဦးစီရီရမ်းသည် ဝယ်ယူပိုင်ဆိုင်ထားသူအနေဖြင့် နေထိုင်လျက်ရှိသောကြောင့် ဦးမိုတီလား(လ်)က နေထိုင်စေခြင်းမဟုတ်ပါ။ ဦးစီရီရမ်းအား ပေးကမ်းထောက်ပံ့စောင့်ရှောက်ခြင်းလည်း မရှိပါ။

ဦးစီရီရမ်း၏ အမွေစားအမွေခံများသည် အထက်ပါအိမ်နှင့်ခြံမြေကို ဦးစီရီရမ်းက ဝယ်ယူပိုင်ဆိုင်ထားခြင်းဖြစ်ကြောင်း သိရှိကြသော်လည်း ဦးစီရီရမ်းအား ဖြားယောင်းသွေးဆောင်ခြင်း၊ အခွင့်အရေးတောင်းဆိုခြင်းမရှိကြပါ။

ထို့ကြောင့် ဦးမိုတီလား(လ်)၏ ကြေညာချက်မှာ မမှန်ကန်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးစီရီရမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးငြိမ်းစံ	**ဦးခင်မောင်ဝင်း**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
(စဉ်-၉၇၀၄)	**(စဉ်-၄၈၀၉)**
၁၆/၂၂၈၊ နံပါတ်(၇)လမ်း၊	**၁၃/၁၂၊ ဘုရားလမ်း၊**
တောင်ငူမြို့	**တောင်ငူမြို့**

အမှတ် ၅၂၊ မကြီးကြီးလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေကွက်နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်စပ်လျဉ်း၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၂၃၁/၂၀၁၃ဖြင့် ဒေါ်လှလှအေးက ဒေါ်ညွန့်ရီပါ(၄)ဦးတို့အပေါ် ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု စွဲဆိုဆောင်ရွက်ထားပါသဖြင့် အမှုပြီးဆုံးခြင်းမရှိမီ ရောင်းခြင်း၊ ဝယ်ခြင်း၊ ဖြိုဖျက်ခြင်း၊ ဆောက်လုပ်ခြင်းမပြုလုပ်ရန် အသိပေးကြေညာလိုက်သည်။

ဒေါ်လှလှအေး ၁၂/အလန(နိုင်)၀၂၇၉၅၆

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဘဒ္ဒန္တသုမနမဟာထေရ်

ငါးကြီးအင်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်
အမှတ် ၁၆၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏ ကျောင်းအုပ်ဆရာတော်
ငါးကြီးအင်းရွာ၊ ဘုရားငုတ္တိုကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်
သက်တော် (၇၃)နှစ်၊ သိက္ခာတော် (၅၃)ဝါ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားငုတ္တိုကျေးရွာအုပ်စု၊ ငါးကြီးအင်းကျေးရွာ၊ ငါးကြီးအင်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်၊ အမှတ်၁၆ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏ ကျောင်းအုပ်ဆရာတော်ဖြစ်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ ဝိနယဂရုကဂုဏ်ပေါင်းစုံနှင့် ပြည့်စုံတော်မူသော ဘဒ္ဒန္တသုမနမဟာထေရ် သက်တော် (၇၃) နှစ်၊ သိက္ခာတော် (၅၃)ဝါသည် (၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၈ရက်) ၁၄-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ရက်) ၁၈-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးအဖွဲ့နှင့်
ဆွေတော်မျိုးတော်များ ငါးကြီးအင်းကျေးရွာ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်မိုး

အသက် (၆၅)နှစ်

ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးဆန်းထွန်း၏ဇနီး ဒေါ်တင်တင်မိုးသည် ၅-၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှမောင်-ဒေါ်ကျန်ရီမေ (မိသားစု)
ထွန်းတောက်စ ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်

အထူးကျေးဇူးတင်ရှိကြောင်း

၂၄-၁၂-၂၀၁၄ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသော မမာလာအောင်၏နာရေးကိစ္စအဝဝတွင် အစစအရာရာကူညီပေးပါသော မြောက်ဥက္ကလာပဆေးရုံကြီးမှ ဆရာဝန်ဆရာများ အားလုံး၊ သတင်းကောင်းနှစ်ခြင်းအသင်းတော်အသီးသီးမှ ယုံကြည်သူများနှင့် ဆရာဆရာမများအားလုံး၊ Life & Light ကျောင်းမှ ဆရာများ၊ GBBS နှင့် YGBBC ကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ၊ တောင်ဒဂုံ Ebenezer Church မှ ဆရာနှင့် ဆရာကတော်၊ နယ်အသီးသီးနှင့် ရန်ကုန်မြို့မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ အသင်းတော်အသီးသီးမှသော်လည်းကောင်း၊လာရောက်နှစ်သိမ့်ပေးပြီးနာရေးအစီအစဉ်တွင် လာရောက်ပါဝင်ပေးကြ သောသူ အရောက်စီတိုင်းကို ကျေးဇူးတင်ရှိပါသည်။ ပန်းခြင်းများဖြင့်လည်းကောင်း၊ ဖုန်းအား ဖြင့်လည်းကောင်း၊ E.Mail အားဖြင့်လည်းကောင်း၊ အဝေးမှ နှစ်သိမ့်ပေးသောသူအားလုံးကိုလည်း ကျေးဇူးတင်ရှိပါသည်။

လာရောက်နှစ်သိမ့်ပေးသောသူအားလုံးအပေါ်၌ ဘုရားရှင်၏ နှစ်သိမ့်ခြင်းပြန်လည်ရယူခံစားနိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းပေးပါသည်။

Ever Living Water သောက်ရေသန့်မိသားစု
ဖခင် ဦးအောင်ဘုနှင့် မိခင် ဒေါ်မြသန်းလွင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၅၂၂၁ Shan Star Mai Tong Jeep (4×2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်မင်းထွန်း ၁၃/ကလတ(နိုင်)၀၂၁၄၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်(၃)၊ အခန်း (၄၀၂)ကို မူလအမည်ပေါက်ပိုင်ရှင်ဦးမောင်မောင်လွင် ၁၂/ဗဟန(နိုင်)၀၁၁၄၉၄သည် ကွယ်လွန်သွားပြီးဖြစ်၍ ဇနီး ဒေါ်သင်းသင်းနိုင် ၁၂/ဗဟန(နိုင်)၀၂၁၃၃၂က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)၊
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ ဗိုလ်ထွန်းဇံ)၊မြေကွက်အမှတ်၁၀၁၊ မြေကွက်တည်နေရာ အမှတ်၂၇၊ ဗိုလ်ဆွန်ပက်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးကတ်နက်စိန် ၁၂/ဒပန (နိုင်)၀၂၇၄၂၁ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကတ်နက်စိန်(ဖခင်)နှင့်ဒေါ်သန်းမြင့်(မိခင်)တို့ကွယ်လွန်သဖြင့် ၎င်းတို့၏သမီးများဖြစ်ကြသောဒေါ်ခင်လှဦး ၁၂/ဒပန(နိုင်)၀၂၇၄၂၅၊ ဒေါ်အေးအေးဝင်း ၁၂/ ဒပန(နိုင်)၀၂၇၄၂၄၊ ဒေါ်အေးအေးမြင့်၁၂/ဒပန(နိုင်)၀၂၇၄၂၃၊ ဒေါ်သန္တာထွေး ၁၂/ဒပန(နိုင်)၀၄၅၈၈၀တို့မှ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၉)၊ မြေကွက်အမှတ်၃၃(က)၊ မြေကွက်တည်နေရာအမှတ် ၃၃(က)၊ ခနုဖြူ ပန်းခြံလမ်း၊ (၆)ရပ်ကွက်၊ ရွှေပြည်သာ၊ ဦးမောင်မောင်နိုင် ၁၂/ရပသ(နိုင်)၀၂၀၇၅၅ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ကတိဝန်ခံချက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊တရားရုံးကျမ်းကျိန်လွှာ၊မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ် ၄၀၀/က၊ မြေကွက်တည်နေရာအမှတ် ၄၀၀/က၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်္ဃန်းကျွန်း၊ ဒေါ်သန်းရွှေ အမည်ပေါက် ပါမစ်မြေအား ၂၇-၁၀-၉၄ ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူ (၁)ဒေါ်သန်းသန်းအေး ၁၂/သဃက(နိုင်) ၀၅၈၈၇၃၊ (၂)ဦးအေးလှိုင်၁၂/သဃက(နိုင်)၀၅၈၈၇၁က ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ညိုဦး (ကော့မှူး)
အသက်(၆၃)နှစ်

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သူငယ်ချင်းဦးဝင်းမြင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်)၏ဇနီး ဒေါ်ခင်ညိုဦးသည် ၁၁-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၇း၂၅နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
အဖွဲ့ဝင် ဦးမြင့်ဝင်းနှင့် ဇနီး ဒေါ်ယဉ်မင်းဆွေ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ညိုဦး (ကော့မှူး)
အသက်(၆၃)နှစ်

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဦးဝင်းမြင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်)၏ ဇနီး ဒေါ်ခင်ညိုဦးသည် ၁၁-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၇း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမြသိန်း(အဖွဲ့ဝင်)နှင့် ဇနီး ဒေါ်ရီရီဝင်း
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ညိုဦး (ကော့မှူး)
အသက်(၆၃)နှစ်

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဦးဝင်းမြင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်)၏ ဇနီး ဒေါ်ခင်ညိုဦးသည် ၁၁-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၇း၂၅နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသန်းကျော်၊ ဦးတင်မြင့်၊ ဒေါ်ကျင်စန်း၊ ဦးမျိုးချစ်
အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ညိုဦး (ကော့မှူး)
အသက်(၆၃)နှစ်

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဦးဝင်းမြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်)၏ ဇနီး ဒေါ်ခင်ညိုဦးသည် ၁၁-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၇း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မန္တလေးတိုင်းဒေသကြီးဥပဒေချုပ် ဦးရဲအောင်မြင့်နှင့်
မန္တလေးတိုင်းဒေသကြီး ဥပဒေမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးကျော်ကျော် (ငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး
ကုန်သန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန

ဗိုလ်ကြီးကျော်ကျော်(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူး၊ ကုန်သန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊စီးပွားရေးနှင့်ကုန်သန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၁၁-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁၂း၃၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ
ကုန်သန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးကျော်ကျော် (ငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး
အသက်(၄၄)နှစ်

စီးပွားရေးနှင့်ကုန်သန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဗိုလ်ကြီးကျော်ကျော်(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး) အသက်(၄၄)နှစ်သည် ၁၁-၁-၂၀၁၅ရက် မွန်းလွဲ ၁၂း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်အရာထမ်း၊ အမှုထမ်းများ
သွင်းကုန်လုပ်ငန်းဌာနခွဲ

ကိုမိုးမင်းထွန်း(ဘုရားကြီးမြို့) အသက်(၄၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ဘုရားလမ်း၊အမှတ်P-6နေ ဦးသောင်းချစ်-(ဒေါ်တင်လှ)တို့၏သား၊ဦးလှသိန်း-ဒေါ်အေးမိမော်၊ဒေါ်ဝါဝါခိုင်၊(ဦးဇော်ဝင်းထွန်း)-ဒေါ်ချိုချိုမြင့်(အထက၊ဘုရားကြီး)၊ ဒေါ်စန္ဒာတင်၊ ဒေါ်နန်းမြင့်လှိုင်(အထက၊ဘုရားကြီး)၊ ဦးကျော်ဝင်းထွန်းတို့၏ညီ/မောင်သည် ၁၂-၁-၂၀၁၅ရက် (တနင်္လာနေ့)မွန်းလွဲ ၁း၃၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါ၍ ၁၄-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကောင်းထွဋ်တိုးလှ
AGTI (M.P)
TTC ကျောင်းသားဟောင်း
အသက်(၄၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် ၄၊မာလာမြိုင် ၄လမ်း၊(၁၆)ရပ်ကွက်နေ ဒေါက်တာတိုးလှ(ပါမောက္ခ၊ သမိုင်းဌာန၊ တာဝန်ခံညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ သမိုင်းသုတေသနဦးစီးဌာန)-(ဒေါ်နွဲ့နွဲ့ရည်)တို့၏ သားကြီး၊ ဒေါ်ရွှေစင်တိုးလှ (Director) စံတင်ထား Co., Ltd.၏မောင်၊ ဦးဥက္ကာတိုးလှ Electrictrical Engineer - ဒေါ်ယဉ်ယဉ်ထွေးတို့၏အစ်ကို၊ ဦးမောင်သိန်း - ဒေါ်ဥမ္မာမျိုးတို့၏သားသမက်၊ ဒေါ်ယဉ်မီမီအောင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သခ်ညီ [Grade-9, (k), TTC]၊ မောင်ဘုန်းအောင်ကောင်း [Grade-3,(I),TTC]တို့၏ချစ်လှစွာသောဖခင်၊ မဆုလာဘ်တိုးလှ၊ မောင်မြတ်ဟိန်းထွဋ်တို့၏ဦးလေး၊ မောင်ရဲရင့်တိုးလှ၏ဘကြီးသည် ၁၁-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၁၀း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၁-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ယုယုလွင်
အသက်(၃၅)နှစ်

ပျဉ်းမနား (ရေဆင်း) သစ်တောသုတေသနဌာနဝင်းနေ (ဦးသိန်းဒန်)-ဒေါ်စောမြင့်တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ် ၁၅၅ နေ (ဦးလားဒင်းငါ)-ဒေါ်တင်တင်ဝေ(မားမီးနူး)တို့၏သမီးချွေးမ၊ ပျဉ်းမနား (ရေဆင်း) သစ်တောသုတေသနဌာနဝင်းနေ ဦးအောင်တင့် - ဒေါ်ဝင်း၊ ဦးသန်းထွန်း-ဒေါ်သီတာ၊ (ဦးသန်းအောင်)-ဒေါ်သန်းသန်းစိန်၊ ဦးညွန့်ဝင်း-ဒေါ်စန်းစန်းအေး၊ ဦးကူဒွိပါလ၊ ဦးဆလိုင်းမျိုးမြင့်ဦး - ဒေါ်လှဝင်းရီ၊ ဦးအောင်မြင့်စိုး-ဒေါ်မြင့်မြင့်နွယ်တို့၏ညီမ၊ ဦးစောမိုးဇက်၏ချစ်လှစွာသောဇနီး၊ မနိုဝင်ဘာမိုးဇက်[Grade-2(C)၊ ရန်ကင်း TTC]၊ မောင်ကောင်းသန့်မိုးဇက်တို့၏ ချစ်လှစွာသောမိခင်သည် ၁၂-၁-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၄-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အေမာနွေလ ဘုရားကျောင်းရှေ့၊ ရွှေဂုံတိုင်၊ U- PC ဘုရားကျောင်း၊ထန်းပင်ကုန်း(ချင်းခြံ) နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အုံးကျင် အသက်(၈၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ မှုံကတုံးရွာနေ (ဦးပန်းညွန့်-ဒေါ်သက်မေ)၊ (ဦးဖိုးငြိမ်-ဒေါ်စိန်မြ)တို့၏သမီး၊ မှုံကတုံးရွာနေ (ဦးထွန်းနေ-ဒေါ်ဝင်းတင်)၊ (ဦးအောင်တင့်)-ဒေါ်တင်အေး၊ (ဦးကျော်မဲ-ဒေါ်ဝင်းရှင်)၊ (ဦးကျော်သောင်း-ဒေါ်ဝင်းခင်)တို့၏ညီမ၊ (ဦးတင်လှ-ဒေါ်သန်း)၊ မော်လမြိုင်မြို့နေ ဦးသောင်းညွန့်-(ဒေါ်သန်းရင်)၊ မှုံကတုံးရွာနေ(ဦးညွန့်မောင်)-ဒေါ်မြစိန်တို့၏အစ်မ၊ ဦးမြသောင်း-ဒေါ်နွဲ့၊ ပေါက်တောရွာနေ ဦးသောင်းဝင်း-ဒေါ်တင်နု၊ ပြင်ဦးလွင်နေ ဗိုလ်မှူးကြီးအေးလွင်(ကျောင်းအုပ်ကြီး၊ တပ်မတော်အင်ဂျင်နီယာကျောင်း)-ဒေါ်ငွေငွေဝင်း၊ မှုံကတုံးရွာနေ ဦးမြင့်သန်း-အေးမော်၊ ဘုရားကြီးမြို့၊ ဘူတာလမ်းနေ ဦးမြင့်ဇော်-ဒေါ်စန်းသီ၊ဒေါ်အေးအေးစန်းတို့၏မိခင်၊ မြေး၊ မြစ်၃၆ယောက်တို့၏အဘွား၊ ဦးငြိမ်းမောင်၏ချစ်လှစွာသောဇနီးသည် ၁၂-၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၈း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ဘုရားကြီးမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြမြစီ (မိတ္ထီလာ)
အသက်(၈၀)

မိတ္ထီလာမြို့နေ (ဦးဘစီ-ဒေါ်ခင်ဦး)တို့၏သမီးငယ်၊ ကြာအင်းဆိပ်ကြီးမြို့နေ (ဦးဝွမ်စွန်-ဒေါ်အမာ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(ခ)၊ငွေဝတ်မှုန်ရပ်ကွက်၊အမှတ်(၇၀/ဈ)နေ ဗိုလ်ချုပ်တင်စိန်(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ Capt. နေထွန်းအောင် - ဒေါ်စိုးစိုးမော်၊ ပါမောက္ခ ဒေါက်တာနေစိုးမောင်(ပါမောက္ခချုပ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်)-ဒေါ်ကြည်ကြည်ရွှေ၊ ဒေါ်ချိုချိုစိန်-ဦးယုခင်၊ ဒေါ်ဖြူဖြူစိန်-ဦးဟန်ထွန်းသိန်း၊ ဒုတိယဗိုလ်မှူးကြီးဒေါ်သီတာစိန်(တ·အ·က-၅၀၀)-ဒေါက်တာရွှေပြည်ဟိန်း၊ ဦးနေမျိုးအောင်(U.S.A) - ဒေါ်နှင်းဝင့်ဖြူ၊ ဒေါ်ဝင်းဝါတင်စိန်-ဒေါက်တာကျော်ငွေးလွင်၊ ဒေါက်တာနေလင်းအောင်-ဒေါ်နှင်းနွယ်အေး၊ ဒေါက်တာအေးမြမြတင်စိန်-ဒေါက်တာသန်းမိုးနိုင်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၆ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၂-၁-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင်ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမြင့်သိန်း
ဒု-ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
ကုန်သွယ်/လယ်ယာ၊ စီးပွား/ကူးသန်းဝန်ကြီးဌာန
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ တိုက်အမှတ်(G-2)၊ ရွှေအင်ကြင်းရိပ်မွန်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ(ဦးကွန့်-ဒေါ်အေးရှင်)တို့၏သား၊ (ဦးသိမ်းညွှန့်-ဒေါ်မမလေး)တို့၏သားသမက်၊ ဒေါ်ခင်ခင်လှိုင်(မြန်မာ့ကုန်တိုက်)၏ခင်ပွန်း၊ ဦးသိန်းထူး-ဒေါ်သူဇာလှိုင်၊ ဦးတေဇာလှိုင်၊ ဦးကျော်သူထက်-ဒေါ်ခင်စန္ဒာလှိုင်၊ ဦးကျော်ဇေယျာလှိုင်-ဒေါ်မော်မော်အောင်တို့၏ဖခင်၊ မောင်မြတ်ထူးမောင်၊ မောင်ဟန်မင်းထူးတို့၏ဘိုးဘိုးကြီးသည် ၁၂-၁-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၁း၃၀နာရီတွင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၅ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမြင့်သိန်း (ဒု-ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း)
ကုန်သွယ်/လယ်ယာ၊ စီးပွား/ကူးသန်းဝန်ကြီးဌာန
အသက်(၇၄)နှစ်

(ဦးကွန့်-ဒေါ်အေးရှင်)တို့၏သား၊ (ဦးသိမ်းညွှန့်-ဒေါ်မမလေး)တို့၏သားသမက်၊ ဗိုလ်ချုပ်ကျော်သန်း(ငြိမ်း)-ဒေါ်စိန်စိန်တို့၏ညီ၊ ဒေါ်ခင်ခင်လှိုင်(မြန်မာ့ကုန်တိုက်)၏ခင်ပွန်း၊ ဦးစိုးအောင်-ဒေါ်အေးမိကျော်တို့၏ဦးလေး၊ မောင်မင်းခန့်အောင်၏ဘိုးဘိုးလေးသည် ၁၂-၁-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၁၁း၃၀နာရီတွင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးကျော်ကျော် (ငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး၊ ကူးသန်းရောင်းဝယ်ရေးနှင့်
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
အသက်(၄၄)နှစ်

(ဦးအောင်စောလှ)-ဒေါ်စောညွန့်တို့၏ဒုတိယသား၊ ဦးတင်ထွန်းအောင်-ဒေါ်ခင်ချိုလုံးတို့၏ညီ၊ ဦးသန်းငွေ-ဒေါ်နန်းဆောင်ခမ်း၊ မစောစန္ဒာညွန့်၊ မစောသန္တာညွန့်တို့၏အစ်ကို၊ မနန်းဖူးပွင့်ခိုင်(Grade-9၊ နေပြည်တော် စိုးစံ)၏ဖခင်၊ ဒေါ်နန်းခင်ဆွေဝင်း၏ခင်ပွန်းသည် ၁၁-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် နေပြည်တော် တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀) ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁-၂၀၁၅ရက်(စနေနေ့)နံနက် ၆နာရီတွင် တိုက် ၇၂၈၊ အခန်း ၁၃၊ ပိတောက်အိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးစံထွန်းလှ (စစ်တွေ)
အသက်(၅၇)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မောလိရပ်ကွက်၊လမ(၁၂၀)နေ(ဦးထွန်းအောင်ရှိ-ဒေါ်ဦးမစိန်)တို့၏သား၊ (ဦးကျော်ဖဲလှ-ဒေါ်မဲ့နီ)တို့၏သားသမက်၊ ဒေါ်အမာတင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနေလင်းထွန်း - ဒေါ်မြင့်မြင့်ငွေ(ခ) ငွေငွေ(ဂျူလီယက်အထည်ဆိုင်၊ယုဇနပလာဇာ၊ မြေညီထပ်)၊ ဦးဘိုကျော်(ကုန်သည်)-ဒေါ်နေစုလှိုင်မိုး(ခ)မီးမီး၊ ဦးဥက္ကာမင်း(ကုန်သည်)-ဒေါ်ငြိမ်းငြိမ်းစံတို့၏ချစ်လှစွာသောဖခင်၊ မပြည့်ဖူးခိုင်၊ မသန့်နေစန္ဒီတို့၏ အဘိုးသည် ၁၁-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၁၁း၀၈နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင်အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကိုမျိုးသူရ အသက်(၃၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက်၊ လယ်သမား(၂)လမ်း၊ အမှတ် ၂၇၂နေ ဦးချစ်ခင် - ဒေါ်ခင်တုတ်တို့၏သား၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နေ ဦးမောင်တာ-ဒေါ်တင်ရီတို့၏သားသမက်၊ ဦးဝင်းစိုး-ဒေါ်စုလတ်ဖြူ၊ ဦးမြင့်နိုင်-ဒေါ်ကြည်ကြည်ငွေ၊ ဦးအောင်သူရ-ဒေါ်ညိုဝင်းတို့၏ညီ/မောင်၊ ကိုဖိုးဇော်-မလဲ့လဲ့ဝင်းတို့၏အစ်ကို၊ မစောဥမ္မာ၏ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းခန့်ကို၊ မဖုန်းခင်သော်တို့၏ဖခင်သည် ၈-၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၂၁)ရပ်ကွက်၊ ပြည်လုံးချမ်းသာ ဘုန်းတော်ကြီးကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြင့်သွင် (Dolly Singh)
(ခ)တီချယ်ကြီး
အထက(၁)မန္တလေး
အထက(၂)ကလော (ငြိမ်း)
အသက်(၈၃)နှစ်

ကလောမြို့နေ(ဦးရှမ်းဆင်-ဒေါ်တင်)တို့၏သမီးထွေး၊ရန်ကုန်မြို့နေ(ဦးထွန်းရည်-ဒေါ်ဖွားတင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာအပိုင်း(၂)၊တိုက် ၁၁၊ အခန်း၄၀၄နေ(ဦးသန်းထွန်း၊ ဆပ်ပြာ-၁)၏ဇနီး၊ (ဦးမျိုးစိုး)၊ ဦးမောင်မောင်ကြီး-ဒေါ်မင်းမင်းသန်း၊ ဦးဖေမောင်ဟိန်း-ဒေါ်ချိုချိုဇင်တို့၏မိခင်၊ မောင်ဖြိုးမောင်ဟိန်း၊ မောင်ခန့်မောင်ဟိန်း (ICEC) တို့၏ ဘွားဘွားကြီးသည် ၁၁-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၆း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(ဦးဝိစာရလမ်းရှိ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) နှင့်လှိုင်မြို့နယ်၊မြကန်သာနေအိမ်တို့မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁-၂၀၁၅ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ဦးကျော့စိန်(စစ်တွေမြို့)
သန္တာဝတ်မှုံ မိသားစု
အသက်(၈၁)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရူပမြောက်လမ်းမကြီးနေ (ဦးထွန်းစိန်ဦး-ဒေါ်အောင်ကြာဖြူ)တို့၏ သမီးကြီး၊ (ဦးကျော်ခင်၊တကက)၊ ဦးစိန်အောင်ကျော်(မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)-ဒေါ်ခင်စော(အလပြ၊ အထက-၂၊ စစ်တွေ)၊ ဦးသာနိုးအောင်(စစ်တွေအား/ကာ)-ဒေါ်ခင်သန်း၊ ဒေါ်ဝိုင်းစိန်(အထက-ကျောင်းအုပ်၊ဝါဘို၊စစ်တွေ)၊ ဒေါ်သန်းစိန်(အလပြ၊ ငြိမ်း)၊ ဦးမောင်သန်းခင် - ဒေါ်စန်းစန်းအေး(အလပြ၊ စစ်တွေ)၊ ဦးဇော်တင်အောင်-ဒေါ်သန်းယဉ် (သန္တာဝတ်မှုံ အလှပြင်ဆရာမ)၊ ဦးမောင်သန်းဝင်း၊ ဦးမောင်သန်းငွေ-ဒေါ်ခင်ဝင်း(ငါးခြောက်ပွဲရုံ၊ စစ်တွေ)၊ ဦးငွေဝင်းနိုင် (မြန်မာ့စီးပွားရေးဘဏ် ပဲခူးဘဏ်ခွဲ-၆)-ဒေါ်နုမြတ်စံ (မြန်မာ့စီးပွားရေးဘဏ်၊ မောင်တောဘဏ်ခွဲ)၊ ဦးနိုင်ဝင်းထူး၊ ဦးဇော်ဝင်းထွန်း-ဒေါ်စိုးစိုး (စစ်တွေတရားရုံး)တို့၏ မိခင်၊ မြေး ၁၀ယောက်တို့၏ အဘောင်ရှင်သည် ၁၂-၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် စစ်တွေမြို့၊ ရူပမြောက်ရပ်ကွက်နေ သန္တာဝတ်မှုံအိမ်၌ကွယ်လွန်သွားပါ၍၁၄-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိပ်တော်ကုန်းသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယကာကြီး
ဦးစိန်ဝင်း(၁၁)
အကောက်ခွန်မှူး(ငြိမ်း)
စိန်ဂျွန်းကျောင်းသားဟောင်း
အသက်(၇၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြောင်းမြလမ်း၊ အမှတ် (၆/ဘီ)နေ (ဦးထွေး - ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးတင်မြ-ဒေါ်လှကြည်)တို့၏ သားသမက်၊ ဒေါ်ခင်ခင်စိုး(ခ)ဒေါ်ဒေစီမြ၏ခင်ပွန်း၊(ဒေါ်သန်းစိန်)၊ (ဦးစိုးညွန့်-ဒေါ်မြင့်မြင့်ဝင်း)၊ (ဦးအောင်မြင့်)-ဒေါ်ခင်မမတို့၏ညီ၊ (ဦးလှငွေ)-ဒေါ်ခင်သန်းနွယ်၊ဒေါ်လှလှမြင့်၊ ဦးတင်ထွန်း-ဒေါ်သန်းနုတို့၏အစ်ကို၊ (ဦးလှမိုး)-ဒေါ်စိန်နွဲ့၊ (ဗိုလ်မှူးဘာဘာ)-ဒေါက်တာချိုနွယ်ဇင်၊ ဦးစိုးလှိုင်-ဒေါ်ကျင်စော၊ဦးအောင်ထူး-ဒေါ်သင်းသင်းနု၊ ဒေါ်ကြည်ကြည်စိန်တို့၏ အစ်ကို၊ ဗိုလ်မှူးကျော်ကျော်လင်း-ဒေါ်ထူးထူးအေး၊ ဦးခင်ဇော်ဆန်း-ဒေါ်ဆုရည်နန္ဒာတို့၏ဖခင်၊ မောင်လင်းသန့်မောင်၊ မောင်ကောင်းကောင်းတို့၏အဘိုးသည် ၁၁-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၁၁း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တပညာနန္ဒ
ဓမ္မာစရိယ၊ B.Sc (Chem)
သက်တော်(၅၁)နှစ်၊ သိက္ခာတော်(၁၆)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု၊ အောင်မင်္ဂလာကျေးရွာ၊ သာသနာ့ဂုဏ်ရည်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ် ၁၀နေ ခမည်းတော် ဦးသန်းမောင် - မယ်တော် ဒေါ်သောင်းတင် (မျိုးချစ်ကုန်စုံဆိုင်)တို့၏သား၊ (မသန်းသန်းငွေ)၏မောင်၊ ဦးတင်မင်းဟန်-ဒေါ်မြမြဝင်း၊ကိုမျိုးမင်း(ခ)ဖိုးဇော်၊ မချိုချိုသန်း၊ မရီရီမြင့်တို့၏အစ်ကိုသည် ၁၁-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်တော်အား ၁၃-၁-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် သာသနာ့ဂုဏ်ရည်ကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါသည်။ (သာသနာ့ဂုဏ်ရည်ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူ ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ရေတွင်း၊ရေကန်ဒါယကာကြီး
ဦးကြိုင် (သီတာရေစင်မိသားစု)
အသက်(၈၀)

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၊ ရွာမရပ်ကွက်၊ ရိပ်သာမြို့သစ်၊ သစ္စာလမ်း၊ သီတာရေစင်ဆန်စက်ဝင်းနေ ဒေါ်မြသွင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ဝင်း-ဒေါ်အေးအေးမော်၊ ဦးဇော်လွင်ဦး (ဒုတိယဥက္ကဋ္ဌ၊ နေကြယ်ဦးကုမ္ပဏီများအုပ်စု)-ဒေါ်ခင်ခင်ချို၊ ဦးခိုင်ဇော်ဦး(ဒါရိုက်တာ စံစုကုမ္ပဏီလီမိတက်)-ဒေါ်ခင်အေးလွင်၊ ဦးအောင်ကျော်မြင့် (ဒါရိုက်တာ ရွှေလင်းစံကုမ္ပဏီလီမိတက်)-ဒေါ်သီတာ(သီတာရေစင် ဆန်စက်)၊ ဦးညီညီဇော်-ဒေါ်အိအိခိုင်၊ ဦးအောင်ဇော်လင်း-ဒေါ်ခင်နှင်းမွန်တို့၏ ချစ်လှစွာသောဖခင်၊ ကိုသန်းဇော်ဦး-မနီနီမြင့်၊ ကိုနိုင်မိုးဇော်-မဝေဝေထွန်း၊ ကိုအောင်ငြိမ်းချမ်း-မခင်သန္တာအောင်၊ ကိုမင်းသက်ခိုင်(မန်နေဂျင်းဒါရိုက်တာ၊ နေကြယ်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ ကိုအောင်ချမ်းမြေ့ (အတွင်းရေးမှူးအဖွဲ့၊ နေကြယ်ဦးကုမ္ပဏီများအုပ်စု)၊ မမိုးပြည့်စုံခင်၊ မောင်ဖွဲ့သူရဝင်း၊ မခင်သီရိခေတ်၊ မောင်သူရဇော်ထွန်း၊ မစုမွန်ဇော်၊ မောင်လမင်း၊ မောင်အောင်ကောင်းမြတ်တို့၏အဘိုး၊ မောင်သန်းထိုက်အောင်၊ မောင်ညာဏ်ပိုင်ထွန်း၊ မောင်အောင်မြင့်မြတ်တို့၏အဘိုးသည် ၁၂-၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၅း၀၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် နတ်တလင်းမြို့ ပေါက်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
ဦးမြင့်ရွှေ (ကျိုက်ထို)
တပ်မတော်-ရေ (ငြိမ်း)
အသက်(၆၂)နှစ်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက်ပိကျေးရွာနေ (ဦးသောင်းညွန့်-ဒေါ်စောရင်)တို့၏သား၊ (ဦးစံရွှေ-ဒေါ်ဖွားကြည်)တို့၏သားသမက်၊ ဦးတင်စိန်-ဒေါ်ခင်လေး၊ ဦးသိန်းမောင်-ဒေါ်ငွေကြည်တို့၏ညီ/မောင်၊ ဦးမြင့်ကျော်၊ ဦးသိန်းထွေး-ဒေါ်ဝေ၊ ဦးဖိုးနီ-မတဆုတ်တို့၏အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေအနောက် ၅လမ်း၊ အမှတ်(၂၀/ခ)နေ ဒေါ်လှဝင်း၏ချစ်လှစွာသောခင်ပွန်း၊ (ဗိုလ်မှူးအောင်ကိုကို)-မခိုင်မာလာအောင်၊ ကိုဇော်မြင့်မြတ် (2/O MARINER Shipping)-မငုဝါဝါ၊ ကိုသော်တင့်(2/O MARINER Shipping)-မပြည့်ဖြိုးသူတို့၏ဖခင်၊ မမေမြတ်သံစဉ်၊ မောင်မြတ်သန့်ထူးလင်း၊ မရွှေရတီသော်၊ မောင်သန့်သုတ၊ မထူးမြတ်ရွှေအိမ်တို့၏ဘိုးဘိုးကြီးသည် ၁၂-၁-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၅း၃၅နာရီတွင် သာကေတမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သိန်းသိန်းမြ
ကြီးကြပ်ရေးမှူး၊ နိုင်ငံခြားစာရင်းဌာန
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
အထက(၁)ရန်ကင်း ကျောင်းသူဟောင်း
အသက်(၅၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာသုခလမ်း၊ တိုက်အမှတ် ၃၄/၇၀၊ အခန်း(A-5)နေ (ဦးသာပွင့်-ဒေါ်ညို)တို့၏သမီး၊ ဦးကြည်ဝင်း (ဌာနခွဲမှူး၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်)၏ဇနီး၊ ဦးသိန်းထွန်း(တွဲဖက်ပါမောက္ခ၊ ငြိမ်း)၏ညီမ၊ ဗိုလ်ကြီးမောင်ရွှေ(ငြိမ်း) စီးပွား/ကူးသန်းဝန်ကြီးဌာန-ဒေါ်လှကျော့ယဉ်(အထက-၃၊ ဒဂုံ၊ ငြိမ်း)၊ ဦးမျိုးအောင်(နယ်စပ်စည်ပင်)-ဒေါ်သိန်းသိန်းနု(တွဲဖက်ပါမောက္ခ၊ တောင်ကြီးတက္ကသိုလ်)၊ မစုစု၊ (ဦးထွန်းအေး)၊ မောင်ပွင့်သူအောင်-မစံပယ်မြင့် (Forever weeding dress and Photo studio)တို့၏အစ်မကြီး၊ ကိုအောင်သက်-မလဲ့လဲ့ဝင်း(ခေတ္တ-စင်ကာပူ)၊ မအောင်မေသင်း(smart Group Co.,Ltd.)တို့၏ မိခင်သည် ၁၁-၁-၂၀၁၅ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမ ဒေါ်မိုင်မွန်
အသက်(၇၈)နှစ်

အမှတ် ၁၇၀၊ ၃၁လမ်း၊ ပထမထပ်နေ ပန်းရိုးမအအေးဆိုင်ပိုင်ရှင် (အမီရ်ဟူစိန်)၏ဇနီးသည် ၁၂-၁-၂၀၁၅ရက် နံနက် ၁း၁၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် ကျိုလီယာဗလီဇဟိုရ်နာမာဇ်အပြီး ဂျနာဇာနာမဇ်ဖတ်ပြီး ရေဝေးကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း၊မဂ်ဖေရ်သ်အတွက် ဒိုအာပြုပေးကြပါ။

ကျန်ရစ်သူမိသားစု

ဦးလှထွန်းမောင်
နာရေးကူညီမှုအသင်းဝင်(စစ်တွေ)
အသက်(၆၇)နှစ်

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ တိုက်အမှတ် ၁၀/၅နေ ဦးထွန်းအောင်၏သားသည် ၁၀-၁-၂၀၁၅ရက် ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိပ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ အသင်းသားများအား သိစေအပ်ပါသည်။

နာရေးကူညီမှုအသင်း(စစ်တွေ)

ဒေါ်ကြည်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ပုသိမ်ညွန့်ရပ်ကွက်နေ (ဦးသန့်ရှင်း - ဒေါ်ထွေးမြိုင်)တို့၏ သမီး၊ (ဦးထွန်းတင်-ဒေါ်ရွှေ)တို့၏ ချွေးမ၊ (ဦးသန်းမြင့်၊ ဒု-အထွေထွေမန်နေဂျာ၊သမဝါယမပို့ကုန်/သွင်းကုန်လုပ်ငန်း)၏ဇနီး၊ ဦးအောင်ဇေယျမြင့် (ကေတုမတီကုမ္ပဏီ) - ဒေါ်ဝါဝါနိုင်၊ ဦးဝင်းသူရမြင့်-ဒေါ်လဲ့လဲ့ထွန်း၊ ဒေါ်ခင်သန္တာမြင့် (သမဝါယမဦးစီးဌာန၊ မြောက်ဥက္ကလာပ)၊ ဦးအုန်းလွင် (Y.C.D.C) - ဒေါ်သက်သက်(G.E.I ကုမ္ပဏီ)တို့၏မိခင်၊ မောင်ကျော်မင်းစိုး၊ မနှင်းပုလဲသွယ်၊ မမေသူခိုင်တို့၏ အဘွားသည် ၁၂-၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၉း၁၀နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊ အောင်ရိပ်သာ ၄လမ်း၊ အမှတ်(၆/က)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်
နေပြည်တော်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ နိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် အခြေတည်ခိုင်မာရေး၊ အနာဂတ်မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးများနှင့်ပတ်သက်၍ အမျိုးသားအင်အားစုများ လက်တွဲအကောင်အထည်ဖော်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ရန် ဖိတ်ကြားခဲ့ပါသည်။

၂။ ယနေ့ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားကိုယ်စားလှယ် ခေါင်းဆောင်များ စုစုပေါင်း ၄၈ ဦး တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ ထိုဆွေးနွေးပွဲတွင်-

(က) ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ပြုပြင်ပြောင်းလဲရေးများ ဆက်လက်ဖြစ်ထွန်းစေရေးကိစ္စ၊

(ခ) ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအခြေခံသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရေးကိစ္စ၊

(ဂ) လွတ်လပ်၍တရားမျှတသော ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ပြီး ညင်သာသော အသွင်ကူးပြောင်းမှု နိုင်ငံရေးလုပ်ငန်းစဉ်များ ပေါ်ပေါက်ရေးနှင့် ကျန်ရှိနေသေးသည့် ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုရှိရေးကိစ္စတို့ အပါအဝင် နိုင်ငံရေးကိစ္စရပ်များကို ရှုထောင့်အသီးသီးမှ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးအဖြေရှာခဲ့ကြပါသည်။

၃။ ယခုကဲ့သို့သော တွေ့ဆုံဆွေးနွေးပွဲများကို အချိန်အခါနှင့် အခြေအနေပေါ်မူတည်ပြီး အားလုံးညှိနှိုင်း၍ ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ရေလွှမ်းမိုးမှုကိုတားဆီးပေးမည့် ကုလားတန်မြစ်ဝ ပြုပြင်တည်ဆောက်ရေးလုပ်ငန်း စတင်ဖော်ဆောင်

ရေကြီးရေလျှံမှုကိုကာကွယ်နိုင်ရန် ကုလားတန်မြစ်ဝ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ဤသို့ တွေ့ရသည်။

သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဇန်နဝါရီ ၁၂

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ဦးဆောင်ပြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မိုးတွင်းကာလများ၌ နှစ်စဉ် ရေကြီးရေလျှံမှုကို ဖြစ်ပေါ်လေ့ရှိသည့် စစ်တွေမြို့ မြို့လယ်ချောင်းနှင့် ကုလားတန်မြစ်ဝ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော် လုပ်ဆောင်နေပြီဖြစ်သည်။

"ဒီလုပ်ငန်းကို လုပ်ဖြစ်တာကတော့ အရင်ဘီလူးမတံတား အထက်ဘက် မြို့တွင်းရေကြီးရေလျှံမှု နှစ်စဉ်ဖြစ်နေတာကို မြို့သန့်ရှင်းသာယာရေးအတွက် ကျွန်တော်တို့ကုမ္ပဏီက စေတနာနဲ့ ကူညီလုပ်ဆောင်ပေးတာကနေ လုပ်ဆောင်ဖြစ်တာပါ။ ပြီးခဲ့တဲ့ မိုးတွင်းက မြို့တွင်းရေကြီးရေလျှံ

စာမျက်နှာ ၉ ကော်လံ ၇ ❍

MNL ပွဲစဉ်(၁)ကို လေ့လာခြင်း

သတင်းမှတ်စု
ရဲရင့်ရှိုင်း
ဓာတ်ပုံ
ဖိုးသော်ဇင်

၂၀၁၅ ရာသီ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁) ကို ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်က စတင်ကျင်းပသည်။ ယခုတစ်ပတ်ကျင်းပခဲ့သော ပွဲစဉ်(၁) ၏ ခြောက်ပွဲတွင် နှစ်ပွဲသာအရှုံးအနိုင်ပေါ်ခဲ့ပြီး သရေပွဲမှာ လေးပွဲအထိရှိခဲ့သည်။

ပွဲတစ်ပွဲကိုကြည့်ပြီး အသင်းများ၏ခြေစွမ်းကို သုံးသပ်လျှင် စောလွန်းသည်ဟု ပြောနိုင်သည်။ သို့သော် ရာသီအကြိုပြင်ဆင်မှုများနှင့် ပွဲဦးထွက်ကစားသွားသည့် ခြေစွမ်းနှင့် ရလဒ်မှာမူ မျှော်မှန်းထားသည့် အနေအထားအတိုင်း မဖြစ်မှာသေချာသည်။ MNL အသင်းကြီးများဖြစ်သည့် ရတနာပုံ၊ ကမ္ဘောဇနှင့် ဇေယျာရွှေမြေအသင်းတို့ အဖွင့်ပွဲတွင် ရလဒ်မကောင်းဘဲ သရေတစ်မှတ်စီသာ ရယူနိုင်ခဲ့သည်။ အနိုင်ရနိုင်သည့် အနေအထားမျိုးရှိသော်လည်း ပုံစံကောင်းမရခြင်း၊ အသစ်ခေါ်ယူထားသည့် ကစားသမားများ အံမဝင်သေးခြင်းနှင့် အဆုံးသတ်အားနည်းမှုများကြောင့် နိုင်ပွဲနှင့်ဝေးခဲ့ရခြင်း ဖြစ်သည်။ ချန်ပီယံဟောင်းရန်ကုန်အသင်းနှင့် ဧရာဝတီအသင်းတို့မှာမူ ယခုတစ်ပတ်အနိုင်ရခဲ့သည့်အသင်းနှစ်သင်း ဖြစ်ခဲ့သည်။

မှန်းချက်နှင့်နှမ်းထွက်မကိုက်ခဲ့သည့်အသင်းကြီးများ

MNL ရာသီအဖွင့်ပွဲမှာ အသင်းကြီးအများစု အမှတ်များဆုံးရှုံးခဲ့သည်။ ပြည်တွင်းပြည်ပကစားသမားကောင်းများစွာခေါ်ယူပြီး အသေအချာ ပြင်ဆင်ထားသည့် လက်ရှိချန်ပီယံရတနာပုံအသင်း၏ အဖွင့်ပွဲသည် အိမ်ကွင်း၌ မလှမပဖြစ်ခဲ့သည်။ သရေရလဒ်ဆိုသည်ထက် ပြောချင်သည်က ခြေစွမ်းပိုင်းဖြစ်သည်။ နိုင်ငံခြားသားအသစ်နှစ်ဦး ခေါ်ထားသည်၊ ပြည်တွင်းမှ လက်ရွေးစင်အဆင့်

စာမျက်နှာ ၇ ကော်လံ ၁ ✽

လက်ရှိချန်ပီယံရတနာပုံနှင့် မကွေးတို့ ယှဉ်ပြိုင်နေစဉ်။

ယနေ့ မာတိကာ

ဂါဇာကမ်းမြောင်စစ်မဲ့ဇုန် တစ်လျှောက် အီဂျစ်က နေအိမ် ၂၀၀၀ ကျော်ဖြိုချ
စာမျက်နှာ » ၄

တောင်ငူမြို့ မြို့မဈေးကြီး ရုံ(၁၅)ရှိ ခေါင်မိုးသွပ်နှင့် ရေတံလျှောက်ကြားတွင် လက်ပစ်ဗုံးတွေ့ရှိ
စာမျက်နှာ » ၁၂

စပိန်ဘုရင့်ဖလား ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များ
စာမျက်နှာ » ၁၃

သက်တမ်းငါးနှစ်ပြည့် သံဖြူဇရပ်ဗီဇိတဒါနဆေးရုံ
စာမျက်နှာ » ၁၅

ဦးပိန်တံတားရောက် နိုင်ငံခြားသားခရီးသည်များ မြန်မာ့လက်မှုအနုပညာ ပစ္စည်းများ နှစ်သက်စွာဝယ်ယူ
စာမျက်နှာ » ၁၆

မိတ်ဟောင်း၊ မိတ်သစ်များအားလုံး ပျော်ရွှင်သော နှစ်သစ်ဖြစ်ပါစေကြောင်း CREATiVE မိသားစု မှ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်

CREATiVE WEB STUDIO
PROGRESSIVE WEB TECHNOLOGY

- Web Development
- Mobile Application Development
- Multimedia
- Social Media Marketing
- e-commerce
- Graphic Design
- Logo Design

Building 6, Room 3, MICT Park, Universities Hlaing Campus ,Hlaing Township (11052), Yangon, Myanmar. Phone: (951) 507 051, 507 049, email:info@creative-webstudio.com, website:www.creative-webstudio.com

မြန်မာ့အလင်း

mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS